# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၅၈)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက် | ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်၊ ကြာသပတေးနေ့။


**တစ်ခုပညာ ကုန်စင်အောင်တတ်ဖို့ ကြိုးစားပါ**

နှုတ်မှုပညာကိုဖြစ်စေ၊ လက်မှုပညာကိုဖြစ်စေ သေးငယ်သည်ဟု မအောက်မေ့ မထင်မှတ်ရာ၊ ကုန်စင်အောင်တတ်မှု တစ်ခုပညာသာတတ်သော်လည်း အသက်မွေးဝမ်းကျောင်း ဖြစ်သည်သာ။

# စိန်ခေါ်မှုများကျော်လွှားရန် နိုင်ငံရေးအင်အားစုများအားလုံး စုစည်းကြိုးပမ်းမှသာ အောင်မြင်မည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီခေါင်းဆောင်များနှင့်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**ရန်ကုန် နိုဝင်ဘာ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ နိုင်ငံရေးပါတီခေါင်းဆောင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ(၆၇) ပါတီမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရ စတင်တာဝန်ယူသည့်အချိန်မှစပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေး အောင်မြင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍစုံပြုပြင်ပြောင်းလဲရေးများကိုအားလုံးလွှမ်းခြုံမှုရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပထမအဆင့်အနေဖြင့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ချောချောမွေ့မွေ့ဖြစ်စေရန်အတွက် နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုများ များစွာပြုလုပ်ခဲ့ပါကြောင်း၊ ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမည့် အုပ်ချုပ်မှုစနစ်များကိုလည်း ပြုပြင်ပြောင်းလဲမှုများ လုပ်ခဲ့ရပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ပထမလှိုင်း၊ ဒုတိယလှိုင်းနှင့်ယခုအခါမှာ တတိယလှိုင်းကို လက်တွေ့ကျကျ အကောင်အထည်ဖော်နေခြင်း ဖြစ်ပါကြောင်း။

*စာမျက်နှာ ၈ ကော်လံ ၁* ❁

**လက်ရှိဆောင်ရွက်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်များမှ ပေါ်ထွက်လာမည့် နိုင်ငံရေးဆွေးနွေးမှုများသည်လည်း တိုင်းရင်းသားနိုင်ငံရေးအင်အားစုများအားလုံး၏ နိုင်ငံရေးသဘောတူညီချက်များကိုထင်ဟပ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များ ပါဝင်လာမည်ဖြစ်**

**■ ပြည်တွင်း**

**ပိုမိုကျယ်ပြန့်သော အမျိုးသားနိုင်ငံရေးပါတီအင်အားစုများနှင့်တွေ့ဆုံမှုမှသည် အနာဂတ်ဒီမိုကရေစီလူ့ဘောင်သစ်ဆီသို့**

စာမျက်နှာ ❖ ၇

**■ နိုင်ငံတကာ**

**ဟဂူဆန်သေနတ်ပစ်ခတ်မှုအပေါ် မကျေနပ်၍ အမေရိကန်နိုင်ငံတစ်ဝန်း ဆန္ဒပြမှုများဖြစ်ပွား**

စာမျက်နှာ ❖ ၁၀

**■ အားကစား**

**ချန်ပီယံလိဂ်သမိုင်း ဂိုးအများဆုံးသွင်းသူ မက်ဆီဖြစ်လာ**

စာမျက်နှာ ❖ ၁၃

**ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အမြန်လမ်းပေါ်မှာ ယာဉ်အန္တရာယ်ကင်းစေဖို့

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး စတင်ဖွင့်လှစ်ချိန်မှစ၍ ဖြတ်သန်းသွားလာသည့် ယာဉ်အရေအတွက် တဖြည်းဖြည်းတိုးပွားလာလျက်ရှိရာ ယခုအခါ နေ့စဉ်ယာဉ်စီးရေ ၃၃၀၀၀ ကျော်အထိ ဖြတ်သန်းသွားလာလျက်ရှိသည်။ ထိုသို့ အမြန်လမ်းမတစ်လျှောက် ယာဉ်သွားလာမှုများပြားလာသည်နှင့်အမျှ ယာဉ်မောင်းများ၏ ပေါ့လျော့စွာမောင်းနှင်မှု၊ မဆင်မခြင်မောင်းနှင်မှု၊ အရှိန်ပြင်းစွာမောင်းနှင်မှု၊ မကျွမ်းကျင်မှု၊ ယာဉ်မောင်းနှင့် ယာဉ်ကြွခိုင်မှုအားနည်းမှု စသည့်အကြောင်းများကြောင့် ယာဉ်မတော်တဆမှုများ ပိုမိုဖြစ်ပွားလျက်ရှိပါသည်။

အမြန်လမ်းတစ်လျှောက်ဖြစ်ပွားသော ယာဉ်မတော်တဆမှုများကို စိစစ်ရာတွင် ၂၀၁၂ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၁၀၃ မှု၊ သေဆုံးသူ ၅၇ ဦး၊ ဒဏ်ရာရသူ ၁၈၆ ဦး၊ ၂၀၁၃ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၂၅၉ မှု၊ သေဆုံးသူ ၁၁၃ ဦး၊ ဒဏ်ရာရသူ ၆၂၂ ဦးနှင့် ၂၀၁၄ ခုနှစ်အတွင်း နိုဝင်ဘာ ၁၄ ရက်အထိ ယာဉ်မတော်တဆမှု ၃၆၂ မှု၊ သေဆုံးသူ ၁၂၈ ဦး၊ ဒဏ်ရာရသူ ၇၂၇ ဦးရှိခဲ့သည့်အတွက် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နှစ်စဉ်ယာဉ်မတော်တဆမှုများ ပိုမိုဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများအနက် လိုက်ထရပ်(ခေါ်)အပေါ်စားကုန်တင်ယာဉ်ငယ်များ ယာဉ်တိုက်မှုပမာဏမှာ စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်ကြောင်း တွေ့ရှိရသည်။ ၂၀၁၂ ခုနှစ်အတွင်း လိုက်ထရပ်ယာဉ်တိမ်းမှောက်မှု ခုနစ်ကြိမ်ဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ဒဏ်ရာရသူ ၄၇ ဦးရှိခဲ့သဖြင့် ယာဉ်မတော်တဆမှုအားလုံး၏ ၆ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပွားခဲ့သည်။ ၂၀၁၃ ခုနှစ်အတွင်း လိုက်ထရပ်ယာဉ်မတော်တဆမှု(၄၂) ကြိမ်ဖြစ်ပွားခဲ့ပြီး ၁၃ ဦးသေဆုံးကာ ၂၁၉ ဦးဒဏ်ရာရခဲ့သဖြင့် ယာဉ်မတော်တဆမှုအားလုံး၏ ၁၆ ရာခိုင်နှုန်းကျော် ဖြစ်ပွားခဲ့သည်။ ထို့အတူ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၇ ရက်အထိ လိုက်ထရပ်ယာဉ်မတော်တဆမှုပေါင်း ၄၆ မှုဖြစ်ပွားခဲ့ပြီး ၁၄ ဦးသေဆုံးကာ ၁၇၂ ဦး ဒဏ်ရာရရှိခဲ့သဖြင့် ယာဉ်မတော်တဆမှုအားလုံး၏ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လိုက်ထရပ်ယာဉ်ကြောင့်ဖြစ်ပွားသော ယာဉ်မတော်တဆမှုများတွင် ယာဉ်ပေါ်တွင်လိုက်ပါသူ အရေအတွက်များပြား၍ ဝန်ချိန်ပမာဏများပြားကာ ထိန်းကျောင်းရန်မလွယ်ကူခြင်း၊ သတ်မှတ်အမြန်နှုန်းထက်ပိုမောင်းခြင်း၊ ယာဉ်ကိုယ်ထည်အောက်ပိုင်း ကြွခိုင်မှုအားနည်းခြင်းနှင့် ယာဉ်မောင်းအိပ်ငိုက်ခြင်းတို့ကြောင့်ဖြစ်ရကြောင်း လေ့လာတွေ့ရှိရသည်။

သို့ပါ၍ အမြန်လမ်းမပေါ်တွင် ယာဉ်အန္တရာယ်လျော့နည်းစေရေးအတွက် သတိပြုမောင်းနှင်ရန် လိုအပ်ပါသည်။ အထူးသဖြင့် လိုက်ထရပ်ယာဉ်များ တစ်နာရီကီလို ၈၀ အထိသာ မောင်းနှင်သင့်ပါသည်။ လိုက်ထရပ်ယာဉ်များပေါ်တွင် ကုန်နှင့်လူများ အလေးချိန်များစွာတင်ဆောင်၍ မောင်းနှင်ခြင်းမပြုရန်လိုပါသည်။ ထို့အပြင် ယာဉ်၏ကိုယ်ထည်အောက်ပိုင်းနှင့် တာယာများကြွခိုင်မှု အပြည့်အဝရှိစေရန် အမြဲမပြတ်စစ်ဆေးကာ ယာဉ်မောင်းများကျွမ်းကျင်စွာ မောင်းနှင်ခြင်းဖြင့် ယာဉ်အန္တရာယ်မှကင်းဝေးစေမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# နိုင်ငံသားများ ကောင်းမွန်သောဆက်သွယ်ရေးဝန်ဆောင်မှုများကို သက်သာသောဈေးနှုန်းဖြင့် ဆောင်ရွက်ပေး

**နေပြည်တော် နိုဝင်ဘာ ၂၆**

(၁၃)ကြိမ်မြောက် အေပီတီအထွေထွေညီလာခံ (The 13th Session of the General Assembly) နှင့် (၃၈)ကြိမ်မြောက် အေပီတီစီမံခန့်ခွဲမှုကော်မတီ (The 38th of the Management Committee) အစည်းအဝေးတို့ကို မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် နိုဝင်ဘာ ၂၄ ရက် မှ ၂၉ ရက်အထိ ရန်ကုန်မြို့ Sule Shangri-La Hotel တွင် လက်ခံကျင်းပရာ အခမ်းအနားသို့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းနှင့်အတူ အေပီတီကြေးနန်းဆက်သွယ်ရေးအဖွဲ့၊ အထွေထွေအတွင်းရေးမှူးချုပ် Mr.Toshiyuki Yamada၊ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်နှင့် အေပီတီအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများကိုလည်း ရရှိလျက်ရှိကြောင်း၊ အေပီတီ၏ အဓိကရည်ရွယ်ချက်တစ်ချက် ဖြစ်သည့် ဒေသတွင်းဆက်သွယ်ရေးဝန်ဆောင်မှုများ တိုးတက်ရေးနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှင့်တင်ပေးရန်ဟူသောအချက်မှာ မြန်မာနိုင်ငံ၏ရည်မှန်းချက်နှင့် အထူးကိုက်ညီမှုရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆက်သွယ်ရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားများအနေဖြင့် ကောင်းမွန်သော ဆက်သွယ်ရေးဝန်ဆောင်မှုများကို သက်သာသောဈေးနှုန်းဖြင့် ရရှိနိုင်ရေးရည်မှန်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အေပီတီ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုများအား များစွာကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း၊ အာရှပစိဖိတ်ဒေသ အိုင်စီတီအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် တိကျသည့် မူဝါဒများ သတ်မှတ်ပြီးဖြစ်ကြောင်း ပြောကြားသည်။

Asia-Pacific Telecommunity (အေပီတီ)သည် အာရှပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံများ၏ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၇၉ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော အဖွဲ့အစည်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံပေါင်း ၃၈ နိုင်ငံ၊ Associate Member နိုင်ငံပေါင်း လေးနိုင်ငံနှင့် Affiliate Members အဖွဲ့အစည်းပေါင်း ၁၃၂ ခုဖြင့် ဖွဲ့စည်းထားသည့် အိုင်တီယူ၏ ဒေသတွင်းဆက်သွယ်ရေးဆိုင်ရာ အဖွဲ့အစည်းခြောက်ခုတွင် အကြီးဆုံးအဖွဲ့အစည်းဖြစ်သည်။ မြန်မာနိုင်ငံသည် အေပီတီစတင်ဖွဲ့စည်းစဉ်ကပင် ပါဝင်ခဲ့သည့် Founder Member နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အေပီတီသည် အာရှ-ပစိဖိတ်နိုင်ငံများအားကိုယ်စားပြု၍ ဒေသအတွင်း နိုင်ငံများ၏ အဆိုပြုချက်များ၊ အစီအစဉ်များအား အိုင်တီယူ၏ Meeting များတွင် အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခြင်းဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အေပီတီ၏ လုပ်ငန်းစဉ်များတွင် အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ စသည်တို့ပါဝင်သည်။ အေပီတီအထွေထွေညီလာခံအား သုံးနှစ်လျှင်တစ်ကြိမ် ကျင်းပလေ့ရှိပြီး မြန်မာနိုင်ငံအနေဖြင့် အေပီတီအထွေထွေညီလာခံ၏ President ရာထူးတာဝန်အား ၂၀၁၅ မှ ၂၀၁၇ ခုနှစ်အထိ သုံးနှစ်တာ တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။

အဆိုပါ အစည်းအဝေးများ ကျင်းပခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမှ အတွေ့အကြုံများကို လေ့လာနိုင်မည်ဖြစ်၍ မြန်မာနိုင်ငံ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်နိုင်ကြောင်း သတင်းရရှိသည်။

**မြန်မာ့အလင်း**



# ဘုရားကြီးမြို့ မြို့အုပ်ချုပ်ရေးမှူးရုံးဖွင့်

**ပဲခူး နိုဝင်ဘာ ၂၆**

ပဲခူးမြို့နယ် ဘုရားကြီးမြို့ အုပ်ချုပ်ရေးမှူးရုံးတွင် နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက မြို့အုပ်ချုပ်ရေးမှူးရုံးဖွင့်ပွဲကျင်းပရာ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်းနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်း၊ ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဘုရားကြီးမြို့နေပြည်သူများ စုစုပေါင်း အင်အား ၁၀၀ခန့် တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးက ဘုရားကြီးစံပြကျေးရွာသည် ယခုအခါ မြို့ဖြစ်သွားသဖြင့် ဘုရားကြီးမြို့ရှိ ပြည်သူများက မြို့အင်္ဂါရပ်နှင့်အညီ စည်းကမ်းရှိစွာနေထိုင်ရန် ပြောကြားပြီး မြို့အုပ်ချုပ်ရေးမှူးရုံးကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဘုရားကြီးမြို့ အုပ်ချုပ်ရေးမှူး ဦးသီဟနေသွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**




# ရော်ဘာခြံကွင်းသရုပ်ပြ

**ရေး နိုဝင်ဘာ ၂၆**

ရေးမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ကြီးမှူးကျင်းပသော ရော်ဘာခြံသစ် တည်ထောင်ခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက တူးမြောင်းကျေးရွာအုပ်စု ရော်ဘာခြံရှင် ဦးအောင်မြင့်၊ ဦးကျော်ရွှေတို့၏ ရော်ဘာခြံအတွင်း၌ သရုပ်ပြပွဲကိုကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲ၌ ရော်ဘာစိုက်ပျိုးရာတွင် ပင်ကြားတန်းကြားအကွာအဝေး ဖူးဆက်ရော်ဘာပျိုးပင်များဖြင့် စိုက်ပျိုးရေးဒေသနှင့် ကိုက်ညီ PB206 BPM 24 ဖူးဆက်ပျိုးပင်များဖြင့် လက်တွေ့စိုက်ပျိုးသရုပ်ပြခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်၊ စက်မှုသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်မျိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကော်မတီ လေးရပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

**ဂန္ဓဝင်ရွှေပုဂံ Travels & Tours**

No.67, Baho Rd,Sanchaung,Ph: 01-500191,519292, 510218,510491 519300,519360
Hote Line : 09-73003772
81 Rd,Bet 33 x 34 Street, Mandalay. Ph: 09-73013856,09-31693339

| | | | |
|---|---|---|---|
| ဗန်ကောက် | USD 650 | ဗီယက်နမ် | USD 1000 |
| စင်ကာပူ (၄ညအိပ်-၅ရက်) | USD 890 | မော်လဒိုက် | USD 1350 |
| ဖူးခက် + ဗန်ကောက် | USD 1100 | ထိုင်ဝမ် | USD 2600 |
| ဘာလီ | USD 1000 | ဂျပန် | USD 3200 |
| ဘူတန် | USD 2700 | ကိုရီးယား | USD 2100 |
| စင်ကာပူ+မလေးရှား | USD 1300 | ရုရှား | USD 3500 |
| ဗီယက်နမ် + ကမ္ဘောဒီးယား | USD 1300 | အမေရိကန် | USD 4500 |
| ပီကင်း + ရှန်ဟိုင်း | USD 1200 | ဩစတြေးလျ | USD 4500 |
| ဟောင်ကောင် + မကာအို+ကွမ်ကျိုး | USD 1500 | ဥရောပ (၇) နိုင်ငံ | USD 4800 |



ကုမ္ပဏီ၊ အဖွဲ့အစည်းများအား Corporate နှုန်းဖြင့် ရောင်းပေးနေပါသည်။ လူကြီးမင်းတို့ သီးသန့်စိတ်ကြိုက်ပုံဖော်ခရီးစဉ်များကို ဂန္ဓဝင်ရွှေပုဂံ၏ အတွေ့အကြုံများဖြင့် အမှန်ကန်ဆုံးလမ်းကြောင်းရွေးပေးပါသည်။ ကမ္ဘာအနှံ့ခရီးစဉ်များနှင့် ပက်သက်၍ မိမိသိလိုသမျှကို အချိန်မရွေးပေးမြန်းနိုင်ပါသည်။

**အက်တိုလို ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ**
အမှတ်(၉၄)၊ ပထမထပ်၊ လမ်း-၃၀ (အောက်လမ်း)၊ ရန်ကုန်။
Find us on Facebook : www.facebook.com/attollotravel
ATTOLLO Travel & Tours

| အင်္ဂကောက်တောင် | ကျောက်ပီ-မဲလဲ | ဘားအံ-ဇွဲကပင် | ခမော်လမြိုင် |
|---|---|---|---|
| Nov 29, Dec 6 | Nov 29 | Dec 6 | Dec 20 |

| ချောင်းသာ | ပုဂံ-ပုပ္ပါး | တောင်ကြီး | ငြင်ဦးလွင် | ကျိုက်ထီးရိုး |
|---|---|---|---|---|
| Dec 19 | Dec 19 | Dec 24 | Dec 24 | Dec 25 |

PH : 01-389187 —— HOT LINE —— PH : 09-32109138

**တိုက်ခန်းငှားမည်**
(၃၅ပေ×၆၅ပေ) အကျယ် ပြင်ဆင်ပြီး ရွှေဘုံသာအထက်လမ်း ရဲရိပ်သာပထမထပ် ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၀၉-၈၆၃၆၃၂၇၊
၀၉-၅၀၁၃၆၄၈

**ဖခင်အမည်မှန်**
ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အ. ထ. က(၅)၊ အဌမတန်း(D)မှ မချိုမာလွင်၏ ဖခင်အမည်မှန်မှာ ဦးအေဘာလှဆောင်း (BTG 213684)ဖြစ်ပါကြောင်း။
ဦးအေဘာလှဆောင်း

စာအုပ်စာပေ လူ့မိတ်ဆွေ

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

ပြည်တွင်းသတင်း

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကော်မတီ၊ ကော်မရှင်များ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်အမှာစကားပြော

နေပြည်တော် နိုဝင်ဘာ ၂၆

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင် အစည်းအဝေးခန်းမ၌ကျင်းပသည့် ကော်မတီ၊ ကော်မရှင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခင်အပတ် အစည်းအဝေး ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြကာ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကော်မတီ၊ ကော်မရှင်များ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ထောက်ရှာတန်းကျေးရွာ အလယ်တန်းကျောင်းဆောင်သစ် ပေးအပ်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၆**

နိုင်ငံတော်မဟာကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မရံသီဆရာတော် ဘဒ္ဒန္တသုနန္ဒလှူဒါန်းသည့် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ထောက်ရှာတန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ပညာရောင်ခြည် ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ လှိုင်နံ့သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုစိတ္တအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။



ရှေးဦးစွာ ဩဝါဒပရိသတ်များက ဓမ္မရံသီဆရာတော် ဘဒ္ဒန္တသုနန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်များရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကိုနာယူကြပြီး ထောက်ရှာတန်းကျေးရွာရှိ အသက် ၇၀ ကျော် အဘိုးအဘွားများကို လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် ကျောင်းဆောင်သစ်ပေးအပ်ပွဲအခမ်းအနားကိုကျင်းပရာ ထောက်ရှာတန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ပညာရောင်ခြည်ကျောင်းဆောင်သစ်ကို ဓမ္မရံသီဆရာတော် ဘဒ္ဒန္တသုနန္ဒ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော် မဟာကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မရံသီဆရာတော် ဘဒ္ဒန္တသုနန္ဒက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ဩဝါဒကထာမိန့်ကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးအတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြား၍ စာသင်ကျောင်းရေရှည်တည်တံ့ရေးနှင့် ထူးချွန်ထက်မြက်သည့် ကျောင်းသားကျောင်းသူများ ပေါ်ထွန်းလာရေး လေ့ကျင့်မွေးမြူကြရန် ဆရာ ဆရာမများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် ဓမ္မရံသီဆရာတော်က ပညာရောင်ခြည်ပင်မ စာသင်ဆောင်နှင့် ပညာရေးသင်ထောက်ကူပစ္စည်း လှူဒါန်းမှုမော်ကွန်းလွှာကို ပညာရေးဝန်ကြီးဌာန အခြေခံဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်က လက်ခံရယူပြီး ဓမ္မရံသီ ဆရာတော်အားဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဒါန်းမှုကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်များက ပညာရေးသင်ထောက်ကူ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြပြီး ဓမ္မရံသီဆရာတော် ဟောကြားချီးမြှင့်တော်မူသော သာဓုအနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ ကျောင်းဆောင်သည် အလျားပေ ၄၄၀၊ အနံ ၃၀ ပေ၊ အမြင့် ၁၆ ပေရှိ အုတ်ညှပ်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း အမျိုးအစားဖြစ်ပြီး စာသင်ခန်း ၁၂ ခန်း၊ ရုံးခန်း နှစ်ခန်းနှင့် နားနေဆောင်များပါရှိသည်။ ထို့အပြင် ယင်းကျောင်းဆောင်နှင့်အတူ စာသင်ခုံ ၁၆၈ စုံ၊ ယင်လုံအိမ်သာ ၁၀ လုံး၊ ဂါလန် ၁၆၀၀ ဆံ့ ရေစင်နှင့် အခြားပရိဘောဂပစ္စည်းများအားလုံးပါဝင်ပြီး ညစာကြည့်ဝိုင်းများပြုလုပ်နိုင်ရန် ဆိုလာမီးအလင်းပေးစနစ်ပါဝင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီဝန်ကြီး မစ္စတာနီကိုလိုင်၊ ပီ၊ ပက်ထရစ်ရှက်ဖ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်သစ်တွေ့

**နေပြည်တော် နိုဝင်ဘာ ၂၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အသစ်ဖြစ်သူ ဒေါက်တာဂျေ အမ် လူနာအား နိုဝင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌တွေ့ဆုံရာ ၎င်း၏ခန့်အပ်လွှာအား ပြည်ထောင်စုဝန်ကြီးထံသို့ ပေးအပ်ခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြား ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှအောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၆**

၂၀၁၄-၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၉၉ ဒသမ ၂၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၇ ဒသမ ၂၂ သန်းနှင့်စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၂၆ ဒသမ ၄၅ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၃၄ ဒသမ ၃၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၈ ဒသမ ၉၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၄၃ ဒသမ ၂၆ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် အောက်တိုဘာလအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာအမေရိကန်ဒေါ်လာ ၃၁၆ ဒသမ ၈၁ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ်ဧပြီလမှ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၄၉၉ ဒသမ ၆၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၇၂ ဒသမ ၆၇ သန်းနှင့်စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၈၇၂ ဒသမ ၃၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၃၀၆ ဒသမ ၄၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၈၂ ဒသမ ၃၅ သန်းနှင့်စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၅၈၈ ဒသမ ၈၃ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်ဧပြီလမှ အောက်တိုဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၇၁၆ ဒသမ ၄၉ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရသည်။ **(မြန်မာ့အလင်း)**

တစ်နှစ်ထက်တစ်နှစ် အကောင်းဆုံးဖြစ်အောင် ဝန်ဆောင်မှုပေးနေသည်မှာ 7Stars ရဲ့အစဉ်အလာ
7stars( ရာထူးဝင်သင်တန်းကြီး )
လူမှုဝန်ထမ်း (ဒု-ဦးစီးမှူး) ၊ ထွေ/အုပ်
လ/ထဆရာဝန် ၊ သွားဆရာဝန်
(၂၀၁၅ ခုနှစ်လတွင်ဖြေဆိုမည့်ရာထူးများ)
အပြည့်စုံဆုံးမှတ်စုများအား ရောင်းချပေးနေပါပြီ။
တိုက်(18 / 3B)၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.421052736, 09.49282366, 09.49653992

ဦးနေအောင်ကျော် A (Tu Tu - Su Su)
(၆-၆-၂၀၁၅)ဖြေဆိုမည့် အလုပ်ဝင်ခွင့်များအားလုံး
လူမှုဝန်ထမ်း၊ကာယ်ဆယ်ရေး-ဒုဦးစီးမှူး
သင်တန်းစတော့မည်။
၁၀၆၊စဉ့်အိုးတန်းလမ်း၊လသာ။ ဖုန်း-250727,09-5163884

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် အများပြည်သူသွားလာမှု အဆင်ပြေချောမွေ့စေရေး အလုပ်ရုံဆွေးနွေးပွဲ(၂)

ရန်ကုန်မြို့၏အများပြည်သူသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် နိုဝင်ဘာ ၁ရက်က ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၏ဖော်ထုတ်ချက်များကို ယခုအခါ အကောင်အထည်ဖော်လျက်ရှိပါသည်။ ၎င်းအချက်များအနက် ဘတ်စ်ကားစနစ်များ ပြောင်းလဲရေးအတွက် အများပိုင်ကုမ္ပဏီထူထောင်ရေး၊ School Bus စနစ်၊ ကား Parking များ တည်ဆောက်ရေးနှင့် ဦးစားပေးလုပ်ဆောင်သင့်သည့်အချက်များအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များ၊ လက်ရှိအဆိုပါလုပ်ငန်း လုပ်ကိုင်နေသူများ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်ဆွေးနွေးပေးကြပါရန် ဖိတ်ခေါ်ပါသည်။

**ပြုလုပ်မည့်နေရာ - UMFCCI ၊ မင်္ဂလာခန်းမ**
**ပြုလုပ်မည့်ရက်** - ၂-၁၂-၂၀၁၄ရက်(အင်္ဂါနေ့)
**ပြုလုပ်မည့်အချိန်** - နံနက် ၉း၃၀နာရီမှမွန်းလွဲ ၁၂း၃၀ နာရီ

**ကြိုတင်စာရင်းပေးလိုပါက ဖုန်း-၀၁-၃၇၈၇၉၈ နှင့် ၀၁-၂၃၀၁၂၁၁ တို့သို့ ဆက်သွယ်ပါရန်။**

ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ပထမခြောက်လပတ်လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှုနှင့်စပ်လျဉ်း၍ရှင်းလင်း

နေပြည်တော် နိုဝင်ဘာ ၂၆

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အဆောက်အအုံ၌ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့သော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများ၏ ပထမခြောက်လပတ်လျာထားချက် အပေါ် အခွန်ကောက်ခံရရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းတင်ပြသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့နောက် သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက“**၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စတင်သည့်ကာလမှစ၍ တပ်မတော်သားနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအပါအဝင် နိုင်ငံ့ဝန်ထမ်းများ ကိုယ့်ဂုဏ် ကိုယ့်သိက္ခာနှင့် လျော်ညီသည့် သင့်တင့်မျှတသော လစာသစ်များ ဖြစ်ပေါ်ရရှိရေးအတွက် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရတို့အား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် လွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်သင့်သည့် စီမံကိန်းအသစ်များကိုသာ ဆောင်ရွက်ရေးနှင့် ဆောင်ရွက်ဆဲစီမံကိန်းများကို စိစစ်ပြီး ထိုစီမံကိန်းများ ဆက်လက်လုပ်ဆောင်နိုင်ရန် လိုအပ်မှု၊ အခက်အခဲများကို မှန်ကန်စွာ စိစစ်သုံးသပ်ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ မည်သို့စီမံဆောင်ရွက်ထားသည်ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း**” အရေးကြီးအဆိုတစ်ခုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာက ထောက်ခံဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဦးဝင်းရှိန်တို့က အဆိုတင်သွင်းမှုအပေါ် ဝန်ကြီးဌာနများအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ရှင်းလင်းဆွေးနွေးရာတွင် သာပေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်း တင်ပြသော အရေးကြီးအဆိုပါ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အမျိုးသားအကျိုးစီးပွားနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မေခရိုစီးပွားရေးဆိုင်ရာလုပ်ငန်းရပ်များကို နှစ်ရှည်၊ နှစ်တို၊ နှစ်စဉ်စီမံကိန်းများ ချမှတ်ပြီး စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ခုနှစ်သည် နိုင်ငံတော်၏ ပထမ ငါးနှစ်စီမံကိန်း ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ၏ နောက်ဆုံးနှစ်၊ နှစ်စဉ်စီမံကိန်းကို လျာထားဆောင်ရွက်ရသောနှစ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၅-၂၀၁၆ စီမံကိန်းသည် ပထမငါးနှစ်စီမံကိန်း၏ အနှစ်ချုပ်နှစ်ဖြစ်သကဲ့သို့ ဒုတိယငါးနှစ်စီမံကိန်း၏ အခြေခံနှစ်ဖြစ်သည့်အတွက် အရေးကြီးသော နှစ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၅-၂၀၁၆ စီမံကိန်းလျာထားချက်များကို ယခုအခါစုစည်းပြီး အဆိုပြုချက်များ စိစစ်ဆေးခြင်း၊ လျာထားခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်၍ စီမံကိန်းအသစ်များထက် ဆောင်ရွက်ဆဲစီမံကိန်းများ (Project)တွင် အချိန်အရပြီးရမည့် စီမံကိန်းများ ပြီးစီးရေးနှင့် နှစ်ချင်းပြည်သူဗဟိုပြု ဖွံ့ဖြိုးစေမည့် ပြည်သူများ အမှန်တကယ် လက်တွေ့ခံစားနိုင်စေမည့် ဦးစားပေးခုနစ်ရပ်ပါ စီမံကိန်းများကို ဦးစားပေး စိစစ်ဆောင်ရွက်နေကြောင်း ပြောကြားလိုပါကြောင်း။

စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ မေခရို စီးပွားရေး (တစ်နိုင်ငံလုံး၏ စီးပွားရေးအခြေအနေ) ကောင်းမွန်ရေးကို ဦးတည်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မေခရိုစီးပွားရေးကိန်းရှင်များဖြစ်သည့် ကုန်ထုတ်လုပ်မှု၊ အလုပ်အကိုင်ရရှိမှု၊ ဈေးနှုန်းများ တည်ငြိမ်ပြီး သဟဇာတဖြစ်မှုနှင့် နိုင်ငံတကာ စီးပွားရေးဆက်ဆံမှု မျှော်မှန်းချက်များကို ဖြည့်ဆည်းပြီး တည်တည်ငြိမ်ငြိမ်(Steady Growth) ရရှိရေးကို စနစ်တကျ ဆောင်ရွက်နေသောကာလဖြစ်ပါကြောင်း၊ စီမံကိန်းရည်မှန်းချက်များအဖြစ် ငါးနှစ်တာပျမ်းမျှ GDP (ရှစ်ရာခိုင်နှုန်း) တိုးတက်စေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တစ်ဖက်က ကုန်ထွက်(ထုတ်လုပ်မှု)တိုးအောင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို စနစ်တကျရေးဆွဲချမှတ်ပြီး ဆောင်ရွက်ပေးရပါကြောင်း၊ နိုင်ငံအနေဖြင့် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ပျမ်းမျှအရင်းနှင့် ကုန်ထွက်အချိုး (၃း၁)ခန့်အဖြစ် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ၂၀၁၁-၂၀၁၂ မှာGDP လျာထား ၆ ဒသမ ၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၁၂-၂၀၁၃ မှာ လျာထား ၆ ဒသမ ၇ ရာခိုင်နှုန်းမှ ၇ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ မှာ ၈ ဒသမ ၉ ရာခိုင်နှုန်း လျာထားခဲ့ရာ ၈ ဒသမ ၇ ရာခိုင်နှုန်း ဖြစ်ပေါ်ခဲ့ပြီး သုံးနှစ်ပျမ်းမျှ ၇ ဒသမ ၂ ရာခိုင်နှုန်းခန့် တိုးတက်ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ မှာ ၉ ဒသမ ၁ ရာခိုင်နှုန်း လျာထားခဲ့ပြီး ၂၀၁၅-၂၀၁၆ အတွက် ၉ ဒသမ ၂ ရာခိုင်နှုန်းထိ တိုးတက်စေရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

တစ်ဖက်ကလည်း ယင်းလျာထားမှုများကို ပြည့်မီအောင် ဖော်ဆောင်နိုင်ရေးမှာ အဓိကထိန်းချုပ်ရခြင်းသည် ဈေးနှုန်းအဆင့် (Price Level) ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့်ဖွံ့ဖြိုးမှုနှင့် ငွေဖောင်းပွမှုဟာ (Growth with Inflation) ဆိုပြီး တိုးတက်မှုနှင့် ငွေဖောင်းပွမှုလိုက်လျော်ညီထွေရှိရမှာဖြစ်ပြီး ငွေဖောင်းပွမှုကို ထိန်းချုပ်နိုင်ရမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် ငွေဖောင်းပွမှု ထိန်းချုပ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ခုနှစ်တို့တွင် ငွေဖောင်းပွမှုနှုန်း ပျမ်းမျှ ၂ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိသော်လည်း ၂၀၁၃ ခုနှစ်ကုန်၊ ၂၀၁၄ ခုနှစ်မှာ ၅ ဒသမ ၇ ရာခိုင်နှုန်းမှ ၆ ဒသမ ၀ ရာခိုင်နှုန်းအထိ နှစ်ဆခန့်တိုးတက်လာတာ တွေ့ရသည့်အတွက် အလွန်မှသတိထားထိန်းချုပ်ကိုင်တွယ်နေရသည့် အချိန်ဖြစ်ပါကြောင်း၊ ထို့အပြင် ငွေဖောင်းပွမှု၏ ဇာစ်မြစ်များဖြစ်သော ဝယ်လိုအားက ဆွဲတင်ခြင်း (Demand Pull)နှင့် စရိတ်တွန်းအား (Cost Push) တို့အပြင် လုပ်ခတိုး-ဈေးနှုန်းတက် လုပ်ခထပ်တောင်းတိုး-ဈေးနှုန်းထပ်တက်(လုပ်ခ-ဈေးနှုန်း ကြောင်လိမ်လှေကား) (Wage-Price-Spiral) ဆိုတဲ့ သံသရာထဲမကျရောက်စေရေးကို နိုင်ငံတိုင်း အထူးဂရုပြုထိန်းသိမ်းပြီး စီမံကိန်းများ ရေးဆွဲရပါကြောင်း။

တစ်ဖက်က နိုင်ငံတော်အနေဖြင့် “ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုစီမံကိန်း”နှင့်အညီ ပြည်သူများလက်တွေ့ ရရှိခံစားနိုင်မည့် ဦးစားပေးလုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာမှာတိုးတက်ရရှိလာသည့် တိုးတက်မှုအသီးအပွင့်များ တိုင်းပြည်ဝင်ငွေကို စားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှု၊အစိုးရ အသုံးစရိတ်၊ပို့ကုန်-သွင်းကုန် (ကုန်သွယ်မှုမျှခြေ) စသည်ဖြင့် ပြန်လည်ခွဲဝေခြင်းကို တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိပါကြောင်း စီမံကိန်းအနေဖြင့်ရင်းညီမျှခြင်းမှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း-

**တိုင်းပြည်ဝင်ငွေ = စားသုံးမှု + ရင်းနှီးမြှုပ်နှံမှု + အစိုးရအသုံးစရိတ် + (ပို့ကုန်-သွင်းကုန်)**

$$NY = C + I + G + (X - M)$$

အဆိုတွင်ဖော်ပြထားသော နိုင်ငံ့ဝန်ထမ်းအတွက် လုပ်ခနှင့် လစာစရိတ်များကိုစွသည် ထိုညီမျှခြင်း၏အစိုးရအသုံးစရိတ် အခန်းကဏ္ဍမှာ ပါဝင်လျက်ရှိပါကြောင်း ယင်းကို ပိုမိုရှင်းလင်းစွာဖော်ပြရရင်-

**အစိုးရအသုံးစရိတ် =**
**သာမန်အသုံးစရိတ်(လုပ်ခ၊ လစာ၊ ထောက်ပံ့ကြေး) ၆၈ %**
**ငွေလုံးငွေရင်းအသုံးစရိတ် (ရင်းနှီးမြှုပ်နှံမှု၊ အကြီးစားပြင်ဆင်ထိန်းသိမ်းမှု) ၃၂%**

ထိုအစိုးရအသုံးစရိတ် ညီမျှခြင်းသည် လုပ်ခ၊ လစာ၊ ထောက်ပံ့ကြေးစသော သာမန်အသုံးစရိတ်များကိစ္စကို ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် အခွန်အကောက်ဥပဒေတို့ဖြင့် ထိန်းသိမ်း ဆောင်ရွက်လျက်ရှိပြီး ငွေလုံးငွေရင်း အသုံးစရိတ်ဖြစ်သည့် အစိုးရ၏ရင်းနှီးမြှုပ်နှံမှုများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနအနေနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ခေါင်းစဉ်အောက်မှာ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ရင်းနှီးမြှုပ်နှံမှုကို ပိုင်းခြားကြည့်ပါက နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဟူ၍ တွေ့မြင်ရမှာဖြစ်ပါကြောင်း၊ ပုဂ္ဂလိကပိုင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှာ စီးပွားရေးအကျိုးအမြတ်ရရှိသော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း ဖြစ်ပါကြောင်း၊ သို့ရာတွင် နိုင်ငံပိုင် အခန်းရင်းနှီးမြှုပ်နှံမှုမှာ စီးပွားရေးအကျိုးအမြတ်ထက် တိုင်းသူပြည်သားများ၏ လူမှုဘဝ သာယာဝပြောရေးအတွက် အမြတ်အစွန်းမပါသော ပြည်သူများ အမှန်တကယ်လိုအပ်သည့် လုပ်ငန်းစီမံကိန်းများ၊ ပြည်သူ့ကုန်စည်များ၊ (Public Goods) ကိုသာ အဓိကထားရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါကြောင်း၊ ဥပမာ ကျန်းမာရေးကဏ္ဍတွင် (ကျေးလက်ဒေသ ကျန်းမာရေးဌာနများ၊ ဆေးခန်း၊ ဆေးရုံများ၊ ဆောက်လုပ်ပေးခြင်း)၊ ပညာရေးကဏ္ဍတွင် (မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း၊ တက္ကသိုလ်များ၊ သက်မွေးပညာသင်ကျောင်းများ၊ ဖွင့်လှစ်ပေးခြင်း)၊ မြို့ပြနှင့် ကျေးလက်များအတွက် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးခြင်း၊ အချိန်အခါမရွေး သောက်သုံးရေရရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးအတွက် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးခြင်း၊ ပြည်သူလုံခြုံရေးအတွက် ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ လူမှုဖူလုံရေး၊ အားကစား၊ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် (Welfare Goods) များအတွက် ဆောင်ရွက်ပေးခြင်း၊ လမ်း၊တံတား၊ ကျေးရွာချင်းဆက်လမ်းများ တည်ဆောက်ပေးခြင်း၊ သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များ အဆင်ပြေချောမွေ့လွယ်ကူစေရန် စီမံဆောင်ရွက်ပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ကျရေး လုပ်ငန်းရပ်များကို ဆောင်ရွက်ခြင်းတို့ ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး နိုင်ငံ၏လုပ်သားအင်အားလုပ်သားဦးရေ၊ အစိုးရ၊ ပုဂ္ဂလိကပါဝင်မှုတို့ကို ဖော်ပြလိုပါကြောင်း၊ မေခရိုစီးပွားရေး မျှော်မှန်းချက်(၂) ဖြစ်သည့် အလုပ်အကိုင်ရရှိမှု (Employment) မှာ အစိုးရဌာန လုပ်သားများနှင့်သမ/ပုဂ္ဂလိကကဏ္ဍ လုပ်သားများ စုပေါင်းမှသာ စုစုပေါင်း အလုပ်အကိုင်ကို ဖော်ညွှန်းပါကြောင်း၊ စုစုပေါင်း အလုပ်လုပ်နိုင်သူ ၃၀ ဒသမ ၅ သန်းရှိပြီး လုပ်သားဦးရေမှာ ၂၂ ဒသမ ၅၇ သန်းရှိပြီး အစိုးရလစာ၊ စရိတ်ရရှိသူ ဦးရေပေါင်း ၁ ဒသမ ၄ သန်းဖြစ်၍ ကျန် ၂၁ ဒသမ ၁၇ သန်းမှာ ပုဂ္ဂလိကကဏ္ဍနှင့် သမတို့တွင်ရှိသည့် လုပ်သားဦးရေဖြစ်ပါကြောင်း၊ အချိုးအစားအရနိုင်ငံပိုင်ကဏ္ဍတွင်ရှိသည့် လုပ်သားဦးရေမှာ ၆ ရာခိုင်နှုန်းဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍတွင်ရှိသည့် လုပ်သားဦးရေမှာ ၉၄ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ပြောင်းလဲမှုသည် အစိုးရကဏ္ဍကိုသာမက ဆက်စပ်ရာကဏ္ဍများအပေါ်မှာ ဆက်စပ်အကျိုးသက်ရောက်မှာ ဖြစ်သည့်အတွက် ပုဂ္ဂလိကလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှု (Linkages Effects) များ ဖြစ်ပေါ်စေမှာ ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ ရသုံးမှန်းခြေ ငွေစာရင်းတွင် သာမန်စရိတ် ၆၈ ရာခိုင်နှုန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ၃၂ ရာခိုင်နှုန်း ဝန်းကျင်တွင် ခွဲဝေချထားသုံးစွဲလျက် ရှိပါကြောင်း၊ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်အချိုးမှာ နိုင်ငံတော်၏ စီးပွားရေးဘဝနှင့် လိုက်လျောညီထွေရှိကြောင်း၊ အခွင့်အလမ်းစရိတ် (Opportunity Cost) အရ တစ်ခုပေးမှ တစ်ခုရမှာ ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ GDP တိုးတက်မှုနှုန်းသည် အရင်းနှင့်ကုန်ထွက်အချိုး (Capital -Output Ratio) အပေါ်မှာ မူတည်နေသည့်အတွက် ရင်းနှီးမြှုပ်နှံမှုနည်းလျှင် ကုန်ထွက်ကျဆင်း၍ တိုင်းပြည်ဝင်ငွေ (GDP) ကျဆင်းမှာ ဖြစ်ပါကြောင်း၊ တွက်ချက်မှုများအရ ရင်းနှီးမြှုပ်နှံမှု ၀ ဒသမ ၅ ထရီလီယံ (သို့မဟုတ်) ၅၀၀ ဘီလီယံ လျော့လျှင် ထုတ်လုပ်မှု (ကုန်ထွက်) ၁၇၉ ဒသမ ၃ ဘီလီယံ လျော့နည်းမှာဖြစ်ပြီး GDP တိုးတက်မှုနှုန်းမှာလည်း မူလခန့်မှန်းခြေ ၉ ဒသမ ၂ ရာခိုင်နှုန်းမှ ၉ ဒသမ ၀ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ၁ ထရီလီယံ (သို့မဟုတ်) ၁၀၀၀ ဘီလီယံလျော့နည်းပါက ထုတ်လုပ်မှု (ကုန်ထွက်) ၃၅၈ ဒသမ ၆ ဘီလီယံ လျော့နည်းမှာဖြစ်ပြီး မူလခန့်မှန်းခြေ ၉ ဒသမ ၂ ရာခိုင်နှုန်းမှ ၈ ဒသမ ၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂ ထရီလီယံ (သို့မဟုတ်) ၂၀၀၀ ဘီလီယံလျော့နည်းပါက ထုတ်လုပ်မှု (ကုန်ထွက်) ၈၉၆ ဒသမ ၆ ဘီလီယံ လျော့နည်းမှာဖြစ်ပြီး မူလခန့်မှန်းခြေ ၉ ဒသမ ၂ ရာခိုင်နှုန်းမှ ၇ ဒသမ ၉ ရာခိုင်နှုန်းသို့လည်းကောင်း လျော့နည်းကျဆင်းနိုင်ပါကြောင်း၊ ထိုသို့ ရင်းနှီးမြှုပ်နှံမှု လျော့ကျမှုကြောင့် ကုန်ထွက်လျော့ကျလာပြီး ပြည်သူလိုအပ်ချက် (Public Goods) များကို ဆောင်ရွက်ရာတွင် လျော့နည်းကျဆင်းစေမှာဖြစ်ပါကြောင်း။

ထို့ကြောင့် သာမန်အသုံးစရိတ် တိုးမြှင့်လိုခြင်းကြောင့် ငွေလုံးငွေရင်း အသုံးစရိတ် (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုကို လျှော့ချမည်ဆိုလျှင် GDP ကျဆင်းမှာဖြစ်ပြီး တိုင်းပြည်၏ အနာဂတ်စီးပွားရေး တိုးတက်မှုနှုန်းကျဆင်းမှာဖြစ်၍ စီးပွားရေးကျဆင်းမှု (Recession) သို့ ဦးတည်သွားနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံတော်၏လိုအပ်ချက်အရ ဦးစားပေးကဏ္ဍအလိုက် အသုံးစရိတ်ခွဲဝေလျာထားပေးရာတွင် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းများနှင့် လိုက်လျောညီထွေဖြစ်အောင် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေစာရင်းပါ အသုံးစရိတ် (သာမန်၊ ငွေလုံးငွေရင်း၊ ကြွေးမြီ)များကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သာမန်အသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်များကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ယူစိစစ်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ စိစစ်ရာတွင် လစာ၊ စရိတ်နှင့်ပတ်သက်၍ အမှန်တကယ်ခန့်ထားပြီးဦးရေ ခန့်ထားမည့် လူဦးရေပေါ်မူတည်၍ ခြောက်လအတွက်သာ တွက်ချက်လျာထားစေပြီး ပြင်ဆင်ထိန်းသိမ်းစရိတ်အား အမှန်တကယ် လိုအပ်သည့်ကိစ္စရပ်များအတွက် သုံးစွဲစေလျက် ဧည့်ခံစရိတ်နှင့် ကျွေးမွေးစရိတ်ကဲ့သို့သော ဝန်ဆောင်မှုစရိတ်များကို ခြိုးခြံချွေတာသုံးစွဲရန် လမ်းညွှန်မှုပြုထားပါကြောင်း။

အမျိုးသားစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ထိထိရောက်ရောက်အကျိုးရှိရှိ အသုံးစရိတ်များကို သုံးစွဲရန်၊ ခွဲဝေချထားပေးသော ဘဏ္ဍာရန်ပုံငွေများသုံးစွဲရာတွင် ကျစ်ကျစ်လျစ်လျစ် ထိရောက်စွာသုံးစွဲရန်၊ လေလွင့်ဆုံးရှုံးမှုများကို လျော့နည်းစေရန်စသဖြင့် စနစ်တကျ လမ်းညွှန်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

၂၀၁၅ -၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခန့်မှန်းခြေစာရင်းများရေးဆွဲရာတွင် စီမံကိန်းဥပဒေနှင့် ညီညွတ်စေရန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်

***စာမျက်နှာ ၆ ကော်လံ ၁ သို့***

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

# နည်းပညာတက္ကသိုလ်များတွင် ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေးနှင့် သင်ထောက်ကူပစ္စည်းများ ပိုမိုကောင်းမွန်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်၏ **"G.T.I ကျောင်းသစ်များ ထပ်မံဆောက်လုပ်မည့်အစား လက်ရှိနည်းပညာတက္ကသိုလ်များတွင် G.T.I သင်တန်းများအား ပူးတွဲသင်ကြားပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က ပညာရေးဥပဒေ ထွက်ပေါ်လာပြီးနောက် ယင်းဥပဒေနှင့်ဆီလျော်သည့် အခြေခံပညာရေးဥပဒေ၊ နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေ၊ အဆင့်မြင့်ပညာရေး ဥပဒေတို့ကို ဆက်လက်ရေးဆွဲလျက်ရှိပါကြောင်း။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များသည် အဆင့်မြင့်ပညာရေးကဏ္ဍတွင် အကျုံးဝင်သွားမည်ဖြစ်ပြီး အစိုးရစက်မှုသိပ္ပံများသည် နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေအရ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ် ဖြေကြားစဉ်။ (သတင်းစဉ်)

နည်းပညာ တက္ကသိုလ်များတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်ပြီး အင်ဂျင်နီယာဘွဲ့ ခြောက်နှစ်သင်တန်းများဖွင့်လှစ်သင်ကြားမည် ဖြစ်သည့်အတွက် ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေးနှင့် သင်ထောက်ကူပစ္စည်းများ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

နည်းပညာတက္ကသိုလ်များတွင် တွဲဖက်သင်ကြားပါက တက္ကသိုလ်များ အဆင့်မြင့်မားလာစေရေးကို ထိခိုက်စေနိုင်ပါကြောင်း၊ သို့ဖြစ်၍ A.G.T.I ဖွင့်လှစ်ခဲ့သည့်နေရာများတွင် အဓိကထားဖွင့်လှစ်မည်ဖြစ်ပြီး အမှန်တကယ်လိုအပ်သောနေရာများတွင် အသစ်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ဖြင့် ဖြေကြားခဲ့သည်။

လောင်းလုံမဲဆန္ဒနယ်မှဦးအောင်စိုး၏ **"ထားဝယ်အထူးစီးပွားရေးဇုန်၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေကို သိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ရေနက်ဆိပ်ကမ်းစီမံကိန်းအား ၂၀၀၈ ခုနှစ်မေလတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအစိုးရတို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ထိုင်းနိုင်ငံ အီတာလျံ-ထိုင်းကုမ္ပဏီတို့မှ မူဘောင်သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

ယင်းစီမံကိန်းသည် ပမာဏကြီးမားပြီး ချေးငွေမရရှိခြင်း၊ ငွေကြေးထည့်ဝင်ရင်းနှီးသူများ မရှိခြင်းတို့ကြောင့် သတ်မှတ်အချိန်ဇယားအတိုင်း အကောင်အထည်ဖော်နိုင်ခြင်းမရှိဘဲ နှောင့်နှေးကြန့်ကြာခဲ့ပါကြောင်း။



ကမာရွတ် မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် မေးမြန်းစဉ်။ (သတင်းစဉ်)

ထို့ကြောင့် နှစ်နိုင်ငံအစိုးရများက ဦးစီးဆောင်ရွက်ပေးရန် မြန်မာ-ထိုင်း နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၁၂ ခုနှစ် ဇူလိုင်လက နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး ထားဝယ် အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း။

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်မှုကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်တို့အကြားချုပ်ဆိုသည့် မူဘောင်သဘောတူစာချုပ်၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်နှင့် အီတာလျံ-ထိုင်း ကုမ္ပဏီလီမိတက်တို့အကြားချုပ်ဆိုသည့် သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် အီတာလျံ-ထိုင်း ကုမ္ပဏီလီမိတက်တို့အကြား လက်မှတ်ရေးထိုးခဲ့သော ယခင်မူဘောင်သဘောတူစာချုပ်အား ရုပ်သိမ်းသည့် သဘောတူစာချုပ်တို့ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ စီမံကိန်းများကို ကနဦးစီမံကိန်းနှင့် ပင်မစီမံကိန်းဟူ၍ ခွဲခြားသတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

ထားဝယ် အထူးစီးပွားရေးဇုန် ရေရှည်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းသုံးခုဖြစ်သော မြန်မာနိုင်ငံစက်မှုလုပ်ငန်းဆိုင်ရာ စီမံကိန်းနှင့် မဲခေါင်-အိန္ဒိယ တောင်ဘက်စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးမှုတိုးမြှင့်စေရေး သုတေသန၊ ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ လေ့လာသုံးသပ်ရေး သုတေသနနှင့် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးမှုအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား၊ ငွေရေးကြေးရေးပူးပေါင်း ဆောင်ရွက်ရေး သုတေသနတို့ကို ၂၀၁၅ ခုနှစ် မတ်လ အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကနဦး စီမံကိန်းလုပ်ငန်းများတွင် ပြည်တွင်း တိုင်းရင်းသားလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်ထားပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မည့် သဘောတူစာချုပ်များတွင် လုပ်ငန်းရပ်ဆိုင်းခြင်း၊ တရားဥပဒေအရ ဖြေရှင်းခြင်းများကိုလည်း အသေးစိတ် ထည့်သွင်းရေးဆွဲထားပါကြောင်း၊ သဘောတူစာချုပ်များအား တင်ပြအတည်ပြုပြီး ကနဦးစီမံကိန်းလုပ်ငန်းများ အမြန်စတင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့်ဖြေကြားသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံမဟာဗျူဟာရေရှည်စီမံကိန်း ရေးဆွဲဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၏ **"ရခိုင်ပြည်နယ်၏ (ဆန်စပါးမဟုတ်သော) စိုက်ပျိုးသီးနှံထုတ်လုပ်ရေးကိုတိုးမြှင့်ရန် စီမံကိန်းရေးဆွဲထားခြင်း ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ရခိုင်ပြည်နယ်သည် ဆန်စပါးကိုအဓိကထား၍ စိုက်ပျိုးထုတ်လုပ်သော ပြည်နယ်တစ်ခုဖြစ်သော်လည်း အခြားသီးနှံများဖြစ်သော ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတို့ကိုပါ တိုးတက်ထုတ်လုပ်နိုင်ရန် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ဆောင်းမြေပဲသီးနှံသည် ရခိုင်ပြည်နယ်၏ ဆီဖူလုံမှုကို အဓိကအထောက်အပံ့ပေးနိုင်သော သီးနှံဖြစ်ပါကြောင်း၊ သို့ဖြစ်၍ မြေပဲတစ်တင်းလျှင် ဆီ(၄-၅)ပိဿာခန့် ထွက်ရှိနိုင်ပြီး တစ်ဧကအထွက်နှုန်း တင်း ၁၀၀ ကျော်သောဆင်းပဒေသာ ၁၁ မျိုးသစ်ကို ယခုနှစ်မှစတင်၍ ကျောက်တော်မြို့နယ်တွင် တင်း ၃၀၀ မျိုးသန့်ပွားများ စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

နှစ်ရှည်သီးနှံများတွင် ရခိုင်ပြည်နယ်အတွက် အဓိကဝင်ငွေရရှိနိုင်သော သရက်၊ တညင်း၊ ကွမ်းသီးတို့ကို တိုးချဲ့စိုက်ပျိုးခြင်း၊ ခြံများထူထောင်ခြင်း၊ မျိုးကောင်း မျိုးသန့်ဖြန့်ဖြူးခြင်းတို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား စည်းရုံးဆောင်ရွက်လျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြေကြားစဉ်။ (သတင်းစဉ်)

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ တိုးချဲ့စိုက်ပျိုးရေးနှင့် ပတ်သက်၍ စပါး ၄၆၈၄ ဒသမ ၇၅ ဧက၊ ပုစွန်မွေးမြူရေးဧရိယာ ၆၃၄၅ ဒသမ ၅၇ ဧကနှင့် နှစ်ရှည်သီးနှံစိုက်ပျိုးပြီး ဧရိယာ ၉၄၇၇ ဒသမ ၉၈ ဧက၊စုစုပေါင်း ၂၀၄၇၈ ဒသမ ၃၀ ဧကအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံမဟာဗျူဟာရေရှည်စီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယင်းနောက် ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးကတင်သွင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။



ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် မေးမြန်းစဉ်။ (သတင်းစဉ်)

ထို့နောက် အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ နဝမပုံမှန်အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးမှတ်ကြီးက တင်သွင်းပြီး အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**

**⁂ ကျောဖုံးမှ**

အိမ်ရှင်စင်ကာပူအသင်း၏ ကစားပုံမှာ သာမန်သာရှိသော်လည်း မြန်မာအသင်း၏ အမှားများကြောင့် ပထမပိုင်းတွင် သုံးဂိုးအထိရရှိခဲ့ခြင်းဖြစ်သည်။ ၁၅ မိနစ်မှာပင် ပြစ်ဒဏ်ဘောမှတစ်ဆင့် ရှာဖူက စင်ကာပူအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ကွင်းလယ်လူ ဟာရစ်က ၃၄ မိနစ်နှင့် ၄၁ မိနစ်တွင် နှစ်ဂိုးဆက် သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းအစတွင် ရန်အောင်ကျော်အစား ကြည်လင်းဝင်လာ၍ မြန်မာတိုက်စစ်ကစားပုံ ပိုကောင်းလာပြီး ၅၄ မိနစ်တွင် ကျော်ဇေယျာဝင်း၊ မင်းမင်းသူတွဲလုံးမှ ကျော်ဇေယျာဝင်းက ပထမချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းကစားအား တက်လာပြီး မိနစ် ၆၀ တွင် ကျော်ကိုကိုက ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ စင်ကာပူအတွက်အနိုင်သေချာစေမည့် စတုတ္ထဂိုးကို ၇၄ မိနစ်တွင် ရှာဖူကပင် သွင်းယူခဲ့သည်။

ပထမပွဲအဖြစ် ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(ခ)၌ ထိုင်းအသင်းက နှစ်ပွဲနိုင်၊ ခြောက်မှတ်ဖြင့် ဆီမီးတက်သွားပြီး စင်ကာပူအသင်းက သုံးမှတ်၊မလေးရှားနှင့် မြန်မာအသင်းတို့က တစ်မှတ်စီ ရရှိထားသည်။

**ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်မှန်ပေးဆောင်စို့**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ကော်မတီဝင် ဦးသန်းဝင်းဦး ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များနှင့် ပါတီဝင်များ ၁၈၀၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးထွန်းထွန်းငြိမ်း ခေါင်းဆောင်သည့် ပါတီဝင်များ ၃၀ဦး၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပိတောက်အိမ်ရာတိုက် ၇၄၈ နေ ဦးကျော်ဇေယျနှင့် အဖွဲ့နှစ်ဦး၊ စုစုပေါင်း ၂၁၂ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတင်ကျင်းပသည့် ၁၁- ၉- ၂၀၁၄ ရက်နေ့မှ ၃၅ ရက်မြောက်နေ့အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၂၄၅၇ ဦး၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ ချုပ်မှ ၇၄၆ ဦး၊ ကျောင်းသား ကျောင်းသူ ၅၅၆ ဦး၊ အခြားပါတီ၊ အဖွဲ့အစည်း၊ ပြည်သူလူထု ၁၁၅၇ ဦး၊ နိုင်ငံခြားသား ၁၈ ဦး စုစုပေါင်း ၄၉၃၄ ဦးတို့သည် အစည်းအဝေးကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံအတွင်း လေ့လာကြည့်ရှုခဲ့ကြကြောင်းနှင့် ယနေ့ထိလွှတ်တော်သို့ လာရောက်လေ့လာသူ စုစုပေါင်း ၃၇၉၁၇ ဦးဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## လွှတ်တော်ရေးရာနှင့်ပြည်တွင်းသတင်း

*ပြည်ထောင်စုလွှတ်တော်မှ*



**ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည် အဆိုတင်သွင်းစဉ်။** (သတင်းစဉ်)

မူဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ရေးဆွဲပေးပို့ရန် လွှတ်တော်ကတိကဝတ်များ၊ နိုင်ငံတော်မူဝါဒအရ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများနှင့် ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးနိုင်မည့် ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများအား ဦးစားပေးထည့်သွင်းရေးဆွဲရန် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဌာနအဖွဲ့အစည်းများကို လမ်းညွှန်မှုပြုထားပြီးဖြစ်ပါကြောင်း။

ငွေလုံးငွေရင်း အသုံးစရိတ်များနှင့်ပတ်သက်၍ တည်ဆောက်ရေးလုပ်ငန်းများကို ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းမှုကော်မတီကလည်းကောင်း၊ စက်ပစ္စည်းများကို စက်ပစ္စည်း ကြီးကြပ်မှုကော်မတီကလည်းကောင်း၊ ငွေလုံးငွေရင်းနှင့် အခြား အသုံးစရိတ်များကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှလည်းကောင်း တာဝန်ယူစိစစ်လျက်ရှိပါကြောင်း။

ငွေလုံးငွေရင်း အသုံးစရိတ်နှင့်ပတ်သက်၍ ဦးစားပေးအစီအစဉ်များခွဲခြားရေးဆွဲစေပြီး တင်ပြလာမှုအပေါ် စိစစ်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

အရအသုံးခန့်မှန်းခြေ ငွေစာရင်းရေးဆွဲရာတွင်လိုငွေနှင့် ဂျီဒီပီအချိုးကို ချိန်ဆရေးဆွဲနိုင်ရေး၊ မူလခန့်မှန်းခြေစာရင်းနှင့်အမှန် စာရင်းများကွာဟမှုလျော့နည်းစေရန်အလို့ငှာ သတ်မှတ်ချက်ဘောင်အတွင်း အသုံးစရိတ်များကို အနီးစပ်ဆုံးသုံးစွဲနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ခုဘဏ္ဍာရေးနှစ်မှစတင်၍ ကာလလတ် ဘဏ္ဍာရေးမူဘောင်စနစ်ကို ကျင့်သုံးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဝန်ကြီးဌာနက ရေးဆွဲထားသည့် ဝန်ကြီးဌာနအလိုက်ဘဏ္ဍာရေးမူဘောင်အရ သတ်မှတ်ပေးသည့် အရအသုံးဘောင်အတွင်း အရအသုံးခန့်မှန်းခြေစာရင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ တင်ပြလာမှုများအပေါ် အထက်အောက်ပေါင်းစပ်ညှိနှိုင်းပြီး အသုံးစရိတ်များ စိစစ်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနများသည် ဆောင်ရွက်ဆဲစီမံကိန်းများအပေါ် နိုင်ငံတော်နှင့် ပြည်သူများအတွက် ထိရောက်စွာအကျိုးပြုနိုင်မည့် စီမံကိန်းများဖြစ်စေရေးအတွက် ပြန်လည်သုံးသပ်ဆောင်ရွက်ပြီး စီမံကိန်းအကောင်အထည်ဖော်ရာတွင်လည်း အခက်အခဲများ၊ လိုအပ်ချက်များရှိပါက ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် အဆိုရှင် ဦးဝင်းသန်း၏ အရေးကြီးအဆိုကိုလွှတ်တော်က အတည်ပြုသည်။ ယင်းနောက် ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည်က “ **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများ ၆၆ တွင် ပြဋ္ဌာန်းထားသော စည်းကမ်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေများကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများစသည်တို့ကို အချိန်နှင့်တစ်ပြေးညီ ဆောလျင်စွာ ထုတ်ပြန်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အရေးကြီးအဆိုကို တင်သွင်းသည်။

ထို့နောက် ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုက ဒေါ်အောင်ဆန်းစုကြည်တင်သွင်းသည့်အဆိုကို ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က ဒေါ်အောင်ဆန်းစုကြည် တင်သွင်းသည့်အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် အဆိုရှင် ဒေါ်အောင်ဆန်းစုကြည်၏ အရေးကြီးအဆိုကို လွှတ်တော်က အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

# အာဆီယံ-ရုရှားလူငယ်အနုပညာသံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်

**ရန်ကုန် နိုဝင်ဘာ ၂၆**

အာဆီယံ-ရုရှား လူငယ်အနုပညာ သံစုံတီးဝိုင်းမှ ဖျော်ဖြေတင်ဆက်သည့် The Cultural Program to celebrate Myanmar's Chairmanship of ASEAN-2014 ဖျော်ဖြေပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် ညနေ ၆ နာရီတွင် ဒဂုံမြို့နယ် အမျိုးသားကဇာတ်ရုံ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ဒုတိယ ပါမောက္ခချုပ် ဦးဇော်ဌေး၊ The Embassy of the Russian Federation, Ambassador, H.E.Mr.Vasily Pospelov and Madam Irina Pospelov၊ International Culture Center မှ Deputy Director ,Mr. Strashnikov Sergey၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ The Embassy of the Russian Federation, Ambassador, H.E.Mr. Vasily Pospelov က ဖျော်ဖြေပွဲအခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

၎င်းနောက် မြန်မာနိုင်ငံမှအနုပညာရှင်များနှင့် ရုရှားနိုင်ငံမှ အနုပညာရှင်များက ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အတီးများဖြင့် အလှည့်ကျ ဖျော်ဖြေတင်ဆက်သည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် The Embassy of the Russian Federation, Ambassador,H.E.Mr.Vasily Pospelov တို့က ဖျော်ဖြေတင်ဆက်ကြသည့် နှစ်နိုင်ငံအနုပညာရှင်များအား ဂုဏ်ပြုပန်းစည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**



**အာဆီယံ-ရုရှား လူငယ်အနုပညာ သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်ပွဲကျင်းပစဉ်။**

(သတင်းစဉ်)

# ရွေးကောက်ပွဲဆိုင်ရာဘေးအန္တရာယ်များ စီမံခန့်ခွဲမှုနည်းစနစ်အကောင်အထည်ဖော်ဆောင်ရွက်မှု အလုပ်ရုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် International IDEA တို့ ပူးပေါင်းဆောင်ရွက်မည့် ရွေးကောက်ပွဲဆိုင်ရာ ဘေးအန္တရာယ်များ စီမံခန့်ခွဲမှု နည်းစနစ်အကောင်အထည်ဖော် ဆောင်ရွက်မှု အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးသင်တန်းခန်းမ၌ကျင်းပသည်။

ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်သည် တိုင်းဒေသကြီးနှင့်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဘေးအန္တရာယ်များစီမံခန့်ခွဲသည့် နည်းစနစ် (ERM Tool) ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် သတင်းအချက်အလက်များဖြစ်သည့် ရွေးကောက်ပွဲနှင့် ဆက်နွှယ်၍ ဖြစ်ပေါ်လာနိုင်သော အကြမ်းဖက်လုပ်ရပ်များ၊ ပဋိပက္ခများနှင့် ဘေးအန္တရာယ်များစသည့် အချက်အလက်များကို စနစ်တကျ ကောက်ယူ ရရှိနိုင်စေရန်ဖြစ်ကြောင်း။

ရွေးကောက်ပွဲဆိုင်ရာ ဘေးအန္တရာယ်များစီမံခန့်ခွဲသည့် နည်းစနစ် (ERM Tool) ဆိုသည်မှာ ရွေးကောက်ပွဲများ ကျင်းပရာတွင် တည်ငြိမ်အေးချမ်းပြီး ယုံကြည်ရသည့် ရွေးကောက်ပွဲများအဖြစ် ကျင်းပပေးနိုင်ရန်အတွက် အကြမ်းဖက်မှု အသွင်ကူးပြောင်းနိုင်သည့် ရွေးကောက်ပွဲဆိုင်ရာ ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်လျှော့ချနိုင်ရန် ခွဲခြမ်းစိစစ်လေ့လာခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဤစနစ်သည် ရွေးကောက်ပွဲများ အောင်မြင်ရေးအတွက် အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ လွတ်လပ်မျှတသည့် ရွေးကောက်ပွဲများဖြစ်ရန် တည်ငြိမ်အေးချမ်းရေးက အဓိကကျပါကြောင်း၊ ရွေးကောက်ပွဲကာလအတွင်း တည်ငြိမ်အေးချမ်းမှုမရှိလျှင်၊ အနှောင့်အယှက်များရှိခဲ့လျှင်၊ လုံခြုံရေးအခြေအနေအရ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိလျှင် ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းသော်လည်းကောင်း၊ ပယ်ဖျက်ခြင်းသော်လည်းကောင်း ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အနှောင့်အယှက်များနှင့် တည်ငြိမ်အေးချမ်းမှုမရှိဘဲ ကျင်းပရသည့် ရွေးကောက်ပွဲရလဒ်များကိုလည်း ပြည်သူလူထုကသော်လည်းကောင်း၊ နိုင်ငံတကာအနေနှင့် သော်လည်းကောင်း ယုံကြည်မှု၊ လက်ခံမှုအပိုင်းတွင် အားနည်းနိုင်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိ၍ အနှောင့်အယှက်များ၊ ပဋိပက္ခများဖြစ်ခဲ့လျှင် နိုင်ငံ၏ ပုံရိပ်၊ ဂုဏ်သိက္ခာကိုလည်း ထိခိုက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကာလအတွင်း တည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်နိုင်ရန် ERM Tool ဆွေးနွေးပွဲက အထောက်အကူဖြစ်မည်ဖြစ်သည့်အတွက် အလွန်ပင် အရေးကြီးပါကြောင်း။

ထို့ကြောင့် လာမည့် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် လွတ်လပ်သည့် တရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲကာလတွင် တည်ငြိမ်အေးချမ်းရန်လိုပါကြောင်း၊ ထို့ကြောင့် တည်ငြိမ်မှုကို ပျက်ပြားစေနိုင်သည့် အကြောင်းကိစ္စများ၊ တည်ငြိမ်မှုပျက်ပြားအောင် ဆောင်ရွက်မည့်အခြေအနေများ၊ တည်ငြိမ်မှုပျက်ပြားနိုင်သည့် နေရာများ၊ အချိန်ကာလများကို သတင်းရယူစဉ်းစားသုံးသပ်မျှော်တွေးပြီး အဖြေရှာကာ ကြိုတင်စီမံကာကွယ် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲဆိုင်ရာ ဘေးအန္တရာယ်များ စီမံခန့်ခွဲမည့် နည်းစနစ်ကို အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရည်ရွယ်ချက်အတိုင်း ERM Tool ကိုအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့်သတင်းအချက်အလက်များကို အားလုံးကလေးလေးနက်နက် စဉ်းစားဆောင်ရွက်ကြရန် လိုမည်ဖြစ်ပါကြောင်း၊ အချက်အလက်များ ပြည့်စုံလေလေ စီမံကာကွယ်မှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ ရွေးကောက်ပွဲစီမံခန့်ခွဲမှု၊ ရွေးကောက်ပွဲလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက်လိုအပ်သည့် အထောက်အကူများကို ပိုမိုရရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ERM Tool ကို လက်တွေ့အကောင်အထည် ဖော်ရာတွင် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သာမက အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများအပြင် လုံခြုံရေးနှင့်သက်ဆိုင်ပတ်သက်သူအားလုံး အလွှာစုံနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ သို့မှသာ သတင်းအချက်အလက်များ ပြည့်စုံစွာရရှိနိုင်ပြီး ကောင်းမွန်သည့် စီမံကာကွယ်မှုများ လုပ်နိုင်မည်ဖြစ်သလို အကောင်းဆုံးရလဒ်များကိုလည်း ရရှိမည်ဖြစ်ပါကြောင်း။

ယနေ့ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအနေနှင့် လွတ်လပ်မျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် များစွာအထောက်အကူပြုမည့် ERM Tool ကို အကောင်းဆုံးနှင့်ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အလေးအနက်ထားဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် International IDEA မှ Mr. Adhy Aman က မိတ်ဆက်အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ ERM Tool ၏ သဘောတရားများ၊ Tool ကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော လုပ်ဆောင်ချက်များ၊ နိုင်ငံတကာ အတွေ့အကြုံများဖြင့် နှိုင်းယှဉ်၍ မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ရာတွင် ဖြစ်နိုင်သည့် နည်းလမ်း၊ Tool ကို အကောင်အထည်ဖော်ရာတွင် အဖွဲ့အတွင်းညှိနှိုင်းမှုနှင့် ပြင်ပဆက်ဆံရေးအရေးကြီးပုံ၊ အားလုံးပါဝင်နိုင်သည့် လုပ်ငန်းစဉ်ဖြစ်မှု၊ Tool အသုံးပြုမှုနှင့် နီပေါနိုင်ငံ၊ ဘော့စနီးယားနိုင်ငံ၊ ကင်ညာနိုင်ငံ ရွေးကောက်ပွဲများတွင် ထိရောက်စွာ အသုံးပြုနိုင်ခဲ့မှုနှင့် သတင်းအချက်အလက်အရင်းအမြစ် သင်ခန်းစာအား ဆွေးနွေးပို့ချခြင်း တို့ကိုဆောင်ရွက်ခဲ့သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က မြန်မာနိုင်ငံ ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွင် ကြုံတွေ့ရနိုင်သည့် အခြားပြဿနာများကို ရှင်းလင်းဆွေးနွေးပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှဥက္ကဋ္ဌများ၊ ရွေးကောက်ပွဲ အရာရှိများနှင့် International IDEA မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာလ ၂၇ရက်တွင် ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နမ့်ဆန်(မြောက်)တွင် မိုးပွင့်အဆင့်(၇) စီမံချက် ကွင်းဆင်း

**နမ့်ဆန် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကယားလမ်းကျေးရွာအုပ်စုကို နမ့်ဆန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နမ့်ဆန်မြို့နယ်သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တောင်ပေါ်မြို့ဖြစ်၍ အုပ်စုရှိ ကျေးရွာများအား နိုင်ငံသားစိစစ်ရေးရွှေ့ပြောင်းလျှောက်လွှာများ၊ အိမ်ထောင်စု၊ ဖွား၊ သေ ဆောင်ရွက်ရန် ရွှေ့ပြောင်းအထောက်အထားများ ကြိုတင်ဖြန့်ဝေခြင်း၊ ပြည့်စုံသော အမှုတွဲများအား ကယားလမ်းကျေးရွာအုပ်စု ဟိုချောင်းကျေးရွာတွင် ဆုံရပ်ပြုလုပ်၍ နိုဝင်ဘာ ၂၆ ရက်တွင် အသက်(၁၀နှစ်)ပြည့်၊ (၁၈နှစ်)ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း၊ အိမ်ထောင်စု ဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးခဲ့သည်။

**(၁၅၄)**

ပြည်တွင်းသတင်း

# မြန်မာ-ရုရှား နှစ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီဝန်ကြီးနီကိုလိုင်၊ ပီ၊ ပက်ထရစ်ရှက်ဖ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့မှ နေပြည်တော်ရုံးအမှတ်(၁၈) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမသို့ ယနေ့ ညနေ ၃ နာရီတွင် လာရောက်တွေ့ဆုံသည်။ **(ယာပုံ)** ထိုသို့တွေ့ဆုံရာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာနတို့အကြား မြန်မာ-ရုရှား နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ် ကျော်ဝင်းနှင့်ရုရှားနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာန First Deputy Director Mr. Vladimir A. Kalanda တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ **(သတင်းစဉ်)**



## မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနေမည်။

# ပိုမိုကျယ်ပြန့်သော အမျိုးသားနိုင်ငံရေးပါတီအင်အားစုများနှင့် တွေ့ဆုံမှုမှသည် အနာဂတ်ဒီမိုကရေစီလူ့ဘောင်သစ်ဆီသို့

**နိုင်ငံတော် Stakeholder များနှင့် နိုင်ငံရေးအင်အားစုပါတီများ အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးမှုသည် ဒီမိုကရက်တစ်နိုင်ငံရေး ယဉ်ကျေးမှုသစ်တစ်ရပ် မည်ပေသည်။**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ နိုင်ငံတော်၏ အနာဂတ်ရှေ့ခရီးနှင့် နိုင်ငံသားတို့၏ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံရေးပါတီများနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးလေ့ရှိရာ နိုဝင်ဘာ ၂၆ ရက် ညနေတွင် နိုင်ငံရေးပါတီ(၆၇)ပါတီမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်အပါအဝင် စုစုပေါင်း ၁၂၆ ဦးတို့နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံခဲ့သည်။**

**ပြီးခဲ့သည့် အောက်တိုဘာ ၃၁ ရက်တွင်လည်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ အမျိုးသားနိုင်ငံရေးအင်အားစု ငါးဖွဲ့မှ ခေါင်းဆောင်များနှင့် နိုင်ငံရေးရာဆွေးနွေးပွဲကို ကျင်းပခဲ့ပေသည်။**

**ယနေ့တွေ့ဆုံပွဲမှာမူ နေပြည်တော်တွင် တွေ့ဆုံပွဲအပြီး ၂၆ ရက်အကြာတွင် ဆက်လက်တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး နိုင်ငံရေးပါတီ(၆၇)ပါတီ တက်ရောက်ခဲ့ကြ၍ ပို၍ ပို၍ ကျယ်ပြန့်နက်ရှိုင်းသော ဝိသေသဖြစ်ခဲ့သည်။**

**အနာဂတ်မြန်မာ့နိုင်ငံရေး ရှေ့ခရီးလမ်းအတွက် အပြုသဘောပိုမိုဆောင်လာသည့် လက္ခဏာတစ်ရပ်ဖြစ်၍ ကြိုဆိုကြရမည်ဖြစ်သည်။**

**သို့ဖြင့် နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးအင်အားစုပါတီများ ယနေ့တွေ့ဆုံပွဲနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီအချို့မှ တာဝန်ရှိသူများ၏ သဘောထားမှတ်ချက်များကို ကောက်နုတ်စုစည်းတင်ပြလိုက်ရပါသည်။**



ဦးဇော်အေးမောင်၊ ဗဟိုအလုပ်အမှုဆောင်
(ရခိုင်အမျိုးသားပါတီ)



ဦးစိုင်းအောင်မြင့်ခိုင်၊ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်
(ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ)

မြန်မာနိုင်ငံမှာ ရှမ်း၊ ကချင်၊ ကရင်၊ ကယား၊ ဗမာ၊ မွန်၊ ရခိုင်တိုင်းရင်းသားတွေနဲ့ လူမျိုးစုတွေ (၁၃၅)မျိုး ရှိတဲ့အထဲမှာ ကိုယ်စားပြုတာ တစ်ယောက်တည်း ကျတော့နည်းလွန်းတယ်။ တိုင်းရင်းသားတွေရဲ့ အသံနည်းသွားမယ်၊ တိုင်းရင်းသားတွေနဲ့များများ တွေ့နိုင်လေ တို့တာဝန်အရေးသုံးပါးခိုင်မာလာလေပဲ။ စုံစုံညီညီပါလာဖို့လိုတယ်။ အသံပါဖို့လိုတယ်။ ဥပမာ-တိုင်းရင်းသားပါတီတွေထဲမှာ တို့တာဝန်အရေးသုံးပါးကို လေးစားတဲ့လူ၊ မျှတတဲ့လူ၊ မဖြစ်သင့်တဲ့လူ၊ ဘာမှလည်း မပြောဘဲ ငုတ်တုတ်ထိုင်၊ သူများပြောတာနားထောင်ပြီး ပြန်လာမယ့်လူ မဖြစ်ရဘူး။ ပြည်ထောင်စုအရေး၊ တို့တာဝန်အရေးသုံးပါး၊ ဖက်ဒရယ်အရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမယ့် ဖွံ့ဖြိုးတိုးတက်ရေးတွေကို ကောင်းမွန်တဲ့အကြံဉာဏ်တွေ ပေးနိုင်တဲ့ပုဂ္ဂိုလ်တွေ ပါလာဖို့လိုတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစိုးရရယ်၊ ပြည်သူရယ်၊ ပြည်သူထဲမှာ တိုင်းရင်းသားတွေရဲ့ အခန်းကဏ္ဍကလည်း သိပ်အရေးကြီးတယ်။ မြန်မာနိုင်ငံဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံလို့မဖြစ်ခင် လွန်ခဲ့တဲ့ နှစ်ပေါင်းထောင်ချီကတည်းက နေလာတဲ့ တိုင်းရင်းသားတွေနဲ့စုစည်းတည်ထောင်ထားတဲ့ ပြည်ထောင်စုကြီး၊ ဒီတော့ တိုင်းရင်းသားတွေရဲ့အသံက အမြဲတမ်းအုပ်ချုပ်တဲ့အစိုးရက တိုင်းရင်းသားတွေရဲ့အသံတွေကို စဉ်ဆက်မပြတ် ထိတွေ့နားထောင်နေရမယ်။ ဒါမှလည်း ငြိမ်းချမ်း



ဒေါက်တာဆလိုင်းငွန်ကျုံးလျန်၊ ဥပဒေအကြံပေး
(မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန)

ရေးက အောင်မြင်လာမယ်၊ ယုံကြည်မှုရှိလာမယ်။ ခဏခဏတွေ့မှ ယုံကြည်မှုရမယ်။ ယုံကြည်မှ အလုပ်တွဲလုပ်လို့ရမယ်။ အလုပ်လုပ်မှ တိုင်းပြည်က တိုးတက်မယ်။

တိုင်းရင်းသားပြဿနာဖြေရှင်းဖို့ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ အုပ်ချုပ်တဲ့အဖွဲ့အစည်းတွေ အမြဲတမ်းတွေ့နေရမယ်။ တွေ့တဲ့အခါ သူတို့ရဲ့အသံတွေကိုလည်း နားထောင်ရမယ်။ များများတွေ့လေ အကျိုးရှိလေ။ တွေ့ဆုံဆွေးနွေးတဲ့အလေ့အထကို အသက်ပြန်သွင်းနိုင်မယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိမယ်။ ဒါပေမယ့် သိပ်ပြီးမျှော်လင့်ချက်ထားပြီး အဖြေမယ်မယ်ရရ မထုတ်နိုင်ခဲ့ရင် ဒါမျိုးတွေ့ဆုံဆွေးနွေးတာ အဓိပ္ပာယ်ရှိရဲ့လားဆိုတာ မေးခွန်းထုတ်စရာဖြစ်ပါလိမ့်မယ်။ မတွေ့တာထက်တော့ တွေ့တာပိုကောင်းပါတယ်။

**ဦးစိုင်းအောင်မြင့်ခိုင်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ)**

တိုင်းရင်းသားတွေဘက်က ပြောမယ်ဆိုရင် လောဘကြီးတယ်လို့တော့ မပြောနဲ့ပေါ့နော်။ လိုချင်တာတော့ တစ်ယောက်တည်းမကဘူး။ တိုင်းရင်းသားလူမျိုးကြီးတွေထဲက ကိုယ်စားပြုမှာ တစ်ယောက်တည်းဆိုတော့ ထပ်ပြီးလိုချင်တာပေါ့။ တိုင်းရင်းသားတွေအားလုံးကိုယ်စားတစ်ယောက်ပါတယ်ဆိုရင်လည်း ကျေနပ်တော့ ကျေနပ်ရမှာပေါ့။ အားလုံးကို ကိုယ်စားပြုဖို့တော့ ခက်ခဲပါလိမ့်မယ်။ ကိုယ်စားပြုမှာတော့ သမ္မတကြီးပေါ်မှာပဲ မူတည်ပါတယ်။ ဘယ်လိုရွေးချယ်မလဲဆိုတာ ကျွန်တော်တို့လည်း မခန့်မှန်းတတ်သေးဘူး။ ကျွန်တော်တို့လည်း အဲဒါကိုစောင့်ကြည့်နေပါတယ်။

**ဦးနိုထန်ကပ်၊ ဥက္ကဋ္ဌ(ချင်းတိုးတက်ရေးပါတီ)**

လွှတ်တော်ကပြောတဲ့ ခြောက်ပွင့်ဆိုင်ဆိုရင် တိုင်းရင်းသားပါတီဝင်အနေနဲ့က တစ်ဦးတည်းပါမှာ၊ ဒါဆိုရင် နည်းပါတယ်။ မသင့်လည်းမသင့်ပါဘူး။ အထူးသဖြင့် ကျွန်တော်တို့နိုင်ငံမှာ လူမျိုးကြီး ရှစ်ခုရှိပါတယ်။ တိုင်းရင်းသားတွေထဲက တစ်ဦးစီပါသင့်ပါတယ်။ အဲ့ဒီထဲမှာ ပါဝင်တဲ့ သူကလည်း လူ့အရိပ်သုံးပါးကိုနားလည်ပြီး ပြောရဲဆိုရဲရမှာဖြစ်ပါတယ်။ စားပွဲမှာထိုင်ပြီး မပြောရဲ မဆိုရဲရင်လည်း မသင့်တော်ပါဘူး။ တစ်ဦးတော့ အနည်းဆုံး ပါသင့်ပါတယ်။ ဒါဆိုရင် ကျွန်တော်တို့လည်း အားရကျေနပ်မှာ



ဦးနိုထန်ကပ်၊ ဥက္ကဋ္ဌ(ချင်းတိုးတက်ရေးပါတီ)

ဖြစ်ပါတယ်။ ခုနစ်ယောက်စလုံးပါတော့လည်း ဘာဖြစ်လဲ ဒါကျွန်တော်တို့တိုင်းရင်းသားအများစုရဲ့ ရင်ခုန်သံလည်း ဖြစ်ပါတယ်။

**ရန်ကုန်သတင်းအဖွဲ့**

**ဒေါက်တာဆလိုင်းငွန်ကျုံးလျန်၊ ဥပဒေအကြံပေး (မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန)**

ကျွန်တော့်အနေနဲ့ တိုင်းရင်းသားတွေကိုယ်စားပြုပြီး တစ်ယောက်တည်းပါတာကို တိုင်းရင်းသားလူငယ်ရှုထောင့်ကကြည့်လျှင် ဝမ်းနည်းစရာကောင်းတဲ့အဖြစ်အပျက်ပေါ့။ ပထမသမ္မတကြီးက လေးပွင့်ဆိုင်လို့ ကျဉ်းကျဉ်းလေးကနေ အကျယ်ချဲ့ပေးပြီးတော့ ၃၁ ရက်နေ့တွေ့တုန်းက ဆွေးနွေးနိုင်တာ မဆွေးနွေးနိုင်တာ၊ ဆုံးဖြတ်ချက်ချတာ မချတာထက် Stakeholder တွေ အားလုံးကိုယ်စားပြုပြီး အများကြီးပါဝင်လာနိုင်တာကြောင့် အခြေခံဥပဒေပြင်ဆင်ရေးဖြစ်ဖြစ်၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ဖြစ် ဖြေရှင်းနိုင်မယ်လို့ ထင်ပါတယ်၊ ပထမ ၁၄ ဦးတွေ့ပြီးတဲ့ နောက်ပိုင်းမှာ ဧရိယာက ပြန်ကျဉ်းလာတဲ့အခါကျတော့ စဉ်းစားစရာဖြစ်တယ်။ ဒုတိယအချက်က ကျွန်တော်တို့တိုင်းရင်းသားတွေမှာလည်း အားလုံးက တိုင်းရင်းသားပါတီဆိုတာ မရှိပါဘူး။

**ဦးအေးလွင်၊ ဥက္ကဋ္ဌ(ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ)**

ကျွန်တော်တို့သွားနေတာ ပါတီစုံဒီမိုကရေစီနိုင်ငံဖြစ်ပါတယ်။ ပါတီတစ်ခုတည်းကိုပဲ နိုင်ငံတော်ပိုင်းက Highlight လုပ်နေမယ်ဆိုရင် ပါတီစုံဒီမိုကရေစီနစ်ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အင်အားချည့်နဲ့သွားစေနိုင်ပါတယ်။ မီဒီယာနောက်ခံပေးမှု၊ အစိုးရအလေးပေးဆက်ဆံမှုဆိုတာတွေက နိုင်ငံရေးမှာ အဓိကအားတွေပဲ။ နိုင်ငံရေးပါတီတစ်ခုတည်းကို အားထည့်ပေးလိုက်သလိုဖြစ်သွားနိုင်တယ်။ ပါတီစုံဒီမိုကရေစီစနစ်ထူထောင်နေတဲ့၊ စိတ်ဓာတ်ကြွကြွခံပြီး လျှောက်လှမ်းနေတဲ့ပါတီတွေအတွက် စိတ်အားပျက်စေတယ်လို့ ကျွန်တော်




ဦးအေးလွင်၊ ဥက္ကဋ္ဌ(ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ)

မြင်တယ်။ နိုင်ငံရေးပါတီတွေ အကုန်လုံးမှာ တစ်ယောက်ပဲ ကိုယ်စားပြုတာ ကျွန်တော်တော့ မယုံကြည်ဘူး ဝေဖန်စရာဖြစ်လိမ့်မယ်လို့ မြင်တယ်။

နိုင်ငံတကာသတင်း

# ဖာဂူဆန်သေနတ်ပစ်ခတ်မှုအပေါ် မကျေနပ်၍ အမေရိကန်နိုင်ငံတစ်ဝန်း ဆန္ဒပြမှုများဖြစ်ပွား




**နယူးယောက် နိုဝင်ဘာ ၂၆**

လူမည်းဆယ်ကျော်သက် မိုက်ကယ်ဘရောင်း သေဆုံးမှုအပေါ် ရဲအရာရှိတစ်ဦးအား စွဲဆိုထားသည့်အမှု တနင်္လာနေ့က ဆုံးဖြတ်ချက်ကို ဆန့်ကျင်ကန့်ကွက်သောအားဖြင့် အမေရိကန်နိုင်ငံတစ်ဝန်းဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိသည်။

နယူးယောက်မြို့မှ ဆီးယက်တဲလ်အထိ ကြွေးကြော်သံများကြွေးကြော်၍လည်းကောင်း၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ လည်းကောင်း ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသည်။

ဖာဂူဆန်မြို့ စိန့်လူးဝစ် အရပ်၌ တနင်္လာနေ့က အဓိကရုဏ်း ဖြစ်ပွားခဲ့ရာ အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၂၂၀၀တို့ကို မငြိမ်မသက်မှုများ ထပ်မံမဖြစ်ပွားစေရေး ဖြန့်ကြက်ချထားသည်။ ရဲအရာရှိ ဒါရင်ဝီလ်ဆင်သည် ဩဂုတ် ၉ ရက် က မစ်ဆောရီပြည်နယ် ဖာဂူဆန်မြို့ ဆန္ဒပြမှုတွင် ဘရောင်းအမည်ရှိ အသက် ၁၈ နှစ်အရွယ် လူငယ်တစ်ဦးအား သေနတ်ဖြင့် ပစ်သတ်ခဲ့သည်ဟု ဆိုသည်။

ဖာဂူဆန်ရှိ အာဖရိကန္ဒယ်ဖွား အမေရိကန်အသိုက်အဝန်းက အဆိုပါအရာရှိအား လူသတ်မှုဖြင့် တရားစွဲဆိုရန် ဆော်ဩတိုက်တွန်းထားသည်။ သို့သော်လည်း တနင်္လာနေ့ နောက်ပိုင်း ဂျူရီတရားသူကြီးဆုံးဖြတ်ရာတွင် အဆိုပါရဲအရာရှိ၏ သေနတ်ပစ်ခတ်မှုအပေါ် ရာဇဝတ်မှုမမြောက်ဟု ကြေညာခဲ့သည်။ ဘရောင်း၏ မိသားစုရှေ့နေများက အဆိုပါ ဆုံးဖြတ်ချက်မှာ တရားမျှတမှုမရှိဟုဆိုကာ ရှုတ်ချခဲ့ကြသည်။ ယင်းဖြစ်စဉ်အပေါ် မကျေနပ်၍ နိုင်ငံတစ်ဝန်းဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိသည်။ **(ဘီဘီစီ)**

# ဟောင်ကောင်သပိတ်စခန်းများ ရှင်းလင်းဖယ်ရှားမှု ဆက်လက်ပြုလုပ် ပြန်လည်ခုခံသူ ၁၁၆ ဦးအား ရဲအဖွဲ့က ထိန်းသိမ်း

**ဟောင်ကောင် နိုဝင်ဘာ ၂၆**

သပိတ်စခန်းများကို ဖြိုခွင်းစဉ် လုံးထွေးသတ်ပုတ်မှုများ ဖြစ်ပွားခဲ့ပြီး ဟောင်ကောင်၌ ဆန္ဒပြသူ ၁၁၆ဦးအား ရဲအဖွဲ့က ထိန်းသိမ်းထားသည်။

အာဏာပိုင်များက ယင်းတို့ကို တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ဟောင်ကောင်မြို့၏ အဓိကအချက်အချာကျရာ မောင်းကွတ်ခရိုင်၌ သပိတ်စခန်းများ ရှင်းလင်းရေးဆောင်ရွက်စဉ် ဆန္ဒပြသူအချို့ကို ထိန်းသိမ်းလိုက်သည်။

အင်္ဂါနေ့ညပိုင်းတွင် ရဲအဖွဲ့က ဆန္ဒပြသူများကို ဖြိုခွင်းစဉ် ဆန္ဒပြသူများက နက်သန်လမ်းမကြီးအနီး လမ်းသွယ်များ၌ ခုခံမှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ ရဲအဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ဖမ်းဆီးမှုများ ပိုမိုပြုလုပ်ရန် မျှော်လင့်ထားသည်။



မောင်းကွတ်ခရိုင်၌ ရဲတပ်ဖွဲ့ဝင်များ၏ ကျောထောက်နောက်ခံပြုလျက် ဆန္ဒပြသူများ၏ သပိတ်စခန်း ရှင်းလင်းရေးလုပ်ငန်းကို ဆက်လက်ပြုလုပ်လျက်ရှိသည်။ လမ်းများပေါ်တွင် သံခမောက်များ ဆောင်းထားသော ရဲအရာရှိများက သပိတ်စခန်းများကို ရှင်းလင်းနေစဉ် အချို့အရာရှိများက ငရုတ်ကောင်းစပရေးဘူးများ ကိုင်ဆောင်ကာ အသင့်အနေအထားဖြင့် စောင့်ဆိုင်းလျက်တွေ့ရကြောင်း ဒေသမီဒီယာများက ဆိုသည်။ **(ဘီဘီစီ)**

# ကိုင်ရိုအဆောက်အအုံပြိုကျမှု ၁၂ ဦး ထက်မနည်းသေဆုံး၊ ခုနစ်ဦးဒဏ်ရာရ

**ကိုင်ရို နိုဝင်ဘာ ၂၆**

အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရိုတွင် နိုဝင်ဘာ ၂၅ ရက် အစောပိုင်းက အဆောက်အအုံတစ်လုံးပြိုကျခဲ့ရာ ၁၂ ဦးထက်မနည်း သေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင် Ahram သတင်းစာက ၎င်း၏ဝက်ဘ်ဆိုက်ပေါ်တွင် ရေးသားဖော်ပြထားသည်။

ကယ်ဆယ်ရေးအသင်းအဖွဲ့များသည် ကိုင်ရိုမြို့ မာတာရီယာဆင်ခြေဖုံးအရပ်ရှိ အဆိုပါအဆောက်အအုံပြိုကျမှု၌ ပိတ်မိသွားသောအသက်ရှင်ကျန်ရစ်သူများကို ရှာဖွေလျက်ရှိပြီး ဒဏ်ရာရရှိသူခုနစ်ဦးကို ဆေးဝါးကုသမှုခံယူရန်အတွက် ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ယင်းရှစ်လွှာရှိအဆောက်အအုံပြိုကျမှုနှင့်ပတ်သက်၍ ကနဦးစုံစမ်းစစ်ဆေးချက်များ အရအဆောက်အအုံပြိုကျမှုမှာ အဆောက်အအုံဟောင်းပေါ်၌ ခွင့်ပြုချက်မရှိသည့် အထပ်အမြောက်အမြား နောက်ထပ်တည်ဆောက်မှုကြောင့် ဖြစ်သည်ဟု ကိုင်ရိုအရပ်ဘက် ကာကွယ်ရေးအာဏာပိုင်အဖွဲ့ရုံးမှ အရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါ အဆောက်အအုံအနီးအနားရှိ အဆောက်အအုံများမှ ပြည်သူများကို ဘေးကင်းရာအရပ်သို့ ပြောင်းရွှေ့ခဲ့ရကြောင်း၊ ယင်းအဆောက်အအုံဟောင်းကို ၎င်း၏ ဟောင်းနွမ်းသောအခြေအနေကြောင့် မူလကတည်းက စွန့်ခွာရန်အာဏာပိုင်များက သတိပေးခဲ့သော်လည်း အဆောက်အအုံနေ ပြည်သူများက တုံ့ပြန်မှုမရှိသောကြောင့် ယခုကဲ့သို့ ပြိုကျမှုနှင့်ကြုံတွေ့ခဲ့ခြင်းဖြစ်ကြောင်း ၎င်းအရာရှိက ထပ်လောင်းပြောကြားခဲ့သည်။ အီဂျစ်နိုင်ငံတွင် လျော့ရဲသော အစိုးရဆိုင်ရာ ကြီးကြပ်မှုနှင့် လောဘကြီးသော ကုမ္ပဏီများ၏ အပြုအမူကြောင့် ကျေးလက်ဒေသများသာမက မြို့တော်ကိုင်ရိုရှိဆင်ခြေဖုံးအရပ်များ၌ အဆောက်အအုံပြိုကျမှုများနှင့် မကြာခဏကြုံတွေ့လျက်ရှိသည်။ **(ဆင်ဟွာ)**

## ဟူသီတိုက်ခိုက်ရေးသမားများနှင့် ဆွန်နီဆန့်ကျင်ရေးသမားများ ယီမင်တွင် ပဋိပက္ခဖြစ်၊ ငါးဦးသေဆုံး

**ယီမင် နိုဝင်ဘာ ၂၆**

ဗုဒ္ဓဟူးနေ့အစောပိုင်းက ရှီးယိုက်ဟူသီတိုက်ခိုက်ရေးသမားများနှင့် ဆွန်နီ မျိုးနွယ်စုဆန့်ကျင်ရေးသမားများသည် ဆာနားမြို့၌ ပဋိပက္ခများ ဖြစ်ပွားခဲ့ရာ လူငါးဦးသေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်က ဖော်ပြခဲ့သည်။

မြို့တော် အယ်လ်ဟက်စ်ဘရှိ ဒေသခံများက ဟူသီတိုက်ခိုက်ရေးသမားများနှင့် ဆွန်နီအယ်လ်အာမာတပ်ဖွဲ့ဝင်များသည် ဗုဒ္ဓဟူးနေ့ အစောပိုင်းက ပဋိပက္ခများဖြစ်ပွားခဲ့ရာ နှစ်နာရီကျော်ကြာမြင့်ခဲ့သည်ဟု ပြောခဲ့သည်။

စက်တင်ဘာနှောင်းပိုင်းက ယီမင်၏မြို့တော်ကို သိမ်းပိုက်ပြီးကတည်းက ဟူသီတိုက်ခိုက်ရေးသမားများသည် အနောက်နိုင်ငံမဟာမိတ် ယီမင်၏ အဓိက နိုင်ငံရေးအင်အားစုများ ဖြစ်လာခဲ့သည်။

ဟူသီတိုက်ခိုက်ရေးသမားများက ဟက်စ်ဘဒေသကို တိုက်ခိုက်မှုပြုပြီးနောက် ဆွန်နီဆန့်ကျင်ရေးသမားများ ကျန်မကျန် ပိုက်စိပ်တိုက်ရှာဖွေခဲ့ကြောင်း ၎င်းတို့၏ ဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြခဲ့သည်။

ယီမင်နိုင်ငံသည် ၎င်းတို့၏ နိုင်ငံရေးတည်ငြိမ်မှုကို ပြန်လည်တည်ဆောက်ရန် ကြိုးစားရဦးမည်ဖြစ်သည်။ **(ရိုက်တာ)**

## ကျန်းမာရေးဝန်ထမ်းများ အီဘိုလာကူးစက်ခံရပါက ဥရောပတွင် ကုသနိုင်

**ဆိုးလ် နိုဝင်ဘာ ၂၆**

ဗြိတိန်နိုင်ငံက အီဘိုလာရောဂါ တိုက်ဖျက်ရေးအတွက် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်နေသော အီဘိုလာကူးစက်ခံရသည့် တောင်ကိုရီးယားကျန်းမာရေးလုပ်သားများကို ကုသရန် ဆီအာယာလီယွန်သို့ ပြန်လည်စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က သဘောတူလိုက်သည်။

ဆိုးလ်အနေဖြင့် လာမည့်လတွင် ကျန်းမာရေးလုပ်သား ၁၀ ဦးအား ဆီအာယာလီယွန်မြို့ပြင်ရှိ ကုသရေးစင်တာအသစ်သို့ စေလွှတ်မည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် အင်္ဂလိပ်နှင့် အမေရိကန်စေတနာ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနရုံး၏ ထုတ်ပြန်ချက်အရ EU မှ စီစဉ်ထားသော လေယာဉ်သည် အီဘိုလာကူးစက်ခံရသည့် မည်သည့်တောင်ကိုရီးယား ကျန်းမာရေးဝန်ထမ်းကိုမဆို EU ဆေးရုံများသို့ ပို့ဆောင်ပေးမည်ဟု ထုတ်ပြန်ခဲ့သည်။

အင်္ဂလန်ကလည်း အီဘိုလာကူးစက်ခံရသည့် ဩစတြေးလျဝန်ထမ်းများအား ကုသပေးမည်ဟု သဘောတူညီခဲ့သည်။ ကင်ဘာရာက အီဘိုလာကူးစက်ခံရသူ ဝန်ထမ်းများအတွက် ကုသရန်ပစ္စည်းများ မရှိခြင်းကို စိုးရိမ်လျက်ရှိပြီး ၎င်းတို့အား နေရပ်ပြန်ပို့ပေးရန် နာရီ ၃၀ ကြာမျှ အန္တရာယ်ရှိသောအချိန်ကို ရင်ဆိုင်ရမည်ဟု ဆိုသည်။ **(ရိုက်တာ)**

## ပိုလီယိုကုသရေးလုပ်သားလေးဦးအား အကြမ်းဖက်သမားများ သတ်ဖြတ်

**ကွာတာ၊ အစ္စလာမ္မာဘတ် နိုဝင်ဘာ ၂၆**

ပိုလီယိုရောဂါကုသပေးနေသော ပါကစ္စတန်အမျိုးသမီးလုပ်သားသုံးဦးနှင့် ၎င်းတို့၏ ယာဉ်မောင်းအား သေနတ်သမားများက သတ်ဖြတ်ခဲ့ကြောင်း ရဲများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

တာလီဘန်အကြမ်းဖက်သမားများသည် ကလေးငယ်များအား ပိုလီယိုကာကွယ် ဆေးထိုးပေးနေသော ကျန်းမာရေးလုပ်သားများအား မကြာခဏတိုက်ခိုက်လေ့ရှိပြီး အဆိုပါလုပ်သားများအား အနောက်နိုင်ငံ၏ သူလျှိုများအဖြစ် စွပ်စွဲလေ့ရှိသည်။

ရဲအရာရှိ အာဇတ်ရာဇ်က ပြောကြားရာတွင် အဆိုပါ အမျိုးသမီးများသည် ရဲအစောင့်အရှောက်များရှိရာသို့ ထွက်ခွာလာသောလမ်းတွင် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မော်တော်ဆိုင်ကယ်ပေါ်က “လူတွေက ကားကို ကြားဖြတ်ပြီး သေနတ်နဲ့ တိုက်ခိုက်ခဲ့တာပါ”ဟု ၎င်းကဆိုသည်။ ပါကစ္စတန်တွင် ယခုနှစ်၌ ပိုလီယိုရောဂါ ဖြစ်စဉ်ပေါင်း ၂၆၅ ခုရှိသည်။ ကလေးငယ်များအား ကူးစက်ပြီး မကြာမီ ဒုက္ခိတဘဝသို့ ပို့ဆောင်နေသော အဆိုပါ ရောဂါကို ပါကစ္စတန်ရှိ နေရာတိုင်း၌ နှိမ်နင်းလျက်ရှိသည်။ **(ရိုက်တာ)**

## ဂျကာတာရှိ အများပြည်သူပို့ဆောင်ရေးယာဉ်များတွင် ဓာတ်ငွေ့လောင်စာအသုံးပြုမည်ဟု မျှော်မှန်း

**ဂျကာတာ နိုဝင်ဘာ ၂၆**

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာတွင် ပြေးဆွဲနေသောအများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်များအားလုံးတွင် သုံးနှစ်တာကာလအတွင်း ဓာတ်ဆီလောင်စာအစား ဓာတ်ငွေ့လောင်စာ အသုံးပြုလိမ့်မည်ဟု မျှော်မှန်းထားကြောင်း အင်ဒိုနီးရှား ဘဏ္ဍာရေးဝန်ကြီး ဘမ်းဘက်ဘရော့ဂျိုနီဂိုရိုက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ဓာတ်ဆီလောင်စာဈေးနှုန်း မြင့်တက်လာမှုသည် ယာဉ်များတွင် ဓာတ်ငွေ့လောင်စာအသုံးပြုရန်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုကို အထောက်အကူပြုမည်ဖြစ်သည်ဟု ၎င်းကဆိုသည်။

အစိုးရက နိုဝင်ဘာ ၁၇ ရက်တွင် လောင်စာသုံးငွေကို ၃၀ ရာခိုင်နှုန်းနီးပါး တိုးမြှင့်ပေးခဲ့ပြီးသည့်နောက် ၎င်းက အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအစိုးရသည် လောင်စာဆီအပေါ် တိုင်းပြည်၏ အမှီသဟဲပြုမှုလျော့ချရေးနှင့် တိုင်းပြည်အတွင်း အရန်ထားရှိမှုအများဆုံးဖြစ်သော ဓာတ်ငွေ့လောင်စာ အသုံးပြုမှုမြှင့်တင်ပေးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းတွင် ဓာတ်ငွေ့လောင်စာဖြည့်ဆိုင် ဒါဇင်ပေါင်းများစွာ တည်ဆောက်ထားပြီးဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် သဘာဝဓာတ်ငွေ့အရန် ၁၀၄ ထရီလီယံကုဗပေနှင့် လောင်စာဆီအရန် ၃ ဒသမ ၇ ဘီလီယံပီပါ ရှိသည်ဟု SKK Migas ၏ ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။ **(ဆင်ဟွာ)**

# အိုးထရက်ဖို့ဒ်မှာ မန်ယူတို့နိုင်ပွဲဆက်ပါ့မလား

ပရီမီယာလိဂ်ပွဲစဉ်(၁၃)ကို ဒီတစ်ပတ် စနေ၊ တနင်္ဂနွေနေ့တွေမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ တန်းစီဇယားထိပ်ဆုံးက ပြေးနေတဲ့ ချယ်လ်ဆီးဟာ ပြိုင်ဘက်ကောင်းဆန်းဒါးလန်းနဲ့ တွေ့ရမှာမို့ စိုးရိမ်ပူပန်စရာကောင်းတဲ့ပွဲပါပဲ။ မော်ရင်ဟိုအတွက် ခါးသီးတဲ့ပွဲစဉ် ဟုတ် မဟုတ်စောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။

**မန်ယူနှင့် ဟားလ်စီးတီး**

အာဆင်နယ်ကို အဝေးကွင်းမှာ နိုင်ပွဲဈေးဦးပေါက်ထားတဲ့ မန်ယူဟာ အဝေးကွင်းမှာ သရေပွဲဖြစ်အောင် ကစားတတ်တဲ့ ဟားလ်စီးတီးနဲ့ ရင်ဆိုင်ရမှာဖြစ်လို့ ပေါ့ဆလို့တော့ မရပါဘူး။ တိုက်စစ်မှူး ဖယ်ကာအို ပြန်လည်ပါဝင်နိုင်တဲ့ ဒီပွဲစဉ်ကို နည်းပြဗန်ဟားလ် အကောင်းဆုံးအခင်းအကျင်းနဲ့ ပွဲထွက်ပါလိမ့်မယ်။ ခံစစ်ကြောင်းသိပ်သည်းတဲ့ ဟားလ်စီးတီးကို မန်ယူတို့အလေးထားကစားမှ ရပါလိမ့်မယ်။

**ဆန်းဒါးလန်းနှင့် ချယ်လ်ဆီး**

ဒီနှစ်ဘောလုံးရာသီ ပရီမီယာလိဂ်မှာ ရှုံးပွဲမရှိသေးတဲ့ ချယ်လ်ဆီးဟာ ဆန်းဒါးလန်းကို စိုးရိမ်စိတ်နဲ့ကစားရတော့မှာ ဖြစ်ပါတယ်။ ဆန်းဒါးလန်းဟာ အိမ်ကွင်း၊ အဝေးကွင်းတွေမှာ ချယ်လ်ဆီးကို အနိုင်ကစားနိုင်တာမို့ မော်ရင်ဟိုရဲ့ ရှုံးပွဲမရှိစံချိန် ချိုးဖျက်ခံရနိုင်မလားဆိုတာ စိတ်ဝင်စားစရာပါပဲ။ ဒါပေမယ့် အိမ်ကွင်းမှာ ရလဒ်ဆိုးရွားနေတဲ့ ဆန်းဒါးလန်းကလည်း အကောင်းဆုံးခြေစွမ်းနဲ့ တုံ့ပြန်ဖို့ကြိုးစားနိုင်မလားဆိုတာ မှန်ဝါးနေပါတယ်။ ချယ်လ်ဆီးကို ဘယ်လိုကစားရမယ်ဆိုတာ သိထားတဲ့ ဆန်းဒါးလန်းရဲ့ အားထုတ်မှုကို ပိုပြီးနှစ်သက်မိပါတယ်။

**ဝက်စ်ဘရွန်းနှင့် အာဆင်နယ်**

ဝက်စ်ဘရွန်းနဲ့ဆိုတိုင်း အာဆင်နယ်တို့ နိုင်ပွဲရတာများပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်မှာ မန်ယူကို အိမ်ကွင်းမှာရှုံးပွဲကြုံထားတဲ့ အာဆင်နယ်ဟာ ဒီပွဲမှာတော့ မဖြစ်မနေအနိုင်ရလဒ်ကို ရှာဖွေဖို့ ကြိုးစားပါလိမ့်မယ်။ ဝေဖန်ပြစ်တင်မှုတွေခံနေရတဲ့ နည်းပြအာစင်ဝင်းဂါးဟာ အကောင်းဆုံးအခင်းအကျင်းနဲ့ နိုင်ပွဲရယူပါလိမ့်မယ်။

**လီဗာပူးနှင့် စတုတ်**

ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေတဲ့ လီဗာပူးတို့ အခုပွဲအိမ်ကွင်းမှာကစားရမှာမို့ မျှော်လင့်ချက်ထားလို့ရမယ့်ပွဲပါ။ လီဗာပူးတို့က ခံစစ်ကြောင်း အားနည်းသလို တိုက်စစ်ပိုင်းလည်း ကျဆင်းနေတာမို့ အားရစရာတော့မရှိပါဘူး။ ဒါပေမယ့် စတုတ်တို့နဲ့ဆုံတိုင်း အသာစီးရအောင်ကစားတတ်တဲ့ လီဗာပူးတို့အခြေအနေကောင်းနဲ့ ကြုံတွေ့နိုင်ပါတယ်။

**ဝက်စ်ဟမ်းနှင့် နယူးကာဆယ်**


အဝေးကွင်းမှာ ခြေစွမ်းပုံမှန်ရနေတဲ့ နယူးကာဆယ်ကို ဝက်စ်ဟမ်းတို့ လွယ်လွယ်ကူကူ ကျော်ဖြတ်ဖို့မလွယ်ပါဘူး။ ဝက်စ်ဟမ်းတိုက်စစ်မှူးတွေက ဂိုးသွင်းစွမ်းရည်ကောင်းမွန်နေတာကို သတိပြုရမှာဖြစ်လို့ နယူးကာဆယ်တို့ အမြင့်ဆုံးမှန်းနိုင်တာက တစ်မှတ်ပါပဲ။

**ဘန်လေနှင့် ဗီလာ**

စွမ်းရည်ကျဆင်းနေတဲ့ ဗီလာတိုက်စစ်က အားရစရာမရှိပါဘူး။ ဘန်လေရဲ့ အိမ်ကွင်းနိုင်ပွဲဆက်ဖို့ စိတ်ဓာတ်ပြင်းထန်မှုကြောင့် ဗီလာတို့ ပွဲကျပ်ဖြစ်သွားနိုင်ပါတယ်။ ခံစစ်ပိုင်းအားနည်းတဲ့ ဗီလာကို ဘန်လေတို့ အားထုတ်မှုကောင်းကောင်းနဲ့ အမှတ်ပြည့်ယူသွားနိုင်တဲ့ အခွင့်အရေးများနေပါတယ်။

**မိုးမြင့်လင်းလက်**

## ချန်ပီယံလိဂ်သမိုင်း ဂိုးအများဆုံးသွင်းသူ မက်ဆီဖြစ်လာ



ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် အေပိုးလ်နစ်ကိုးရှားအသင်းနှင့်ကစားသည့်ပွဲတွင် ဟက်ထရစ်ဂိုးသွင်းယူခဲ့ရာ ချန်ပီယံလိဂ်သမိုင်းတွင် ဂိုးအများဆုံးသွင်းသူဖြစ်လာသည်။ မက်ဆီသည် ဆိုက်ပရပ်စ်၌ နိုဝင်ဘာ ၂၆ ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စု (F)ပြိုင်ပွဲတွင် အဆိုပါ ဟက်ထရစ်ဂိုးသွင်းယူခဲ့ရာ ရီးရဲမက်ဒရစ်တိုက်စစ်မှူးဟောင်း ရာအူးလ် တင်ထားသည့် ၇၁ ဂိုးစံချိန်ကို ကျော်ဖြတ်ကာ ၇၄ ဂိုးအထိ သွင်းယူနိုင်သူ ဖြစ်လာသည်။

"ဒီလိုအရေးကြီးတဲ့ပြိုင်ပွဲမှာ စံချိန်တင်အောင် ဂိုးသွင်းယူနိုင်တဲ့အတွက် အလွန်ပဲဝမ်းသာပီတိဖြစ်ရပါတယ်"ဟု အသက် ၂၇ နှစ်အရွယ် တိုက်စစ်မှူး မက်ဆီက ပြောသည်။ မက်ဆီသည် လေးရက်အတွင်း ဒုတိယမြောက် ဂိုးသွင်းစံချိန်ကို တင်ခဲ့ခြင်းဖြစ်သည်။ စနေနေ့က ဆီဗီလာကိုအနိုင်ရသည့် ပွဲတွင်လည်း မက်ဆီသည် လာလီဂါသမိုင်းတွင် ၂၅၃ ဂိုးဖြင့် စံချိန်တင်ခဲ့သည်။

**ကောင်းမြတ်သူ**

နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

## ယူရိုပါလိဂ် အုပ်စုပွဲစဉ်များ

သီဟ

| | | | |
|---|---|---|---|
| **ယူရိုပါလိဂ် အုပ်စု(A)** | | | **နိုဝင်ဘာ ၂၈** |
| ဗီလာရီးရဲလ် | - | မိုချန်ဂလက်ဘတ် | နံနက် ၂း၃၅ |
| ဇူးရစ် | - | အပိုလွန်လီမောဆိုး | နံနက် ၂း၃၅ |
| **ယူရိုပါလိဂ် အုပ်စု(B)** | | | **နိုဝင်ဘာ ၂၈** |
| တိုရီနို | - | ကလပ်ဘရူ | နံနက် ၂း၃၅ |
| ဟယ်လ်ဆင်ကီ | - | ကိုပင်ဟေဂင် | နံနက် ၂း၃၅ |
| **ယူရိုပါလိဂ် အုပ်စု(C)** | | | **နိုဝင်ဘာ ၂၈** |
| စပါး | - | ပါတီဇန် | နံနက် ၂း၃၅ |
| ထရီပိုလစ်စ် | - | ဘက်ဆစ်တပ်စ် | နံနက် ၂း၃၅ |
| **ယူရိုပါလိဂ် အုပ်စု(D)** | | | **နိုဝင်ဘာ ၂၈** |
| ဆဲလ်တစ် | - | ဆာ့လ်ဘတ် | နံနက် ၂း၃၅ |
| အက်စ်ထရာ | - | ဒိုင်နမိုဇာဂရက် | နံနက် ၂း၃၅ |
| **ယူရိုပါလိဂ် အုပ်စု(E)** | | | **နိုဝင်ဘာ ၂၇/၂၈** |
| ဒိုင်နမိုမော်စကို | - | ပါနာသီနာကို့စ် | ည ၁၀း၃၀ |
| အက်စ်တိုရယ် | - | PSV | နံနက် ၂း၃၅ |
| **ယူရိုပါလိဂ် အုပ်စု(F)** | | | **နိုဝင်ဘာ ၂၈** |
| အင်တာမီလန် | - | ဒီနီပရို | နံနက် ၂း၃၅ |
| စိန့်အက်တီယန် | - | ကာရာဘက်ခ် | နံနက် ၂း၃၅ |
| **ယူရိုပါလိဂ် အုပ်စု(G)** | | | **နိုဝင်ဘာ ၂၈** |
| ရီဂျက်ကာ | - | စတန်းဒက်လိဂ် | နံနက် ၀၀း၃၀ |
| ဖီယင်နူ | - | ဆီဗီလာ | နံနက် ၀၀း၃၀ |
| **ယူရိုပါလိဂ် အုပ်စု(H)** | | | **နိုဝင်ဘာ ၂၇/၂၈** |
| ခရက်စ်နိုဒါ | - | လိုင်လီ | ည ၁၁း၃၀ |
| ဝုဖ်ဘတ် | - | အဲဗာတန် | နံနက် ၀၀း၃၀ |
| **ယူရိုပါလိဂ် အုပ်စု(I)** | | | **နိုဝင်ဘာ ၂၈** |
| ဆလိုဗန် | - | ယန်းဘွိုင်းစ် | နံနက် ၀၀း၃၀ |
| စပါတာပရာဂူး | - | နာပိုလီ | နံနက် ၀၀း၃၀ |
| **ယူရိုပါလိဂ် အုပ်စု(J)** | | | **နိုဝင်ဘာ ၂၈** |
| အယ်လ်ဘော့ | - | စတူအာဘူခါရက် | နံနက် ၀၀း၃၀ |
| ဒိုင်နမိုကိဗ် | - | ရီယိုအဲ့ | နံနက် ၀၀း၃၀ |
| **ယူရိုပါလိဂ် အုပ်စု(K)** | | | **နိုဝင်ဘာ ၂၈** |
| ဒိုင်နမိုမီနက်စ် | - | PAOK | နံနက် ၀၀း၃၀ |
| ဂူအင်ဂမ့် | - | ဖီအိုရင်တီးနား | နံနက် ၀၀း၃၀ |
| **ယူရိုပါလိဂ် အုပ်စု(L)** | | | **နိုဝင်ဘာ ၂၈** |
| ထရက်ဇွန်စပေါ် | - | မက်တဲလစ် | နံနက် ၀၀း၃၀ |
| လိုကီရန် | - | လီဂီယာဝါဆော | နံနက် ၀၀း၃၀ |



ကြော်ငြာ



# စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးအေးကို (လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)လ-ဝ-က) + ဒေါ်ကြူကြူတို့၏သား

**မောင်အောင်ကိုကို**

B.A (Business Management), Dip in Computer Studies (UCSY)

Dip in Hotel Management (Confederation of Tourism & Hospitality, Singapore)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးခင်လှိုင် (Chairman, Zawtika Group of Companies) + ဒေါ်ခင်ဆွေဝင်း တို့၏သမီးကြီး

**ဒေါက်တာခင်ရူပါဦး** M.B.,B.S (Ygn)

Managing Director (Myanmar Big Shops Supermarket Group)

တို့၏ (၁၆-၁၁-၂၀၁၄)ရက်၊ အမျိုးသားအောင်ပွဲနေ့တွင် Sule Shangri-La Hotel(တောင်ငူ-အင်းဝ ခန်းမ)၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တရားလွှတ်တော် တရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် အသိသက်သေအဖြစ် ဆောင်ရွက်ပေးပါသော ကိုနေလင်း၊ ဒေါက်တာအိမ့်မို့မို့အောင်နှင့် ဒေါက်တာလူမွန်၊ ဒေါက်တာဆုမြတ်စန္ဒီဦးတို့အားလည်းကောင်း၊ (၁၇-၁၁-၂၀၁၄)ရက်နေ့တွင် မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးအလှူတော်သို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ အဖက်ဖက်မှလိုလေသေးမရှိ ဖြည့်ခံစောင့်ရှောက်ဆောင်ရွက်ပေးပါသော မဟာစည်သာသနာ့ရိပ်သာ ဂေါပကအဖွဲ့ဝင်လူကြီးများနှင့် ဝေယျာဝစ္စအဖွဲ့အားလည်းကောင်း၊ (၂၃-၁၁-၂၀၁၄) ရက်နေ့တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ အခမ်းအနားပွဲသို့ ကြွရောက်ချီးမြှင့် ပေးပါသော ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင် ဇနီး ဒေါ်တင်တင်အေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင် အားလည်းကောင်း၊ နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာနေဇင်လတ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခဦးရဲမြနှင့် ဇနီးတို့အားလည်းကောင်း၊ စုလျားရစ်ပတ် ပေးပါသော Silver Tiger Group of Companies မှ ဥက္ကဋ္ဌ ဦးတင်လတ်နှင့် ဇနီးသုဓမ္မသိင်္ဂီဒေါ်မာလာမြင့်တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းပေးပါသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် နှင့် ဇနီး ဒေါ်မြင့်မြင့်သန်း တို့အားလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းအသင်းချုပ် ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်အဖွဲ့အား လည်းကောင်း၊ အထည်ချုပ် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလည်းကောင်း၊ စာပေထုတ်ဝေသူများနှင့် ဖြန့်ချိရေးအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလည်းကောင်း၊ Intellectual Property Propreitors' Association of Myanmar (IPPAM) အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလည်းကောင်း၊ လပွတ္တာမြို့နယ်အသင်းမှ ဒု-ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလည်းကောင်း၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ၈၈ ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးကိုကိုကြီးအားလည်းကောင်း၊ ဇောတိကကုမ္ပဏီ၏ လုပ်ငန်းခွဲအသီးသီးနှင့် စီးပွားဖက်မိတ်ဆွေများဖြစ်ကြသည့် ကုမ္ပဏီ၊ လုပ်ငန်းအသီးအသီးမှ ပိုင်ရှင်များ၊ ဥက္ကဋ္ဌများ၊ မန်နေးဂျင်းဒါရိုက်တာများ၊ ဒါရိုက်တာများ၊ စာပေထုတ်ဝေသူလုပ်ငန်းရှင်များ၊ ရန်ကုန်မြို့နေ လပွတ္တာမြို့မိမြို့ဖများနှင့် မိတ်ဆွေအပေါင်းအသင်းများအားလည်းကောင်း၊ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာဖြည့်ခံပွဲသို့ ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိသော်လည်း မင်္ဂလာသြဝါဒစကားနှင့် မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ပေးပါသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဘဘဦးတင်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုဥက္ကဋ္ဌ ဦးဌေးဦး၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိတ်ဆွေအပေါင်းအသင်းများလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်အားလည်းကောင်း၊ ပွဲစဉ်အားလုံး အစမှ အဆုံးထိ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာဆင်မြန်းပေးပါသော ဦးဝင်းနိုင်+သီရိသုဓမ္မသိင်္ဂီဒေါ်စန်းစန်း (Win & San Diamond & Fine Jewellery) အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ ဆင်မြန်းပေးပါသော Designer မပုံ့(My Favorite)၊ ပန်းအလှဆင်ပေးပါသောမာမီကျော်(မလေးရှား)၊ မယဉ်လင်းမြင့် (Fashion My Heart) အားလည်းကောင်း၊ မင်္ဂလာ အခါတော်ပေး သီဆိုပေးပါသော ရတနာဦး၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဖြည့်ခံပေးပါသော အလင်္ကာဝတ်ရည် တေးဂီတဝိုင်း၊ မင်္ဂလာပန်းကြဲပေးပါသော ရုပ်ရှင်ဗွီဒီယိုနှင့် ကြော်ငြာမင်းသမီး ယုသန္တာတင်နှင့် ညီမငယ် မနှင်းမြတ်နိုးဦး၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးပါသော မအေးမြတ်သရဖီနှင့် မင်္ဂလာလက်စွပ် ဗန်း ကိုင်ဆောင်ပေးပါသော ဒေါက်တာကေသီခိုင်၊ မင်္ဂလာသတို့သားအရံ ဒေါက်တာထင်ဇော် နှင့် ဒေါက်တာကျော်ဇေယျာဝင်း၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာခိုင်သဉ္ဇာစိုး နှင့် မလှဲ့ဖြူပြာမျိုးမြင့်၊ မိတ်ကပ် ဆံပင်ပြင်ဆင်ပေးပါသော ဒီဇင်ဘာနင်းနှင့်အဖွဲ့၊ ဓါတ်ပုံနှင့်ဗွီဒီယိုမှတ်တမ်းတင်ပေးပါသော ဝဏ္ဏစွာနီး (Focus Daily) နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာဖန်တီးပေးပါသော Dagon Printing၊ မေတ္တာဖြင့် မင်္ဂလာလက်ဖက် တည်ခင်းပေးပါသော စောမိုလက်ဖက်အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာ နှင့် ဝန်ထမ်းများအားလည်းကောင်း၊ (၂၃-၁၁-၂၀၁၄)ရက်နေ့တွင် Chatrium Hotel (Poolside) ၌ ကျင်းပသော မင်္ဂလာညစာ စားပွဲသို့ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မတင်မိုးလွင်၊ မိတ်ကပ် မေဦးနှင့်အဖွဲ့၊ ဓါတ်ပုံဗွီဒီယို ကိုနိုင်နိုင်ထွန်း (Exposure) နှင့်အဖွဲ့၊ Music Band ဂီတမိတ်နှင့်အဖွဲ့၊ Lighting မီးငယ်၊ မိတ်ကပ် မထက် (Pop Soul)နှင့်အဖွဲ့၊ ကိုသီဟ (Kix Sin)နှင့်အဖွဲ့၊ Sule Shangri-La Hotel မှ မန်နေဂျာ နှင့် ဝန်ထမ်းများ၊ Chatrium Hotel မှ မန်နေဂျာ နှင့် ဝန်ထမ်းများ၊ ဇောတိကကုမ္ပဏီမှ ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား စီစဉ်ပေးပါသော SIGNATURE Wedding & Events Planning အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သောဆွေမျိုး၊ မိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

နှစ်ဖက်သော မိဘများနှင့် မောင်အောင်ကိုကို + ဒေါက်တာ ခင်ရူပါဦး

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# သိမှတ်ဖွယ်ရာအင်္ဂလိပ်စာအဖြာဖြာ အပိုင်း(၁၀)

ပါမောက္ခခင်မောင်ဝင်း(အသည်း)

**ရေးတော့အမှန်ဖတ်တော့အသံ**

မြန်မာစာမှာ"ရေးတော့အမှန် ဖတ်တော့အသံ"ဆိုတာ ရှိပါတယ်။ ဥပမာပြောရမယ်ဆိုရင် 'ပဲခူး'လို့စာလုံးပေါင်းပေမယ့်လည်း အသံထွက်တော့ 'ဗဂိုး' လို့အသံထွက်ပြီး ပြောကြဆိုကြပါတယ်။

အင်္ဂလိပ်စာမှာလည်း အဲလိုပဲစာလုံးပေါင်း spelling နဲ့ အသံထွက် လုံးဝမတူ ထူးခြားတဲ့စကားလုံးတွေရှိပါတယ်။ တချို့စာလုံးတွေမှာ တချို့အက္ခရာတွေကို အသံဖျောက်ထားပြီး အသံထွက်တာတွေလည်းရှိပါတယ်။ အဲဒါကြောင့် အင်္ဂလိပ်စကားကို ပြောမယ်ဆိုရင်တော့ အသံထွက်လေးတွေကို အမှန်အကန်အသံထွက်နိုင်ဖို့ လိုပါလိမ့်မယ်။

အဲလိုစာလုံးပေါင်းနဲ့ အသံထွက်မတူတဲ့ စကားလုံးတွေကို အသေးစိတ် တစ်လုံးစီကို အသံထွက်ရေးထားတဲ့ အဘိဓာန်တွေထဲမှာ Oxford Pronouncing Dictionary ဟာ အကောင်းဆုံးပါပဲ။ အင်္ဂလိပ်စကားလုံးတစ်လုံးကိုတွေ့လို့ အသံထွက် အမှန်ကိုသိချင်ရင် အဲဒီအဘိဓာန်ကို ကြည့်လိုက်ပါ။

အင်္ဂလိပ်စာအသံထွက်ဖတ်နည်း ဖိုနက်တစ်(Phonetics) စနစ်လေးကိုတော့ နည်းနည်းလေ့လာရပါမယ်။ အဲဒီအဘိဓာန်မှာ အင်္ဂလိပ်လိုစာလုံးတိုင်းရဲ့ အသံထွက်တွေကို ဖိုနက်တစ်နဲ့ ရေးထားပါတယ်။ အင်္ဂလိပ်စကားလုံးတိုင်းရဲ့ အသံထွက်လို့ ပြောလိုက်ပေမယ်လို့ တချို့ကုန်ပစ္စည်းတွေ ကုမ္ပဏီတွေရဲ့ နာမည်ကိုတော့ အဲဒီအဘိဓာန်မှာ မတွေ့နိုင်ပါဘူး။ ကိုယ့်ဘာသာသိရမှာပါ။ ဥပမာပြောရမယ်ဆိုရင် NIKEဆိုတဲ့ Walking Shoe၊ Sport Shirt၊ ဂေါက်တံစတဲ့ အားကစားပစ္စည်းတွေကိုထုတ်တဲ့ကုမ္ပဏီ ဘယ်လိုအသံထွက်မလဲ၊ နိုက်လို့ ထွက်နေတဲ့သူတွေ အများကြီးရှိပါတယ်။ တကယ်တော့ နိုက်ကီလို့ အသံထွက်ရမှာပါ။ ဒါမျိုး အသံထွက်တွေကိုတော့ အဘိဓာန်ထဲမှာ တွေ့ချင်မှတွေ့ရမှာပေ့ါ။

ဒီလိုအသံထွက်တွေဟာ အရေးမကြီးဘူးလို့ထင်ရပေမယ်လို့ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းတွေထဲမှာ ဝင်ဆံ့မယ်ဆိုရင် ဒီလိုမှန်ကန်တဲ့အသံထွက်တွေနဲ့ ပြောနိုင်ဆိုနိုင်ဖို့လိုပါလိမ့်မယ်။

အင်္ဂလိပ်စာအသံထွက်နဲ့ ပတ်သက်လို့ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရယ်စရာတစ်ခုကို ပြောပြချင်ပါသေးတယ်။ အဲဒါကတော့ "အခုခေတ်လူငယ်လေးတွေဟာ အင်္ဂလိပ်စာတော်တော်ညံ့တယ်။ သူတို့ပရိုနောင်စီရေးရှင်း (Pronunciation) တွေက မမှန်ကြဘူး" လို့ ပြောကြတဲ့သူတွေကို တွေ့ဖူးပါတယ်။ တကယ်တော့ သူတို့ကိုယ်တိုင် အသံထွက်မှားနေတာကို မသိတာဟာ ဟာသဖြစ်နေတာပါ။ ဘယ်လိုလဲဆိုတော့ Pronunciation ဆိုတဲ့ အသံထွက်ဆိုတာကို ပရိုနောင်စီရေးရှင်းလို့ အသံထွက်ရမှာမဟုတ်ပါဘူး။ ပရိုနန်စီရေးရှင်းလို့ အသံထွက်ရမှာပါ။

ဒီလိုစာလုံးပေါင်းနဲ့ အသံထွက်ကွဲပြားပြီး ရေးတော့အမှန်ဖတ်တော့အသံဖြစ်နေတဲ့ အင်္ဂလိပ်စာလုံးတွေအများကြီးထဲက ကျွန်တော်တို့သိသင့်တဲ့ မြန်မာတွေ အသုံးများတဲ့ စကားလုံးတချို့ကို ဇယားတွင် နမူနာဖော်ပြထားပါတယ်။

ဘယ်အင်္ဂလိပ်စာလုံးမဆို အသံထွက်မသေချာဘူးဆိုရင် အသံထွက်အဘိဓာန်လေးနဲ့ စစ်ကြည့်ပြီး အသံထွက်လွဲမှားတတ်တဲ့ အသံထွက်လေးတချို့ကို နမူနာအနေနဲ့ ရေးပြလိုက်ပါတယ်။

| စကားလုံး | အဓိပ္ပာယ် | အသံထွက်အမှား | အသံထွက်အမှန် | မှတ်ချက် |
|---|---|---|---|---|
| VINYL | စာတန်းတွေပုံတွေကိုရိုက်ထားတဲ့ပလတ်စတစ်ပြား | ဗီနိုင်းလ် | ဗိုင်နေးလ် | |
| SALMON | ရေချိုငါး | ဆယ်(လ်)မွန် | ဆယ်မွန် (Lအသံကို ထည့်ပြီး မထွက်ရပါ) | |
| ALMOND | ဗာဒံစေ့လိုအစေ့တစ်မျိုး | အယ်(လ်)မွန် | အယ်မွန် (Lအသံကို ထည့်ပြီး မထွက်ရပါ) | |
| LETTUCE | ဆလတ်ရွက် | လက်တပ်စ် လက်ကြူစ် | လက်တစ်(စ်) | |
| CHEF | ချက်ပြုတ်တဲ့သူ | ချက်(ဖ်) | ရှက်(ဖ်) | |
| PURPOSE | ရည်ရွယ်ချက် | ပါပို့(စ်) | ပါပတ်စ် | |
| DOUBT | သံသယ | ဒေါက်ဘ(တ) | ဒေါက်(တ်) (b)အသံ မထည့်ရပါ) | |
| SEW | ချုပ်သည် | ဆူး | ဆိုး | |
| PLUMBER | ရေပိုက်သမား | ပလမ်းဘား | ပလမ်းမား(b)သံကို ထည့်မထွက်ရပါ။ | |
| Oven | ဟင်းနွှေးသောမီးဖို | အိုဗင် | အာဗင် | O ကို aလိုပဲ အသံထွက်ရပါတယ် |
| Islet | ကျွန်းငယ်ကလေး | အစ်စ်လက် | အိုင်းလက် | |
| Horizon | မိုးကုပ်စက်ဝိုင်း | ဟော်ရီဇွန် | ဟရိုက်ဇွန် | Oကို aလိုပဲ အသံထွက်ရပါတယ် |
| Liquorice | နွယ်ချို | လစ်ကိုရိုက်စ် | လစ်ကရစ် | |
| Invitation | ဖိတ်စာဖိတ်ကြားခြင်း | အင်ဗိုက်တေးရှင်း | အင်ဗစ်တေးရှင်း | |
| Restaurant | စားသောက်ဆိုင် | ရက်စ်တောရင့် | ရက်စ်ထရွန့် | |
| Formula One (F1)Grand Prix | F1 မော်တော်ကားပြိုင်ပွဲ | ဂရင်းပရစ်(စ်) | ဂရန်းပရီ | ပြင်သစ်စကား |
| Marijuana | ဆေးခြောက် | မာရီဂွားနား | မရီဝါးနား | စပိန် |
| Elite | လူ့မလိုင်အထက်တန်းလွှာ | အီလိုက် | အီလိ (တ်) | |

**အမည်များ**

| Thames | UK နိုင်ငံလန်ဒန်မြို့ရှိမြစ် | သိမ်းမ်စ် | တင်းမ်စ် | မှတ်ချက် |
|---|---|---|---|---|
| LINCOLN | ကားနာမည် အမေရိကန်ကျွန်စနစ် ပပျောက်ရေးဆောင်ရွက်သူ သမ္မတ | လင်းကွန်း | လင်းကင်း | |
| Leonard | လူအမည် | လီယိုနဒ် | လင်းနဒ် | |
| D&G Doice & Gabana | နာမည်ကြီး အင်္ကျီ ခါးပတ်နှင့် ဖက်ရှင်တံဆိပ် | ဒွိုက်(စ်) and ဂဘာနာ | ဒိုချေး ဂဘာနာ | အီတလီနာမည် |
| Versace | နာမည်ကြီး ဖက်ရှင် ဒီဇိုင်းနာ | ဗာဆေ့စ် | ဗဆားချီ | အီတလီနာမည် |
| Cartier | နာမည်ကြီး ဖက်ရှင် ဒီဇိုင်းနာ | ကာတီးရား | ကာတီးရေး | ပြင်သစ် |
| Gucci | နာမည်ကြီး ဖက်ရှင် ဒီဇိုင်းနာ | ဂူဆီ | ဂူချီ | အီတလီနာမည် |
| San Jose | အမေရိကန်နိုင်ငံမှမြို့ | ဆန်းဂျို့စ် | ဆန်ဟိုဆေး Jose ကို ဟိုးဆေးလို့ အသံထွက်ပါ။ | စပိန် |
| Edinburgh | စကော့တလန်နိုင်ငံရဲ့ မြို့တော် | အီဒင်ဘာ့(ဂ်) | အီဒင်ဘရာ | |
| Middles-brough | အင်္ဂလန်နိုင်ငံရဲ့ မြို့တစ်မြို့၊ | မစ်ဒယ် ဘရာ့(ဂ်) | မစ်ဒယ်ဘရာ | ဘောလုံးအသင်းနာမည်လည်း ရှိပါတယ်။ မှားပြီး အသံထွက်နေကြပါသေးတယ်။ |
| Plymouth | အင်္ဂလန်နိုင်ငံရဲ့ မြို့တစ်မြို့အမည် | ပလိုင်း မောက်(သ်) | ပလိမော့(သ်) | |

မြန်မာလူငယ်တွေ အင်္ဂလိပ်အသံထွက် မှန်မှန်ကန်ကန်ထွက်ပြီး အင်္ဂလိပ်စာကို ပြောဆိုနိုင်အောင် ကြိုးစားပါလို့ တိုက်တွန်းလိုက်ပါရစေလို့ပြောရင်းနဲ့ ဒီအပတ်ဆောင်းပါးကို နိဂုံးချုပ်လိုက်ပါတယ်။

**ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၀ယ/၄၅၁၆၂ SYM Bonnus 110 ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝင်း ၉/မနမ(နိုင်)၀၇၆၁၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈၈/၈၂၇၂ GOLDEN LION, L/T, P/U ယာဉ်လက်ဝယ်ရှိသူ မင်းကွန်းတိပ်ဋ္ဌက-နိကာယကျောင်းတိုက်က (ကမ-၃) ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၂ယ/၈၆၄၇၄ Yamaha Fino, MCယာဉ်လက်ဝယ်ရှိသူ ဒေါ်လီးဖွေကြီး ၁၃/သပန(နိုင်)၀၃၀၃၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ဖယ/၆၂၁၆၉ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၄/ဟသတ(နိုင်)၀၁၃၆၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ယ/၇၅၀၁၄ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းထွန်း ၉/မရမ(နိုင်)၀၀၂၉၁၁၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉င/၁၃၅၃ BMW S/W (4×4)L ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနေလတ် ၁၀/မလမ(နိုင်)၀၅၁၃၂၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈ယ/၅၀၄၉၇ V.Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူနိုင် ၇/လမတ(နိုင်)၁၄၂၆၁၁က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ဖယ/၂၈၆၀၀ Suzuki Smash-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောဘလုထူး ၁၄/ပဗတ (နိုင်)၀၂၀၅၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၃ယ/၇၀၇၅၅ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝင်း ၁၄/ကကထ(နိုင်)၁၄၂၆၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ယ/၆၄၁၁ Honda Dream ND 125 M, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၆/သရခ(နိုင်)၀၀၄၉၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၅ယ/၂၄၄၃၃ Honda Dream ND 125 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၆/သရခ(နိုင်) ၀၃၅၉၄၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၇ယ/၉၉၁၃၄ Zong Shen -110ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဝင်း ၈/မကန(နိုင်)၀၅၂၇၃၆ က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5F/3813, BEIBEN, FIRE FIGHTING TRUCK, ယာဉ်လက်ဝယ်ရှိသူ MYANMAR WANBAO, MINING COPPER LTD က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 8G/2733 Shwe Thway L/T, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၂/အစန(နိုင်)၁၄၃၉၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၇င/၃၁၂၆ Toyota Ipsum, S/W ယာဉ်လက်ဝယ်ရှိသူ ဦးထင်အောင် ၁၄/ပသန(နိုင်)၀၈၀၉၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ပြည်တွင်းသတင်းနှင့် ဓာတ်ပုံ

# မြန်မာနိုင်ငံဆရာဝန်အသင်း(အမျိုးသမီးဆရာဝန်များ)အဖွဲ့ (ရန်ကုန်)မှ သမားတော်ကြီးများ ပါမောက္ခများ၊ အထူးကုဆရာဝန်များကြို့ပင်ကောက်သို့ အခမဲ့ကွင်းဆင်းကုသပေး

**ရန်ကုန် နိုဝင်ဘာ ၂၆**



ဆေးကုသရန်လာရောက်ကြသော ဒေသခံများ။

မြန်မာနိုင်ငံ ဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်များ) အဖွဲ့ (ရန်ကုန်)မှ ဦးဆောင်၍ Zar & Zar ကုမ္ပဏီနှင့် Zar &Zar ခနေ ထောက်ပံ့ရေး ကုမ္ပဏီတို့ကပံ့ပိုးမှုဖြင့် ရန်ကုန်မြို့မှ ရောဂါဗေဒဆိုင်ရာသမားတော်ကြီးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီး ၃၈ ဦးနှင့် အခြားဆရာဝန် ၂၇ဦး စုစုပေါင်း ၆၅ဦးပါဝင်သည့် အဖွဲ့သည် နယ်လှည့်ကွင်းဆင်း အခမဲ့ ဆေးကုသပေးခရီးစဉ်အဖြစ် နိုဝင်ဘာ ၂၂ ရက်က ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်နှင့် ပတ်ဝန်းကျင် ကျေးရွာ ၄၉အုပ်စုမှ ရောဂါဝေဒနာရှင် ၁၇၁၂ ဦးအား နံနက် ၉နာရီမှ ညနေ ၄နာရီခွဲ လူနာကုန်သည်အထိ ကြို့ပင်ကောက်မြို့ ရန်ကုန်-ပြည်လမ်းရှိ ထူးဆန်စက်ဝင်း နေအိမ်နှင့်ခြံဝင်းအတွင်း စမ်းသပ်စစ်ဆေးကုသပေးခဲ့သည်။ တစ်ပတ်ဆယ်ရက်စာ ဆေးဝါးများကိုပါ အခမဲ့ပေးပြီး ECGစက်နှစ်လုံးဖြင့် ECG ရိုက်ပေးခြင်း၊ မျက်စိဝေဒနာရှင်များအားစမ်းသပ်ပေးပြီး လိုအပ်သူများကို ကိုင်းအပါအဝင် မျက်မှန်များကိုပါ အခမဲ့ပြုလုပ်ပေးခဲ့သည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း (အမျိုးသမီးဆရာဝန်များ) အဖွဲ့ (ရန်ကုန်)မှ ဒုတိယဥက္ကဋ္ဌများဖြစ်သော ပါမောက္ခ ဒေါ်ခင်မေအုန်းနှင့် ဒေါက်တာမြတ်လေးကျင်တို့ဦးဆောင်၍ အဖွဲ့၏ ဦးစားပေးလုပ်ငန်းကြီးသုံးရပ်တွင် တစ်ခုအပါအဝင်ဖြစ်သော နယ်လှည့်ကွင်းဆင်းကာ ပြည်သူများကိုအခမဲ့စမ်းသပ်စစ်ဆေး၍ဆေးဝါးများကိုပါ လှူဒါန်းခြင်းဖြစ်သည်ဟု သိရသည်။ သမားတော် ပါမောက္ခ၊ အထူးကုဆရာဝန် အပါအဝင် ဆရာဝန် ၆၅ဦးတို့က သမားတော်အဖွဲ့၊ ခွဲစိတ်အဖွဲ့၊ သားဖွားမီးယပ်အဖွဲ့၊ ကလေးအထူးကုအဖွဲ့၊ မျက်စိအဖွဲ့၊ နားနှာခေါင်း လည်ချောင်းအဖွဲ့၊ အရေပြားအဖွဲ့၊ သွားနှင့်ခံတွင်းအဖွဲ့၊ အကြောအဆစ် ပြန်လည်သန်စွမ်းရေးအဖွဲ့တို့ အထွေထွေရောဂါအပါအဝင် ရောဂါအလိုက် အဖွဲ့ ၁၂ ဖွဲ့ ခွဲ၍ ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းဖြစ်သည်။

အဆိုပါ အခမဲ့ကွင်းဆင်း ကုသပေးရာသို့ ကြို့ပင်ကောက်မြို့နယ် ကျန်းမာရေးဦးစီးမှူး ပြည်သူ့ဆေးရုံအုပ် ဒေါက်တာမျိုးလွင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့ပေါ် ၁၀ ရပ်ကွက်ရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာနသူနာပြုဆရာမများ၊ ကြို့ပင်ကောက်မြို့ရှိ အောင်မြင်မြင့်မိုရ် ပုဂ္ဂလိကဆေးရုံမှ ဝန်ထမ်းများနှင့် GBK ဆေးရုံဝန်ထမ်းများ၊ သုခကုသိုလ်ဖြစ်အခမဲ့ဆေးခန်းမှ အဖွဲ့ဝင်များ၊ Zar & Zar အခမဲ့ကျန်းမာရေး ဝန်ဆောင်မှုအဖွဲ့ဝင်များ၊ ကြို့ပင်ကောက်မြို့နယ် ပရိယတ္တိပစ္စယနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦး၊ အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်နှင့် အဖွဲ့ဝင်များ စုစုပေါင်း ၆၀ကျော်တို့က ဝေဒနာရှင် လူနာများဆေးကုသရေးတွင် လိုအပ်သည်များကို ဝိုင်းဝန်းပံ့ပိုးကူညီပေးကြသည်။ ခွဲစိတ်ရမည့် လူနာများကို ကြို့ပင်ကောက်မြို့ ပြည်သူ့ဆေးရုံတွင် ချက်ချင်းခွဲစိတ်ကုသပေးခဲ့သည်။

ရောဂါဝေဒနာရှင် ၁၇၁၂ ဦးအတွက် ECGရိုက်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ ဆေးဝါးများ ဝယ်ယူခြင်းအတွက် အလှူရှင်ကုမ္ပဏီပိုင်ရှင်ဒေါက်တာမျိုးသန့်နှင့်ဇနီး ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယဥက္ကဋ္ဌ ဒေါ်ယုဇော်တို့က ကုန်ကျငွေကျပ်သိန်း ၁၁၀ကို ပါဝင်လှူဒါန်းခဲ့သည်ဟု သိရသည်။

ကြို့ပင်ကောက်ကျေးရွာအုပ်စုများဖြစ်သော ရွှေပန်းတော၊ ခိုင်ဂေါင်း၊ သဲတွင်းကုန်း၊ ကုန်းကြီး၊ ဘုကြီး၊ ပုဏ္ဏရိပ်၊ ဘွက်ရိုး၊ သပြေရုံ၊ ကန်ကလေး၊ ညောင်လှကျေးရွာများအပြင် မိုင် ၃၀ခန့်ဝေးသော မိုးညိုမြို့မှလူနာအချို့နှင့် အုတ်ဖိုမြို့တို့ကပါလာရောက် ဆေးကုသမှုခံယူကြသည်ကို ကုသစာရင်းများအရ သိရသည်။

အဆိုပါနေ့က ဆေးကုသခံယူသူများမှာ မျက်စိဝေဒနာရှင် ၃၀၀၊ ကလေးလူနာ ၆၃ဦး၊ အရေပြားရောဂါ ၁၀၇ဦး၊ နား၊ နှာခေါင်းလည်ချောင်း ၈၈ဦး၊ သားဖွားမီးယပ် ၄၂ဦး၊ သွားနှင့်ခံတွင်းရောဂါ ၄၅ဦး၊ အရိုးအကြောအဆစ် ၃၃၇ဦး၊ အထွေထွေရောဂါ ၇၀၀နှင့် ခွဲစိတ်လူနာ ၃၀စုစုပေါင်း ၁၇၁၂ ဦး ဖြစ်ပြီး သံဃာတော်တစ်ပါးနှင့် လူလေးဦးကို ချက်ချင်း ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

**အောင်သန်း**
**(မင်္ဂလာတောင်ညွန့်)**

# ပြွန်တန်ဆာမြို့ သာသနာ့သောဘဏိကာရုံ(ပင်းတလဲ)ကျောင်း ဘိုးဘွားမေ့မရိပ်သာ လှူဒါန်းပွဲကျင်းပ

**ပဲခူး နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ပြွန်တန်ဆာမြို့ မြို့မ(၃)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ သာသနာ့သောဘဏိကာရုံ ကျောင်းတိုက်အတွင်းရှိ ဘိုးဘွားမေ့မရိပ်သာ(လူအိုရုံ)ဆောက်လုပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက အဆိုပါဘိုးဘွားမေ့မရိပ်သာ၌ ကျင်းပသည်။

အဆိုပါဘိုးဘွားမေ့မရိပ်သာတွင် အဆောင်သုံးဆောင်ပါရှိကာ အုတ်ခင်းအုတ်ကာ၊ သွပ်မိုးတစ်ထပ်တိုက် အမျိုးအစားဖြစ်သည်။ မွန်စေတနာ အဘိုးဆောင်ကို အလှူရှင် ရန်ကုန်မြို့နေနှစ်ဖက်သောမိဘများကို အမှူးထား၍ ကိုအောင်စိုးမြတ်- မအိမွန်စိုး၊ သမီးသွန်းမြတ်ဝဿန် မိသားစုတို့ကလည်းကောင်း၊ ရွှေနှင့်မြ အဘွားဆောင်ကို ပြွန်တန်ဆာမြို့နေ ဦးထွန်းရွှေ-ဒေါ်တင်မြ သားသမီးမြေးတစ်စု တို့ကလည်းကောင်း၊ ဘောဇနသာလာအောင် ရတနာဆောင်ကို ပြွန်တန်ဆာမြို့နေ ဦးမျိုးအောင်-ဒေါ်ခင်ရီ (အောင်ရတနာ ဆန်စက်) မိသားစုတို့က လည်းကောင်း၊ လှူဒါန်းခဲ့ကြပြီး မုန့်ခြိုး၊ လျှပ်စစ်မီးစောင်းတန်း၊ ခုတင်၊ ထိုင်ခုံ၊ တံတိုင်း၊ ပဒေသာပင်တို့ကို အခြားအလှူရှင်များနှင့် စုပေါင်းကာ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အနယ်နယ်အရပ်ရပ်ရှိ မှီခိုအားထားရာကင်းမဲ့သော အဘိုးအဘွားများ အနေဖြင့် ပြွန်တန်ဆာမြို့ ဘိုးဘွားမေ့မရိပ်သာ(လူအိုရုံ)သို့ လာရောက်နားခိုနိုင်ပါကြောင်း နှင့် ဆက်သွယ်လိုပါက (ပင်းတလဲ)ကျောင်းဆရာတော် ဖုန်း-၀၉-၄၂၈၁၂၄၀၈၆၊ ဥက္ကဋ္ဌ ဦးကျော်မျိုးထိုက် ၀၉-၄၂၈၁၄၅၄၅၁၊ အတွင်းရေးမှူး ဦးညိုဝင်း ဖုန်း-၀၉-၄၂၈၀၄၂၂၃၇ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# မော်တော်ယာဉ်၊ ဆိုင်ကယ်သက်တမ်းတိုး

**မကွေး နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် မော်တော်ယာဉ်၊ ဆိုင်ကယ်သက်တမ်းတိုးနှင့် ယာဉ်မောင်းလိုင်စင်များကို နိုဝင်ဘာ ၂၂ ရက်က နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆောင်ရွက်ခြင်းကို မင်းဘူးခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဦးစီးမှူး ဒေါ်ခင်သန္တာညွန့်နှင့် ဝန်ထမ်းများက စလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

၂၀-၁၂-၂၀၁၄ ရက် (စနေနေ့) မွန်းလွဲ ၁း၀၀ နာရီ တက္ကသိုလ်ဓမ္မာရုံကြီး ရန်ကုန်တက္ကသိုလ်နယ်မြေ အထက်ပါပူဇော်ပွဲအတွက် ညှိနှိုင်းအစည်းအဝေးကို ၂၈-၁၁-၂၀၁၄ ရက် (သောကြာနေ့) မွန်းလွဲ ၁း၀၀ နာရီတွင် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ မြန်မာစာခန်းမ (တောင်ငူဆောင် မြေညီထပ်)တွင် ကျင်းပမည်ဖြစ်ပါ၍ မြန်မာစာကျောင်းသား၊ ကျောင်းသူဟောင်းအားလုံး တက်ရောက်ကြပါရန်။

**ပူဇော်ပွဲကျင်းပရေးအဖွဲ့**

## အကြိမ် (၁၀၀)ပြည့် မဟာဇေယျအတုလမာရဇိန်ကြေးသွန်းဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်

- မဟာပဋ္ဌာန်းပူဇော်ပွဲ ၃၀-၁၁-၂၀၁၄ ရက်မှ ၄-၁၂-၂၀၁၄ ရက်အထိ
- ၆-၁၂-၂၀၁၄ ရက် ညနေ ၃ နာရီတွင် ဘုရားအမှူးပြုသော ပင့်သံဃာ ၁၂၉ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း

**တရားပွဲများ**

၇-၁၂-၂၀၁၄ ရက် ည ၇ နာရီတွင် ဓမ္မဂုဏ်ရောင်ဆရာတော် အရှင်တေဇိန္ဒ တရားချီးမြှင့်ခြင်း၊ ၈-၁၂-၂၀၁၄ ရက် ည ၇ နာရီတွင် မော်ကျွန်းဆရာတော် အရှင်သီလက္ခန္ဓာဘိဝံသ တရားချီးမြှင့်ခြင်း

၉-၁၂-၂၀၁၄ရက် ည ၇နာရီတွင် ယောဆရာတော်အရှင်သိရိန္ဒာဘိဝံသ တရားချီးမြှင့်ခြင်း

၁၀-၁၂-၂၀၁၄ ရက် ည ၇ နာရီတွင် ဓမ္မဒူတအရှင်ပညာဝရ တရားချီးမြှင့်ခြင်း

**ဖျော်ဖြေရေးအစီအစဉ်**

၁၂-၁၂-၂၀၁၄ ရက်တွင် သားဗိုလ်တင့်ဆိုင်းအဖွဲ့နှင့် မြန်မာပြည်စတားလူရွှင်တော်အဖွဲ့

**စာပေဟောပြောပွဲ**

၁၃-၁၂-၂၀၁၄ ရက်တွင် စာရေးဆရာ ချစ်ဦးညိုနှင့် ဆရာမောင်စိန်ဝင်း(ပုတီကုန်း)

၁၄-၁၂-၂၀၁၄ ရက်တွင် စာရေးဆရာ မောင်သာချိုနှင့် ဆရာအော်ပီကျယ်

**ဆက်သွယ်လှူဒါန်းရန်- ရုံးအဖွဲ့မှူး ဖုန်း-၀၉-၇၃၂၀၂၀၈၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)
### ကော့ကရိတ်မြို့နယ်တရားရုံး
### ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၂

| | | |
|---|---|---|
| ၁။ ဒေါ်နန်းစံတစ် | **နှင့်** | ၁။ ဒေါ်သန်းသန်းဦး |
| ၂။ ဦးအိုက်ဝါ | | ၂။ ဦးကျော်လွင် |
| (အတူနေလင်မယား) | | (အတူနေလင်မယား) |
| | | ၃။ မဝေဝေလှိုင် |
| **တရားလိုများ** | | **တရားပြိုင်များ** |

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့၊ အမှတ်(၃) ရပ်ကွက်(ခ) သော်ကရပ်ကွက်၊ မြို့မဈေးလမ်းနေ (၁)ဒေါ်သန်းသန်းဦး၊ (၂)ဦးကျော်လွင်၊ (၃)မဝေဝေလှိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက ‘‘တရားလိုများ ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်သော အိမ်ဆိုင်ခန်းနှင့် ၄င်းအိမ်ဆိုင်ခန်းတည်ရှိရာ အိမ်ခြံမြေပေါ်ကျူးကျော် ဝင်ရောက်နေထိုင်သူတို့အား ဖယ်ရှားပြောင်းရွှေ့စေ၍ အိမ်ဆိုင်ခန်းနှင့် ခြံမြေကွက်များအား လက်ရောက်ပေးအပ်စေလိုမှု’’ လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ၅ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**တင်အောင်**
**မြို့နယ်တရားသူကြီး၊ ကော့ကရိတ်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မြောက်ဦးမြို့ အထက(၁) န၀မတန်း(က)မှ မောင်အောင်ဌေး၏ဖခင်အမည်မှန်မှာ ဦးမောင်တင်အေး ၁၁/မဥန(နိုင်)၀၆၄၄၁၅ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးအေးလွင် ၈/မကန(နိုင်)၁၁၄၂၄၅ ၏သား မကွေးမြို့၊ အထက(၃)၊ ပထမတန်း(A)မှ မောင်ဖွဲ့ဦးညီအား မောင်ဇင်မင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဇင်မင်းခန့်**

## မိခင်အမည်မှန်

ဟိုပန်မြို့၊ အထက၊ စတုတ္ထတန်း (A)မှ မအီးခက်၏ မိခင်အမည်မှန်မှာ ဒေါ်နန်းလူ ၁၃/ဟပတ(နိုင်)၀၁၂၈၈၇ ဖြစ်ပါသည်။

**ဒေါ်နန်းလူ ၁၃/ဟပတ(နိုင်)၀၁၂၈၈၇**

## အမည်ပြောင်း

သီပေါမြို့၊ အမက(၁)မူလွန်ကျောင်း စတုတ္ထတန်းတွင်ပညာသင်ကြားနေသော ဦးအောင်ဝင်းပြည့်၏သမီး မဝိုင်းသန္တာနွယ်အား မသဲမှူးငယ်ဟု ပြောင်းလဲခေါ်ပါရန်။

## မိဘအမည်မှန်

ဇမ္ဗူသီရိမြို့နယ်၊ အထက(၇)၊ စတုတ္ထတန်း(B)မှ မောင်ဝေယံကြိုင်နှင့် ဒုတိယတန်း (B)မှ မပွင့်ရတီဖူးတို့၏ မိဘအမည်မှန်မှာ ဦးလှဦး ၁၂/သဃက(နိုင်)၀၁၆၆၅၅ နှင့် ဒေါ်သူဇာ ၁၂/သဃက(နိုင်)၀၃၆၂၁၇ တို့ဖြစ်ပါကြောင်း။

**ဦးလှဦး-ဒေါ်သူဇာ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၄)နေ ဦးသန်းအောင် ၁၃/လရန(နိုင်)၀၁၇၉၃၃၏သမီး မခင်စန်းရီ ၁၃/လရန(နိုင်)၀၀၁၆၇၀ သည် မိဘများစိတ်ဆင်းရဲအောင် ပြုမူသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ ဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) ဦးသန်းအောင်-ဒေါ်သန်းသန်း**

| | |
|---|---|
| **ပြင်ဆင်ဖတ်ရှုပါရန်** | ၈-၁၁-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ(၂) ကန့်ကွက်နိုင်ကြောင်းကြေညာအမှတ်စဉ် (၂၀)ပါ ဒေါ်ခင်မျိုးဆက်၏ အမည်ပြောင်းကြော်ငြာတွင် မြေတိုင်းရပ်ကွက်အမှတ်(၂၄)အစား (၂၄/၅)ဟု ပြင်ဆင်ဖတ်ရှုပါရန်။ |

ပြည်တွင်းသတင်းနှင့်ဆောင်းပါး



ပြည်တော်သာ-ရေချမ်းပြင် ခရီးစဉ်မရပ်နားမီက ရထားတစ်စီးပြေးဆွဲနေစဉ်။

# ရပ်နားထားသည့် ပြည်တော်သာ-ရေချမ်းပြင် ရထားခရီးစဉ် ပြန်လည်ပြေးဆွဲမည်

**စစ်တွေ နိုဝင်ဘာ ၂၆**

ရခိုင်ပြည်နယ်တွင် ဒေသတွင်းဖြစ်ပေါ်ခဲ့သော အခြေအနေများကြောင့် ရပ်နားထားရသည့် စစ်တွေမြို့ရှိ ပြည်တော်သာ-ရေချမ်းပြင် ရထားလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသော မီးရထားခရီးစဉ်များကို ယခုအခါ ဒေသတွင်း အခြေအနေ တည်ငြိမ်အေးချမ်းလာပြီဖြစ်၍ ယခင်အတိုင်း ပြန်လည်ပြေးဆွဲတော့မည်ဖြစ်ကြောင်း သိရသည်။

ရထားခရီးစဉ်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ ပုံမှန်အတိုင်း အသွားအပြန် တစ်နေ့ လေးကြိမ် ပြန်လည်ပြေးဆွဲပေးတော့မည်ဖြစ်ကြောင်း သိရသည်။ ရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲပေးတော့မည်ဖြစ်သဖြင့် ရထားစီးခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ရထားလမ်းပိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် သံလမ်းတစ်ဆက်ချင်းစီအလိုက် ဟောင်းနွမ်းသစ်သားဇလီဖားတုံးများနေရာတွင် ကွန်ကရစ်ဇလီဖားတုံးများ ထပ်မံဖြည့်တင်း၍ အစားထိုးလဲလှယ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားတိုင်းခွဲတာဝန်ခံ ဦးကျော်မိုးက ပြောသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အရှည် ၁၁ ဒသမ ၄၆ မိုင်ရှိသော ပြည်တော်သာ-ရေချမ်းပြင် မီးရထားလမ်းပိုင်းကို ၂၀၀၉ ခုနှစ် မေ ၁၉ ရက်တွင် လည်းကောင်း၊ ခရီးအရှည် ၂၂ ဒသမ ၇၂ မိုင်ရှိသော ကွမ်းတောင်-ယိုးတရုတ် လမ်းပိုင်းကို ၂၀၁၀ ပြည့်နှစ် မေ ၁၅ ရက်တွင်လည်းကောင်း၊ ခရီးအရှည် ၁၉ ဒသမ ၈၂မိုင်ရှိ ယိုးတရုတ်-ကျောက်တော်လမ်းပိုင်းကို ၂၀၁၁ ခုနှစ် ဧပြီ ၁၀ ရက်တွင် လည်းကောင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ရခိုင်ပြည်နယ်အတွင်း ဖောက်လုပ်လျက်ရှိသည့် အရှည်မိုင် ၂၉၉ ဒသမ ၂၅ မိုင်ရှိ စစ်တွေ-အမ်း- မင်းဘူး ရထားလမ်း၏ လမ်းပိုင်းများဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# လက်တွေ့မီးငြှိမ်းသတ်မှု မြင်းမူမြို့တွင် သရုပ်ပြလေ့ကျင့်

**မြင်းမူ နိုဝင်ဘာ ၂၆**

မီးဘေးလုံခြုံရေးနှင့် မီးလောင်မှုကြောင့် ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြင်းမူမြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ လက်တွေ့မီးငြှိမ်းသတ်မှုများကို နိုဝင်ဘာ ၂၃ ရက်က မြို့နယ်ရဲတပ်ဖွဲ့စခန်း၌ သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်မီးသတ်တပ်ဖွဲ့ လက်ထောက်ဦးစီးမှူး ဦးဝေမင်းထွန်းက ပွင့်လင်းရာသီတွင် မြို့နယ်အတွင်း မီးဘေးလုံခြုံရေးနှင့် မတော်တဆ မီးလောင်မှုဖြစ်ပွားပါက အရေးပေါ် မီးငြှိမ်းသတ်နိုင်ရေးအတွက် အသင့်အနေအထားဖြစ်နေစေရန် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလေ့ကျင့်ခြင်းဖြစ်ကြောင်း၊ မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း မီးသတ်ပညာ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ထားပြီးဖြစ်သည့်အတွက် မြို့နယ်အတွင်း မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောသည်။

လက်တွေ့ မီးငြှိမ်းသတ်မှုတွင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းလေ့ကျင့်ခဲ့ကြသည်။ ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ လက်ထောက်ဦးစီးမှူး ဦးဝေမင်းထွန်းက သာမန်မီးလောင်ခြင်း၊ လောင်စာဆီအမျိုးမျိုးကြောင့် လောင်ကျွမ်းခြင်း၊ ဂက်စ်ကြောင့် လောင်ကျွမ်းခြင်းနှင့် လျှပ်စစ်ဝိုင်ယာရှော့ခ်ကြောင့် လောင်ကျွမ်းခြင်းများကို မီးသတ်ဆေးဘူး အသုံးပြုပြီး မီးငြှိမ်းသတ်နိုင်မှုကို လက်တွေ့သရုပ်ပြခဲ့သည်။ **အောင်စိုးဖေ(iprd)**

# တရားမဝင်ဆိုင်ကယ်စီးနင်းမှု စည်ပင်သာယာဥပဒေအရ အရေးယူမည်

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ကြိုးပမ်းမှုတစ်ရပ်အဖြစ် မြို့ပေါ်နှင့်ဆင်ခြေဖုံးမြို့နယ်များတွင် တရားမဝင်ခွင့်ပြုချက်မရှိဘဲ ဆိုင်ကယ်စီးနင်းသူများအား စည်ပင်သာယာဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရန်ကုန်တိုင်းဒေသကြီး ဆင်ခြေဖုံးမြို့နယ်တွေမှာ ခွင့်ပြုချက်မရှိဘဲ ဆိုင်ကယ်စီးနင်းသွားလာမှုတွေ များပြားလာတာကြောင့် ယာဉ်မတော်တဆမှုတွေ ဖြစ်ပွားလာတာတွေ့ရပါတယ်။ တရားမဝင် ဆိုင်ကယ်စီးနင်းမှုတွေကို စည်ပင်သာယာဥပဒေနဲ့အညီ အရှိန်အဟုန်မြှင့်အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် သဘောတူညီချက်ရယူကာ ခွင့်ပြုချက်မရှိဘဲ ဆိုင်ကယ်စီးနင်းသူများအား ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥပဒေပုဒ်မ ၆၃၊ ပုဒ်မခွဲ(ဃ)နှင့် ပုဒ်မ ၈၅၊ ပုဒ်မခွဲ(ခ) တို့အရ လုပ်ပိုင်ခွင့်များကို အသုံးပြုကာ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မကြာမီက ကြေညာချက်ထုတ်ပြန်ထားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ဆင်ခြေဖုံးမြို့နယ်များ၌ ခွင့်ပြုချက်မရှိဘဲ ဆိုင်ကယ်စီးနင်းသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည့်အပြင် စည်ပင်သာယာနယ်နိမိတ်ပြင်ပမှ ဝင်ရောက်လာသော ဆိုင်ကယ်များကိုလည်း မြို့ဝင်၊ မြို့ထွက်ဂိတ်များ၌ စစ်ဆေးကြပ်မတ်တားဆီးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-မောင်နွေသစ်၊ ဓာတ်ပုံ-သဏ္ဌ**



သာကေတမြို့နယ်အတွင်း စီးနင်းနေသောဆိုင်ကယ်များ။

## သတင်းတို

### မိုးစပါးစံပြကွက် စံကွက်ရိတ်သိမ်း

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ဝန်တွင်းကျေးရွာဆည်ရေသောက် ကွင်းအမှတ်(၃၄၈)တွင် မိုးစပါး ရတနာတိုးမျိုးသန့်မျိုးပွားစံပြကွက်စိုက်ခင်း၌ နိုဝင်ဘာ ၂၃ ရက်က စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကစပါးအခြောက် ၁၆၀ ဒသမ ၇၅တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**


## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နေပြည်တော်
## ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်၊ ပင်လုံ၊ ကျိုင်းတုံ) ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်၊ ပင်လုံ၊ ကျိုင်းတုံ)တို့တွင် ၂၀၁၄ ပညာသင်နှစ်အတွက် အခြေခံပညာအထက်တန်းစာမေးပွဲအောင်မြင်ထားသော ကျောင်းသား ကျောင်းသူများမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်၊ ပင်လုံ၊ ကျိုင်းတုံ)တို့တွင် ပထမနှစ်ပညာသင်ကြားလိုသူများအတွက် ရည်ရွယ်၍ လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်။

၂။ ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်၊ ပင်လုံ၊ ကျိုင်းတုံ)တို့၏ ပထမနှစ်ဝင်ခွင့်စာမေးပွဲသို့ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားနိုင်ပါသည်-

(က) ၂၀၁၄ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် ၃၂၀ နှင့်အထက် ရရှိသူများဖြစ်ရမည်။

(ခ) ဝင်ခွင့်လျှောက်ထားချိန်တွင် တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားများဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ပါ ကွန်ပျူတာတက္ကသိုလ်များသို့ ဝင်ခွင့်ရှိသည့် ဘာသာတွဲများဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ထားသူများဖြစ်ရမည်။

(ဃ) တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့မှ ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်၊ ပင်လုံ၊ ကျိုင်းတုံ)သို့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဝင်ရောက်ခွင့်ရွေးချယ်ခံရပြီးသူများ ထပ်မံလျှောက်ထားရန်မလိုအပ်ပါ။

(င) သက်ဆိုင်ရာတက္ကသိုလ်များ ဖွင့်လှစ်ထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဒေသခံများအား ဦးစားပေးရွေးချယ်သွားမည်။

၃။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းများကို ပူးတွဲတင်ပြလျှောက်ထားရမည်-

(က) ၂၀၁၄ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်(မိတ္တူ)။

(ခ) မြန်မာနိုင်ငံစာစစ်အဖွဲ့ကထုတ်ပေးသော ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် အမှတ်စာရင်း(မိတ္တူ)။

(ဂ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)။

(ဃ) မှတ်ပုံတင်အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

၄။ လျှောက်လွှာများကို သက်ဆိုင်ရာကွန်ပျူတာတက္ကသိုလ်များတွင် ၂၇-၁၁-၂၀၁၄ ရက်မှ စတင်ထုတ်ယူနိုင်ပြီး လျှောက်လွှာနှင့်အတူ အထောက်အထားစာရွက်စာတမ်းများကို ယင်းကွန်ပျူတာတက္ကသိုလ်များသို့ ၄-၁၂-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။

၅။ သင်တန်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန Website (http://www.most.gov.mm) တွင် ကြေညာသွားမည်ဖြစ်ပြီး ဖုန်း-၀၆၇-၄၀၄၁၈၃၊ ၀၆၇-၄၀၄၃၆၄ နှင့် ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်) ဖုန်း-၀၈၃-၂၂၁၆၈၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ) ဖုန်း-၀၈၁-၃၀၄၅၈၊ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ) ဖုန်း-၀၈၄-၂၂၄၉၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။



## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၀၈၄၂)၊ ဧရိယာ ၀ဒသမ ၀၅၅ဧက၊ ဦးကျော်ရွှေအမည်ပေါက်မြေကွက်အား အမည်ပေါက်ပိုင်ရှင် ကွယ်လွန်သွားပါသဖြင့် တရားဝင်ဇနီး ဒေါ်တင်လုံး ၉/ရမသ(နိုင်)၀၀၁၂၇၈ (ဘ) ဦးကြိုင်မှ တရားဝင်အမွေဆိုင်ဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာမူရင်း၊ သေဆုံးကြောင်းအထောက်အထားတို့ တင်ပြ၍ အဆိုပါ ဦးကျော်ဆွေအမည်ပေါက်မြေကွက်အား အမည်ပေါက်ပြောင်းလဲ၍ မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



## တိုင်းဒေသကြီးအစိုးရအဖွဲ့
## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ဘိုကလေးမြို့နယ်၊ ချောင်းဖြဲကြီးကျေးရွာအုပ်စု၊ ဇီးဖြူရွာမ၌ အလျားပေ(၆၀)၊ အနံပေ(၃၀)၊ လူဦးရေ(၃၅၀)ဆံ့ Multipurpose Shelter အဆောက်အအုံအား ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဆောက်လုပ်လိုသည့်ကုမ္ပဏီများသည် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ဒီဇိုင်းပုံစံနှင့် ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်းတွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် Profile တင်ပြရမည်။

၄။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၁-၁၂-၂၀၁၄ရက်မှ စတင်ရောင်းချပါမည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၂-၁၂-၂၀၁၄ရက်၊ ၁၆း၃၀နာရီ နောက်ဆုံးတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်မည့်ရက်ကို တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သိရှိလိုသည့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၄၂-၂၁၀၁၃ နှင့် တိုင်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံး ဖုန်း-၀၄၂-၂၁၀၆၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**


**အမှား ပြင်ဆင်ခြင်း**

၄-၉-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာအချပ်ပို ၅ နှင့် မြို့တော်သတင်းစာပါ စာမျက်နှာ ၅ အမှတ်စဉ်(၁၈) ဒေါ်သန်းသန်းအေး+၁ ၁၂/ဥကတ(နိုင်)၀၄၁၄၁၀အစား ၁၂/ဥကတ(နိုင်)၀၄၁၄၁၁ဟု ပြင်ဆင်ဖတ်ရှုပါရန်။



## တောင်သာ၌ မှတ်ပုံတင်မဲ့ဆေးဝါးများ ရောင်းချမှုစစ်ဆေး

**တောင်သာ နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့ရှိဆေးဆိုင်များတွင် မှတ်ပုံတင်မထားသော တရားမဝင်ဆေးများနှင့် ဆေးဝါးအတုများရောင်းချနေမှု ရှိ မရှိကို နိုဝင်ဘာ ၂၂ ရက်က စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီမံမှုဖြင့် မြို့နယ်ဆရာဝန် ဒေါက်တာထက်ထက်လင်း ဦးဆောင်သော အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီဝင်များက စစ်ဆေးခဲ့ခြင်းဖြစ်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်ခင်မောင်ထွန်းနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

## သတင်းတိုများ

### ပုဗ္ဗသီရိရဲတပ်ဖွဲ့လုပ်ငန်းဆောင်ရွက်မှုသတင်းစာရှင်းလင်း

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူများထိတွေ့ဆက်ဆံဆွေးနွေးပွဲနှင့် ရဲလုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၂၂ ရက်က ကျင်းပခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဇော်က အာဆီယံထိပ်သီးအစည်းအဝေးတွင် လုံခြုံရေးဆောင်ရွက်ခဲ့မှုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ တပ်ရင်းတပ်ဖွဲ့များအလိုက် တာဝန်ထမ်းဆောင်နေမှုများနှင့် မြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မီဒီယာများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

### ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဟောပြောပွဲကျင်းပ

ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို လူမှုဝန်ထမ်းဦးစီးဌာနက ချောက်မြို့နယ် မူလတန်းကြိုကျောင်း၌ နိုဝင်ဘာ ၂၄ ရက်က ကျင်းပခဲ့ပြီး မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး တိုင်းဒေသကြီးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်နွဲ့က ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာများကို မိဘများအား ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **ဝင်းဋ္ဌေး(iprd)**

# အချိန်အခါမဲ့မိုးရွာသဖြင့် ကြက်သွန်နီစိုက်ခင်းများ ပိုးမွှားများကျရောက်ဖျက်ဆီး

**မလှိုင် နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် အချိန်အခါမဲ့မိုးရွာသွန်းမှုကြောင့် ကြက်သွန်ပျိုးခင်းများနှင့် စိုက်ခင်းများတွင် ပိုးမွှားများကျရောက်ဖျက်ဆီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ကျေးရွာများသို့ နိုဝင်ဘာ ၂၃ ရက်က တောင်သူပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေကြောင်း သိရသည်။

နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ အချိန်အခါမဲ့မိုး ရက်ဆက်ရွာသွန်းခဲ့သဖြင့် ကြက်သွန်စိုက်ခင်းများတွင် ရောဂါပိုးများကျရောက်ပြီး စိုက်ပျိုးရန်ပျိုးထောင်ထားသော ကြက်သွန်နီပျိုးခင်းများမှာလည်း အပင်များဝါခြင်း၊ ပိုးကျခြင်းများ ဖြစ်ခဲ့ကြောင်း သိရသည်။

စိုက်ခင်းသို့ ရောဂါပိုးများကျရောက်နေသော ကျောင်းစုကျေးရွာ၊ ရုံးတောကျေးရွာ၊ ကံကြီးကျေးရွာ၊ ထန်းပင်ကန်ကျေးရွာများသို့ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ကျင်ကျင်ဝင်း ဦးဆောင်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းယုနှင့် ဝန်ထမ်းများက ကွင်းဆင်းသွားရောက်ကာ ရောဂါကျရောက်ပုံ၊ ကာကွယ်နှိမ်နင်းရမည့် ဆေးများနှင့် ရောဂါကာကွယ်နှိမ်နင်းနည်းစနစ်များကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် ပျိုးခင်းများတွင် ဘီနိုမိုင်းမှိုသတ်ဆေးနှင့် ပိုတက်မြေသြဇာကို စနစ်တကျ အသုံးပြု၍ အပင်ရောဂါကာကွယ်နည်းနှင့် စိုက်ခင်းများသို့ ပြောင်းရွှေ့စိုက်မည့်ပျိုးပင်များကို ဘီနိုမိုင်းမှိုသတ်ဆေးရည်တွင် စိမ်၍ စိုက်ပျိုးရန်စသည့် ပျိုးပင်များကာကွယ်ရန်နည်းလမ်းများကို လမ်းညွှန်မှာကြားခဲ့ပြီး တောင်သူများ၏ သိရှိလိုသည်များကိုလည်း ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

မလှိုင်မြို့နယ်အတွင်း၌ ဆောင်းသီးနှံဖြစ်သည့် ကြက်သွန်နီကို နှစ်စဉ် စိုက်ဧက ၄၂၀၀ အထက် စိုက်ပျိုးပြီး ကံကြီး၊ ကူကြီး၊ အုတ်ဖိုကန်၊ ကျင်းရွာ၊ ရုံးတော၊ ကျောင်းစု၊ အောင်စည်၊ ညောင်ပင်တဲ၊ ထန်းပင်ကန် စသည့်ကျေးရွာများသည် ကြက်သွန်နီကို အဓိကအားထား စိုက်ပျိုးသည့် ဒေသဖြစ်ကြောင်း သိရသည်။

**အောင်ဋ္ဌေး(မလှိုင်)**

# မိုင်းဖြတ်မြို့၌ ဆိုင်ကယ်၊ ယာဉ်မောင်းလိုင်စင်များ နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်

**မိုင်းဖြတ် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင်းရှိ မော်တော်ယာဉ်များမှတ်ပုံတင်ခြင်း၊ ယာဉ်မောင်းလိုင်စင် မှတ်ပုံတင်ခြင်းများပြုလုပ်ပေးခြင်း၊ ဆိုင်ကယ်စီးနင်းသူများအတွက် (က)အဆင့်ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးခြင်းတို့ကို တာချီလိတ်ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက နိုဝင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ပြည်သူ့ခန်းမ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

တာချီလိတ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးသောင်းမြင့်နှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး (က)အဆင့် ယာဉ်မောင်းလိုင်စင် လျှောက်ထားသူ ၁၀၈ ဦး၊ သက်တမ်းတိုးမော်တော်ယာဉ် နှစ်စီး၊ ဆိုင်ကယ် ၆၈ စီး၊ သုံးဘီးဆိုင်ကယ်လေးစီးနှင့် အီတန်ယာဉ်လေးစီးတို့ကို ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ လိုင်စင်ဆောင်ရွက်မှုကို ယခုမိုင်းဖြတ်မြို့နယ်သို့ ကွင်းဆင်းပြုလုပ်ပေးသကဲ့သို့ မိုင်းယောင်းမြို့ တောင်ပေါ်ဒေသကိုလည်း ဒီဇင်ဘာလဆန်းပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မိုင်းဖြတ်မြို့နဲ့ တာချီလိတ်မြို့က မိုင် ၅၀ ဝေးပါတယ်။ လမ်းကောင်းပေမယ့် တောင်ပေါ်လမ်းဆိုတော့ အကွေ့အကောက်များတယ်၊ ဆိုင်ကယ်နဲ့ နှစ်နာရီကျော်မောင်းရတယ်။ တာချီလိတ်မြို့ပေါ်ရောက်လို့ လိုင်စင်လုပ်တဲ့လူဦးရေများရင်လည်း မိုင်းဖြတ်ပြန်ဖို့အတွက် အချိန်နောက်ကျတယ်။ အခုလို ခရိုင်က ကွင်းဆင်းဆောင်ရွက်ပေးတော့ ကျွန်တော်တို့အတွက် အချိန်ကုန်သက်သာတယ်"ဟု လိုင်စင်များ ကွင်းဆင်း ဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ဆိုင်ကယ်လိုင်စင် လာရောက်ပြုလုပ်သူတစ်ဦးက ပြောသည်။

လိုင်စင်များပြုလုပ်ပြီးပါက မိုင်းဖြတ်မြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်ခြင်း၊ တရားမဝင်လိုင်စင်မဲ့ ဆိုင်ကယ်များမောင်းနှင်ခြင်း၊ ယာဉ်မောင်းလိုင်စင်များမရှိဘဲ ဆိုင်ကယ်စီးနင်းခြင်းတို့ကို ယခုလနောက်ဆုံးပတ်မှ စတင်ကာ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**




## Float Glass မှန်များ အရွယ်စုံရရှိနိုင်ပါသည်

၁။ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃၆) အကြီးစားစက်ရုံ(မှန်ကျောက်ဆည်)မှ Float Glass နည်းစနစ်ဖြင့်ထုတ်လုပ်သော အောက်ဖော်ပြပါ အဆင့်မြင့်မှန်အရွယ်အစားမျိုးစုံအား လိုသလောက်ဝယ်ယူရရှိနိုင်ပါသည်-

(က) ရိုးရိုးမှန်ကြည် (Clear Glass၊ အထူ 2mm~8mm)
(ခ) လွှာထပ်မှန် (Laminated Glass)
(ဂ) အားဖြည့်မှန် (Tempered Glass)
(ဃ) ကျည်ကာမှန် (Bulletproof Glass)

၂။ အဆောက်အအုံအပြင်တွင် Walling ကာရန်နှင့် အဆောက်အအုံအတွင်း Partition ပြုလုပ်ရန်အတွက် အထူးသင့်တော်သည့် မှန်ဆိုဒ်ကြီးများရရှိနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

- စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၇၂၊ ၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၄၀၇
- အမှတ်(၃၆) အကြီးစားစက်ရုံ(ကျောက်ဆည်)၊ ဖုန်း-၀၆၆-၅၀၉၈၀၊ ၀၆၆-၅၀၉၈၄

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ် ရန်ပုံငွေဖြင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ကျောက်တော်မြို့နယ်နှင့် မြောက်ဦးမြို့နယ်အတွင်း လျှပ်စစ်ရေတင်လုပ်ငန်း(၇)ခု ဆောင်ရွက်ရန်အတွက် စက်မှု၊ လျှပ်စစ်ပိုင်းဆိုင်ရာ တည်ဆောက်ရေးသုံးပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်မှာ ၅-၁၂-၂၀၁၄ရက် ၁၆း၃၀နာရီဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၁-၁၁-၂၀၁၄ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန**
**လက်ထောက်ညွှန်ကြားရေးမှူးရုံး**
**ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊**
**ဖုန်း-၀၄၃-၂၁၂၈၁၊ ၀၉-၈၅၁၂၇၃၃**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အထက(၁) အဋ္ဌမတန်း(G)မှ မောင်အောင်ဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးစောဦး ၅/ရဥန(နိုင်)၀၂၉၅၆၄ ဖြစ်ပါသည်။

**ဦးစောဦး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၇၁၀၆၅ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပိုလု ၁၀/သဖရ(နိုင်)၁၁၆၁၇၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/တပ်ကုန်း၊ မြေကွက်/ဦးပိုင်အမှတ်(၃)၊ ဧရိယာ ၂ဒသမ ၅၃၆ဧကရှိ စိုက်ပျိုးဝန်မင်းအိမ် အမည်ဖြင့်ပိုင်ဆိုင်သော အစိုးရမြေကွက်အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3B/7786 NISSAN CONDOR CMO 7 UA, TRUCK (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လွင်ဦး ၁၄/ကကန(နိုင်)၀၀၅၂၅၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်**

## မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ အမာမြို့၊ (၄)ရပ်ကွက်၊ နေသူရိန်လမ်း ဦးစံညွန့်၏သား စက်မှုတက္ကသိုလ်(မအူပင်) ဒုတိယနှစ်(လျှပ်စစ်)တွင် တက်ရောက်နေသော မောင်ဝဏ္ဏစိုး ၁၄/အမတ(နိုင်)၀၂၂၀၉၁၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၃-၁၉၉၇ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရှမ်းချောင်း၊ မြေကွက်အမှတ်(ယခင်-၂၃၁)(ယခု-၂၆၆)ပေ(၄၀×၆၀) မြေကွက်တည်နေရာအမှတ် ၂၆၆၊ အောင်သုခ(၂)လမ်း၊ ရှမ်းချောင်းရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဒေါ်တင့်တင့်ဝေ MYAN-၀၀၄၇၇၅ အမည်ပေါက် ပါမစ်မြေအား ၁၉-၅-၁၉၉၀ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်စာချုပ်၊ ဒေါ်တင့်တင့်ဝေ အမည်ပေါက် မြေချပါမစ်မူရင်းမိတ္တူမှန်၊ ၁၉၉၆ ခုနှစ်တွင် ရှမ်းချောင်းကမ်းပတ်တာမြေဖို့ဆည်အတွက် ရှမ်းချောင်းအကွက်ချမြေပုံအား ပြင်ဆင်ခဲ့သဖြင့် ယခင်မြေကွက်အမှတ် ၁၇၁၊ ယခုမြေကွက်အမှတ် ၂၆၆ ဖြစ်ကြောင်း ဖော်ပြထားသောမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၁၀-၁၂-၂၀၁၃ရက်စွဲပါ စာအမှတ်၊ မခ/မယ-၁၀/မြေစစ်/၂၀၁၃(၁၆၂)တို့အား တင်ပြ၍ ဒေါ်မိုးမိုးအေး ၁၂/မဘန(နိုင်)၁၁၃၅၁၀က နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ရေစကြိုမြို့တွင် ကုသပေး

**ရေစကြို နိုဝင်ဘာ ၂၆**

ပါရဂူ ၂၅ ဦးနှင့် အဖွဲ့ဝင်များပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ရေစကြိုမြို့ ပြည်သူ့ဆေးရုံကြီးတွင်အခြေပြု၍ ရေစကြိုမြို့နေပြည်သူများအား အခမဲ့ကျန်းမာရေးစစ်ဆေးခြင်းနှင့် ရောဂါအမျိုးမျိုး ခွဲစိတ်ကုသခြင်းများကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ဆောင်ရွက်ပေးခဲ့ပြီး ဆေးကုသမှုဆောင်ရွက်သည့် သုံးရက်အတွင်း ပြည်သူ ၁၆၀၀ ကျော်ကို ဆေးကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်ပါရဂူ ဗိုလ်မှူးကြီးကျော်ဇင်ညွန့်အပါအဝင် ပါရဂူ ၂၅ ဦးနှင့် အဖွဲ့ဝင် ၉၄ ဦးပါဝင်ပြီး အထူးကုယာဉ်နှစ်စီးဖြင့် ရေစကြိုပြည်သူ့ဆေးရုံတွင် အခြေပြု၍ ဆေးကုသမှုများဆောင်ရွက်ပေးခဲ့ကာ မြို့ခံဖြူစင်လူမှုကူညီရေးအသင်းကလည်း လူနာများအား မော်တော်ယာဉ်များဖြင့် အကြိုအပို့ဆောင်ရွက်ပေးပြီး ပါဝင်ကူညီခဲ့ကြောင်း သိရသည်။

အခမဲ့ဆေးကုသပေးရာတွင် သာမန်ရောဂါဝေဒနာရှင်လူနာ ၇၀၀၊ ခွဲစိတ်လူနာ ၁၄၈ ဦး၊ ကလေးရောဂါလူနာ ၇၈ ဦး၊ သားဖွားမီးယပ်ရောဂါလူနာ ၆၉ ဦး၊ အရိုးရောဂါ လူနာ ၁၇၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါလူနာ ၁၀၇ ဦး၊ မျက်စိရောဂါ ၃၀၈ ဦး၊ သွားရောဂါ ၃၉ ဦးနှင့် အခြားရောဂါလူနာ ငါးဦး စုစုပေါင်း ၁၆၂၄ ဦးကို ကုသပေးခဲ့ကြောင်း သိရသည်။

တပ်မတော်နယ်လှည့်အထူးကု ဆေးအဖွဲ့၏ အခမဲ့ဆေးကုသပေးမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖေထွေးအောင်(ရေစကြို)**





**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၇၁)၊(၇၂)၊(၁၀၇)နှင့် (၁၈၆) ရပ်ကွက်များတွင် လျှပ်စစ်မီးအန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားစဉ်ဆက်မပြတ်ရရှိရေးနှင့် ဓာတ်အားပြည့်ရရှိရေးအတွက် ၁၂ KV လိုင်းကြိုးများ တပ်ဆင်မှုကို နိုဝင်ဘာ ၂၃ ရက်က ဆောင်ရွက်နေစဉ်။** ကိုမျိုး(ရွှေပေါက်ကံ)

# မြိတ်မြို့ အထက(၁)တွင် သုံးထပ်စာသင်ဆောင်သစ် တည်ဆောက်မည်

**မြိတ် နိုဝင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြစ်ငယ်ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် သုံးထပ်စာသင်ဆောင် ဆောက်လုပ်ရန် ပန္နက်တင်ပွဲကို နိုဝင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

ပန္နက်တင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာ ကျော်ဆန်း၊ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ ခရိုင်ပညာရေးမှူး ဦးကြည်သန်း၊ မြို့နယ်ပညာရေးမှူး၊ လက်ထောက်ပညာရေးမှူးများ၊ မြို့မိမြို့ဖများက စုပေါင်း၍ ပန္နက်ရိုက်ပေးခဲ့ကြသည်။

မြိတ်မြို့ အထက(၁)ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၄၀၀၀ ကျော် ပညာသင်ကြားလျက်ရှိပြီး နှစ်အလိုက် တိုးလာသော ကျောင်းသားဦးရေနှင့်အညီ စာသင်ဆောင်များ ထပ်မံတိုးချဲ့ဆောက်လုပ်ရန် လိုအပ်လျက်ရှိရာ ပေ(၃၀×၁၂၀) တစ်ထပ်ကျောင်းဆောင် တည်ဆောက်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်က ခွင့်ပြုချထားပေးသည့် ရန်ပုံငွေကျပ် ၆၈၄ သိန်းကို မြေနေရာ အလေအလွင့်မရှိစေရန် စေတနာရှင် အလှူရှင်များနှင့် ပူးပေါင်းပြီး ခန့်မှန်းငွေကျပ်သိန်း ၃၅၀၀ ကုန်ကျမည့် ပေ(၃၀ × ၁၉၅) သုံးထပ်စာသင်ဆောင်အသစ်အဖြစ် တိုးချဲ့တည်ဆောက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကျောင်းဆောင်သစ် တည်ဆောက်ရန်အတွက် ပြည့်ဖြိုးထွန်းကုမ္ပဏီမှ ဦးလှသန်းက ငွေကျပ် သိန်း ၅၀၀ နှင့် မြိတ်အမျှားပိုင်ကော်ပိုရေးရှင်းက ငွေကျပ် သိန်း ၅၀၀ တို့ကို ကနဦးမတည်အလှူငွေအဖြစ် လှူဒါန်းပြီး အဆိုပါအလှူငွေဖြင့် စတင်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

မြိတ်အထက(၁)တွင် အဆိုပါ သုံးထပ်ကျောင်းဆောင်သစ်တည်ဆောက်မှုအပြင် အခြားကျောင်းဆောင်များပြုပြင်မှုကိုလည်း စေတနာရှင် အလှူရှင်များနှင့်ပူးပေါင်းပြီး ပြင်ဆင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကျောင်းအုပ်ဆရာကြီး ဦးမြင့်အောင်၏ ပြောကြားချက်အရ သိရသည်။ **မြင့်ဦး(မြိတ်)**

# စာသင်ကျောင်း ခုနစ်ကျောင်းသို့ စာသင်ခုံအစုံ ၁၅၀ ပေးအပ်လှူဒါန်း



**ရန်ကုန် နိုဝင်ဘာ ၂၆**

ကျောင်းသားကျောင်းသူများ စာသင်ကြားမှုတွင်အဆင်ပြေစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်း ခုနစ်ကျောင်းသို့ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က တန်ဖိုးငွေကျပ် ၄၃၅၀၀၀၀ တန်ဖိုးရှိ စာသင်ခုံအစုံ ၁၅၀ ကို နိုဝင်ဘာ ၂၅ ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

စာသင်ခုံများပေးအပ်လှူဒါန်းပွဲကို ရှင်စောပုလမ်း လွှတ်တော်ဝင်းအတွင်းရှိ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ အသင်းရုံးခန်း၌ ကျင်းပခဲ့ပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ နာယက ဒေါ်ခင်သက်ငွေးက သာကေတမြို့နယ် အထက(၅)၊ အမက(၁၂)နှင့် အမက(၂၀)ကျောင်းများသို့ လည်းကောင်း၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းသင်းမြက အထက(၃) တောင်ဥက္ကလာနှင့် အမက(၃၇) သာကေတကျောင်းများသို့ လည်းကောင်း၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်အေးနွယ်က အလက(၂) တောင်ဥက္ကလာနှင့် အမက(၂၁) ရွှေပြည်သာကျောင်းများသို့ လည်းကောင်း စာသင်ခုံများကို ပေးအပ်လှူဒါန်းခဲ့သည်။ **တင်စိုး(မြန်မာ့အလင်း)**


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၁)၊ မြေကွက်အမှတ်(၁၄၉၆)သည် နိုင်ငံတော်စီမံကိန်းအတွင်း ပါဝင်သွား၍ အစားပြန်လည်ချထားပေးသော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၃/၂)၊ မြေကွက်အမှတ်(၉၂)အား အမည်ပေါက် ဦးခင်မောင်ဆွေ ၁၂/သကတ(နိုင်)၀၆၈၇၇၀က မြေချပါမစ်ပျောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးလွှမ်းမိုးမြင့် ၁၂/ရကန(နိုင်)၀၂၀၈၂၂ ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၀၄၁၂၁၀၊ ၀၁-၆၆၁၁၀၆**

**အယူခံမှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို**
**အယူခံတရားပြိုင်များထံသို့**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**၂၀၁၄ခုနှစ် တရားမအယူခံမှုအမှတ်-၅၈၆**

ဒေါ်တင်တင် (၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ-ဦးဘို) (ပါ ၁၁) **နှင့်** ဒေါ်ဗွီဆာသလင်း (ပါ ၁၁)

**အယူခံတရားလိုများ** **အယူခံတရားပြိုင်များ**

၂၀၁၄ခုနှစ် ဇူလိုင် ၉ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမကြီးမှုအမှတ် ၃၇၁/၂၀၁၁ ၏ ဒီကရီမှ အယူခံလျှောက်လွှာနှင့်ပတ်သက်၍ (၁) ဒေါ်ဗွီဆာသလင်း၊ (၂) ဒေါ်စောပြည့်ချမ်းသာ၊ (၃) ဒေါ်စောမြတ်ရတနာ၊ အိမ်အမှတ် ၄၁၂၊ အကွက်အမှတ် ၁၇၅၊ ဦးပိုင် ၁၂-ဃ၊ လမ်း ၈၀၊ ပြည်ကြီးကျက်သရေအရှေ့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ) အယူခံတရားပြိုင်များသိစေရမည်။

ဤအမှုတွင် တိုင်းဒေသကြီးတရားလွှတ်တော်၏ ဒီကရီမှ အယူခံမှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ဥဥခင်က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၈ရက် နံနက် ၁၀နာရီတွင် ဤရုံးသို့ ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားလွှတ်တော်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်သည်။

**အမိန့်အရ-**

**(နန်းမေယဉ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ သလ္လာမြို့သစ်(ချမ်းမြဝတီရပ်ကွက်)ရှိ အကွက်အမှတ်(၇/၅)၊ ဦးပိုင်အမှတ် မနောသုခလမ်း(၈၁)၊ ဧရိယာ ၀ဒသမ ၁၁၀ဧကရှိ ဗိုလ်မှူးကျော်မြင့်သိန်း၊ တပ်ခွဲမှူး ရွှေဘိုမြို့အမည်ဖြင့်ရရှိထားသော နှစ်ပေါင်း ၃၀ ဂရန်မူရင်းပျောက်ဆုံးသွားကြောင်း ဇနီးဖြစ်သူ ဒေါ်ကေသီကျော်ဆန်း ၁၀/ဘလန(နိုင်)၀၁၂၉၂၇ မှ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာများတင်ပြ၍ ဂရန်မိတ္တူထုတ်ပေးရန် လျှောက်ထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများသည် တရားဝင်ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်မျိုး B.Sc, H.G.P,RL.2**
**အထက်တန်းရှေ့နေ(စဉ်-၁၃၈၀၀)**
**ဆောက်လုပ်ရေးလုပ်ငန်း၊ ကမ်းနားလမ်း၊**
**ရုံးကြီးရပ်၊ မုံရွာမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ အလယ်တန်း၊ မောင်ငံရပ်ကွက်၊ အမှတ် ၆၉၀နေ ဦးမျိုးဌေး ၁၀/မလမ(နိုင်)၀၉၄၈၆၄နှင့် ဒေါ်ဝင်းကြည် ၁၀/မလမ(နိုင်)၀၉၄၈၆၅ တို့၏သား မောင်မျိုးမင်းခိုင် ၁၀/မလမ(နိုင်)၁၆၁၇၇၀သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် မည်သည့်အကြောင်းကိစ္စကိုမဆို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးမျိုးဌေး-ဒေါ်ဝင်းကြည်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဖေမြင့် | ဦးသက်နိုင်ဦး | ဒေါ်မေပြုံးပြုံးမြင့် | ဒေါ်သီတာထူး |
|---|---|---|---|
| စဉ်-၈၄၀၂ | စဉ်-၉၇၈၅ | စဉ်-၃၅၀၃၅ | စဉ်-၄၄၀၁၂ |

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေများ**
**အမှတ် ၃၈၊ မြလမ်း၊ သီရိမြိုင်ရပ်၊ မော်လမြိုင်မြို့**

## လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးတင်ဦး (နတ်တလင်း)**

**အသက်(၉၃)နှစ်**

သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း-ဒေါ်အမာတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးတင်ဦးသည် ၂၂-၁၁-၂၀၁၄ရက်(စနေနေ့)နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးစိန်းမောင် အသက်(၉၀)

**ဆန်းနုယဉ်ဆေးဆိုးပန်းရိုက်လုပ်ငန်းရှင်၊ မုံရွာမြို့**

မုံရွာမြို့နယ်၊ ခိုးသန်းရွာနေ(ဦးဘိုးသာ-ဒေါ်မမကြီး)တို့၏သား၊အရာတော်မြို့နယ်၊ ဆူးလေကုန်းရွာနေ (ဦးသက်လှ-ဒေါ်ချစ်ညွန့်)တို့၏သားသမက်၊ မုံရွာမြို့၊ အောင်မင်္ဂလာရပ်၊ မြိုင်ဝေဆာလမ်းနှင့် အမှတ်(၁)လမ်းနေ(ဒေါ်သန်းစိန်)၏ချစ်လှစွာသောခင်ပွန်း၊ဥုးဉာဏဓဇ၊ ဦးထွဏ်းအောင်(ညွှန်မှူး၊ငြိမ်း၊ သမဦးစီးဌာန)၊ ဒေါ်မာမာသင်း(ကထိက၊ ငြိမ်း၊ သမဝါယမကောလိပ်)၊ ဦးတင်လှိုင်-ဒေါ်တင်မာကြည်(ပန်းချယ်ရီပိုးထည်ဆိုင်)၊ဒေါ်မြင့်မြင့်ကြည်(ဌာနမှူး၊ ဒုညွှန်ချုပ်၊ နေပြည်တော်စည်ပင်)၊ဒေါ်ဝင်းဝင်းကြည်(စာရင်းကိုင်၊စစ်ကိုင်းတိုင်း၊ဆည်မြောင်း)၊ (ဦးသန်းဇော်မောင်)-ဒေါ်လှဲ့လှဲ့ဝင်း(ပန်းချယ်ရီစတိုး)၊ ဦးဇော်မင်းထွန်း-ဒေါ်မော်မော်မြင့်(ဂန္ဓမာစတိုး၊ နေပြည်တော်)၊ ဒေါက်တာထွန်းအောင်ကျော် (သမားတော်ကြီး၊ အထွေထွေအထူးကု)-ဒေါက်တာမိုမိုကြည်(ကထိက၊ မန္တလေးဆေးတက္ကသိုလ်)၊ ဒေါ်နန်းအုန်းမြင့်(အလပြ၊ မုံရွာ)တို့၏ချစ်လှစွာသောဖခင်ကြီး၊ ဒေါ်ဝေနွယ်ထွဏ်း (East Hotel Yangon)၊ ဦးသန်းမင်းထွန်း-ဒေါ်ကေသွယ်ထွဏ်း(EPG Co.)၊ဒေါ်မျိုးမြတ်မြတ်ထွဏ်း(ချမ်းသာရွှေမြေကုမ္ပဏီ)၊ ဦးဘုန်းဇော်အောင်(အင်ဂျင်နီယာမှူး၊ ရွှေဘိုစည်ပင်)-ဒေါ်အိအိချင်း(Apex ဆောက်လုပ်ရေးကုမ္ပဏီ)၊ ဗိုလ်ကြီး ဒေါက်တာ ဝေဖြိုးအောင်-ဒေါ်ပွင့်သဉ္ဇာဦး(အောင်သီဟ ဆောက်လုပ်ရေးပစ္စည်းဆိုင်)၊ ဗိုလ်ကြီးဟိဏ်းထက်အောင်၊ ဦးတိုးထက်လှိုင်(လ/ထဦးစီးမှူး၊ မုံရွာဆည်မြောင်း)၊ ဦးမိုးဝင်းအောင်၊ မောင်ဟန်ဝင်းအောင်၊ မောင်ဝေယံထက်လှိုင်၊ မအင်ကြင်းဇော်၊ မဖြူစင်မောင်တို့၏အဘိုး၊မောင်ဉာဏ်မင်းထွန်း၊မောင်စျာန်ဘုန်းနိုင်တို့၏ အဘေးသည် ၂၅-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် မုံရွာမြို့၊ ဆားကျင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### Pa John Bosco Hau Khen Mang (Taitul Beh)

**Y.C.C.F (ဆည်မြောင်းယန္တရားဌာန၊ အငြိမ်းစား)**

**အသက်(၆၇)နှစ်**

ချင်းပြည်နယ်၊တီးတိန်မြို့နယ်၊ ဂမ်ငိုင်ရွာနေ Pu Khup Cin Lian - Pi Lun Khua Cing တို့၏သား၊ (Pa Cin Khan Hau), ( Kham Khan Mang), (Thawng Khen Kham), Kham Lian Mang တို့၏ညီ၊ (Nu Niang Do Lian), Nu Man Lian Vung, Nu Mang Thawn Cing, Nu Cing Khen တို့၏အစ်ကို၊ Tg. Lian Sian Khual (U.S.A)၏ဖခင်၊ Nu Niang Sawm Cing in ချစ်လှစွာသောခင်ပွန်းသည် ၂၅-၁၁-၂၀၁၄ရက်တွင် အမှတ် ၉၃၊ အင်ကြင်းလမ်း၊(၈)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၇-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်(ရေဝေး)၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

(နေအိမ်၊ ဖာတီမာဘုရားကျောင်း(မြေနီကုန်း)မှလည်းကောင်း၊ ယုဇနပိတောက်ကွေ့၊ လှိုင်သာယာ အထက(၃)ကျောင်းရှေ့မှလည်းကောင်း၊ ပတ္တမြား မှတ်တိုင်တို့မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။ **ကျန်ရစ်သူမိသားစု**

---

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌**

**၂၀၁၄ခုနှစ် တရားမထွေထွေမှုအမှတ်-၂၄၆**

**ကွယ်လွန်သူ ဦးညီပု၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ ၁၉ လမ်း၊ အမှတ် ၇၅၀၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးညီပု၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ရင်မေက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၉ ရက် (၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက်)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးညီပု၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၉ရက် (၁၃၇၆ခုနှစ်နတ်တော်လပြည့်ကျော် ၃ ရက်)၌ မိမိတို့ကိုယ်တိုင်သော် လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်ရင်မေ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်းသီတာ)**
**ခရိုင်တရားသူကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၈၂၁၊ ၈၂၂)၊ မြေကွက်တည်နေရာအမှတ်(၈၂၁၊ ၈၂၂)၊ ဗိုလ်နေဝင်းလမ်း၊ ဒလမြို့နယ်၊ (ဦးစိန်မြ) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစိန်မြထံမှ (၁၁-၇-၁၉၉၅)၊ (၂၈-၁၁-၂၀၁၁)နှင့် (၂၈-၁၁-၂၀၁၁)ရက်၊ မြေကွက်အမှတ်(၁၇၀၈)၊ မြေကွက်တည်နေရာအမှတ်(၁၇၀၈)၊ ပုဂံလမ်း၊ ဒလမြို့နယ် (ဦးမောင်ငယ်၊ ဦးမျိုးသိန်း) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်ငယ်၊ ဦးမျိုးသိန်းထံမှ(၂၃-၅-၁၉၉၂)၊ (၂၅-၂-၂၀၀၈)၊ (၆-၈-၂၀၀၈)၊ (၁၈-၃-၂၀၁၀)၊ (၂၀-၃-၂၀၁၀)နှင့်(၂၈-၁၁-၂၀၁၁) ရက် အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူထားသူ ဦးဘေရာမုတူး(ခ)ဝင်းနိုင် ၁၂/မဂတ(နိုင်)၀၀၀၁၉၇ (၂၆-၉-၂၀၁၃)ရက် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ပါကျွန်းရီတာ ၁၂/မဂတ(ပြု)၀၀၁၁၁၅ မှ (၁၆-၁၂-၂၀၁၃) နှင့် (၄-၉-၂၀၁၄)ရက် ကတိသစ္စာပြုလွှာ၊ သေစာရင်း၊ ထောက်ခံကတိသစ္စာပြုလွှာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်စိန် (ဥက္ကံ)

**အသက် (၉၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ သမိုင်း ၇လမ်း၊ အမှတ် ၄၇၀ နေ ဦးစိုင်းညွန့်လွင်-(ဒေါ်ခင်ခင်ထန်း) တို့၏မိခင်၊ မနန်းကျော့ကျော့လွင်၊ မောင်စိုင်းပြည့်ဖြိုးတို့၏ အဘွားသည် ၂၄-၁၁-၂၀၁၄ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဒေါ်ညွှန့်ညွှန့်

**အသက်(၉၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ၁လမ်း၊ အမှတ် ၃ နေ (ဦးပိုက်ချို-ဒေါ်သိန်းရင်) တို့၏သမီး၊ (ဦးတင်ရွှေ)၏ဇနီး၊ (ဦးတင်လှအောင်)-ဒေါ်မြင့်မြင့်သန်း(မွေးကုဦးစီးဌာန၊ ဒုညွှန်ကြားရေးမှူး၊ငြိမ်း)၊ ဒေါ်တင်ကြည်ဖြူ -(ဦးအောင်ဝင်း)၊ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ချို(ငြိမ်း)-ဒေါ်မိမိခိုင်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၄-၁၁-၂၀၁၄ ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဒေါ်ကြည်ကြည်တင် (အမေကြည်)

**နာယက၊ အင်္ဂါသမာဓိသန့်ရှင်းရေးအသင်း**

**အသက်(၈၆)နှစ်**

ရွှေတိဂုံစေတီတော် အင်္ဂါသမာဓိသန့်ရှင်းရေးအသင်းနာယကသည် ၂၅-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၄ ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသား/အသင်းသူများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။ အမှတ်(၃၂)၊ အုန်းပင်လမ်း၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။ **အလုပ်အမှုဆောင်အဖွဲ့၊ အင်္ဂါသမာဓိသန့်ရှင်းရေးအသင်း**

---

### ဦးအောင်ကျော်စိန်

**အထက်တန်းပြဆရာ(ငြိမ်း)၊ ပါတီယူနစ်ဥက္ကဋ္ဌဟောင်း(မြေပုံမြို့)**

**အသက်(၇၄)နှစ်**

စစ်တွေမြို့၊ လမ်းမတော်(တောင်)နေ (ဦးမြသာ-ဒေါ်နှင်းစီဖြူ)တို့၏သားထွေး၊ ရန်ကုန်မြို့၊ ကျောက်မြောင်းနေ(ဦးမောင်မောင်ကြီး)-ဒေါ်လှမြ၊ ရန်ကုန်မြို့၊ သုဝဏ္ဏနေ (ဦးသာထွန်းအောင်-ဒေါ်မဖြူ)၊ မော်လမြိုင်မြို့နေ ဦးရွှေမြအောင် (လဝက ဦးစီး-ငြိမ်း)၊ ဒေါ်ကျော့စိန်(ပညာရေး-ငြိမ်း)၊ စစ်တွေမြို့၊ လမ်းမတော်တောင်ရပ်ကွက်နေ ဒေါ်စောမြ(ထွေအုပ်-ငြိမ်း)၊ ဦးလှကျော်(တရားသူကြီး-ငြိမ်း)-ဒေါ်စောသာနု(ကုန်သွယ်ရေး-ငြိမ်း)တို့၏ညီ/မောင်၊ ဒေါ်အုံးခင်၏ခင်ပွန်း၊ဦးမြင့်ဆွေ(စစ်မှုထမ်း-ငြိမ်း)-ဒေါ်သင်းသင်းအောင်(IRC)၊ ဒေါ်ယဉ်ယဉ်အောင် (ဒု-ဦးစီးမှူး၊ ပြည်နယ်စီမံကိန်းရုံး)တို့၏ဖခင်ကြီး၊ မောင်ထွန်းလင်းကျော်(အထက-၂၊ စစ်တွေ)၊ မောင်ဟိန်းထက်ကျော်(အမက-၂၀၊ စစ်တွေ)တို့၏ အဘိုးရှင်သည် ၂၁-၁၁-၂၀၁၄ ရက် နံနက် ၈း၃၀နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၁၄ ရက်မွန်းလွဲ ၂နာရီတွင် စစ်တွေသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

### ဦးကိုကိုအောင်(ခ)မိုဟာမက်မူဆာဘိုင်

**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၃၆၈)၊ မဥ္ဇူလမ်း၊ (၁)ရပ်ကွက်နေ (ဦးမောင်လှိုင်)-ဒေါ်စိန်စိန်တို့၏သား၊ ဒေါ်ယဉ်ယဉ်ဌွေး၊ ဒေါ်တင်တင်အေး၊ ဒေါ်အေးအေးညွှန့်တို့၏မောင်၊ ဒေါ်အေးအေးလှိုင်၊ ဒေါ်မိုးမိုးလှိုင်တို့၏အစ်ကို၊ မဖြိုးဖြိုး၏ဖခင်၊တူ/တူမ လေးယောက်တို့၏ဦးလေးသည် ၂၄-၁၁-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၁၁း၂၅နာရီတွင်အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ ၄း၃၀နာရီတွင် ရေဝေးကဘာရ်စတန် ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

### ဒေါက်တာသန့်စင်ခိုင်(ခ)ခိုင်ကြီး(ခ)ဖိုးဝ

**M.B.,B.S(Mdy),First Year (MMed Sc)(Medicine)**

**ဆေးတက္ကသိုလ်(၂)**

**အသက်(၃၀)**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာစံပြကျေးရွာ၊ (၃) ရပ်ကွက်နေ [ဦးဝင်းမောင်(အထက-ကျောင်းအုပ်-ငြိမ်း)]-ဒေါ်ကျင်ရီတို့၏သားထွေး၊ ဦးဟုတ်စိန်-ဒေါ်အေးအေးခိုင်၊ ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)-ဒေါ်နှင်းစပယ်အောင်ကို၊ ဦးအောင်ခိုင်-ဒေါ်စန်းစန်းညို၊ ဒေါ်သူဇာခိုင်၊ ဦးကျော်ထူးလွင်-ဒေါ်ဖြူပြာခိုင်၊ ဒေါ်ကေသွယ်ခိုင်တို့၏ညီ/မောင်သည် ၂၅-၁၁-၂၀၁၄ရက်(အင်္ဂါနေ့)မွန်း လွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် (၃)ရပ်ကွက် သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အထူးကျေးဇူးတင်ရှိပါကြောင်း

**ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ရဟန်း ဒါယကာကြီး**

### ဦးဟိန်း(တောင်သာ)

**အသက်(၈၈)နှစ်**

၄-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးဟိန်း အသက်(၈၈)နှစ်၏နာရေးကိစ္စတွင် အသုဘရှုကြွရောက်ချီးမြှင့်တော်မူခဲ့ကြသော ဆရာတော်၊ သံဃာတော်အရှင်မြတ်များ၊ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးပါသော သဟာယခကာရီအဖွဲ့၊ နအတ္တအဖွဲ့၊ မေတ္တာစိတ္တနာရေးကူညီမှုအသင်းတို့အား လည်းကောင်း၊ လာရောက်မေးမြန်းကူညီကြပါသော ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ဝမ်းနည်းကြောင်း ဖော်ပြပေးပါသော စတားမိသားစုအားလည်းကောင်း၊ နာမကျန်းဖြစ်စဉ်က ပြုစုကုသပေးခဲ့သော ဆရာဝန်၊ ဆရာမများအားလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးတင်ဦး(နတ်တလင်း)**

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

**အသက်(၉၃)နှစ်**

သမ္မတရုံးဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း-ဒေါ်အမာတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်ခင်သန်း၏ခင်ပွန်း ဦးတင်ဦးသည် ၂၂-၁၁-၂၀၁၄ရက်(စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ပြည်သူ့အင်အားဦးစီးဌာန**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**

**ဒေါ်ရင်ရင်မြ(တောင်ငူ)**

**အသက်(၈၆)နှစ်**

သူငယ်ချင်းဗိုလ်ချုပ်ကိုကိုခိုင်(ငြိမ်း)-ဒေါ်မြင့်မြင့်အေးတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ရင်ရင်မြသည် ၁၈-၁၁-၂၀၁၄ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၂၅)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ရင်ရင်မြ**

**အသက်(၈၆)နှစ်**

ကျိုင်းတုံမြို့၊ တပ်မတော်ဆေးရုံ(ခုတင်-၃၀၀)မှ တပ်မှူးဗိုလ်မှူးကြီး သိန်းဇော်၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ရင်ရင်မြသည် ၁၈-၁၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျိုင်းတုံခရိုင်တရားသူကြီး ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်ကြည် မိသားစု**
**ကျိုင်းတုံခရိုင်ဥပဒေအရာရှိ ဦးစိုးစိုးမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးလှဇင်(ငြိမ်း)၊ လေ-၁၄၀၆**

**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဌာန၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ သလ္လာဝတီလမ်း၊ အမှတ်(၉/ခ)နေ (ဦးသောင်းဇင်-ဒေါ်ကြူကြူ)တို့၏သား၊ (ဦးဘခိုင်-ဒေါ်စောမြ)တို့၏သားသမက်၊ ဒေါ်နီနီခိုင်၏ခင်ပွန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဌာန၏ ပထမဦးဆုံး ဒုတိယအထွေထွေမန်နေဂျာဖြစ်သော ဗိုလ်မှူးလှဇင်(ငြိမ်း)၊ လေ-၁၄၀၆ သည် ၂၀-၁၁-၂၀၁၄ရက် (ကြာသပတေး နေ့) ည ၇း၄၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **မြန်မာ့စာတိုက်လုပ်ငန်းမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းမောင်**

**အသက်(၆၆)နှစ်**

ဗထူးတပ်မြို့၊ တပ်မတော်ကလေးများ အထက်တန်းကျောင်း၏ အာစရိယပူဇော်ပွဲများအတွက် (၁၃)ကြိမ်တိုင်တိုင် ရပ်စောက်၊ဗထူးတပ်မြို့ဘက်မှ စေတနာထက်သန်စွာ ဆောင်ရွက်ကြသည့် ဦးဆောင်ကျောင်းသားဟောင်းကြီးထဲမှ ဦးသန်းမောင်(ရပ်စောက်)သည် ၂၂-၁၁-၂၀၁၄ရက်(စနေနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားသည့်အတွက် အထူးပင်နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမှုကုသိုလ်အစုစုတို့အတွက် အေးငြိမ်ရာဘုံဗိမာန်တွင် နားခိုခံစားနိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

**အာစရိယပူဇော်ပွဲစဉ်ဆက်မပြတ်ဖြစ်မြောက်ရေး**
**ဆရာ/ဆရာမဟောင်းများနှင့်ကျောင်းသား/ကျောင်းသူဟောင်းများ (ရန်ကုန်)**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သင်းပျံ့ပိုင်**

**ဒု-လဝကမှူး၊ ပြည်သူ့အင်အားဦးစီးဌာန**

နေပြည်တော်၊ ခရေအိမ်ရာ၊ တိုက်အမှတ် (၁၃၄)၊ အခန်း(၃၁)နေ ဦးဌွေးပိုင်-ဒေါ်ဌွေးဌွေးလွင်တို့၏ချစ်လှစွာသောသမီး၊(လဝက-၁၇၇၀၅) ဒေါ်သင်းပျံ့ပိုင် (ဒု-လဝကမှူး)အသက်(၂၈)နှစ်သည် ၂၃-၁၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင်ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ပြည်သူ့အင်အားဦးစီးဌာန**
**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

---

## ကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူမခိုင်ငြိမ်းစံ၏ နာရေးတွင်နောက်ဆုံးအချိန်ထိ စိတ်အား၊ လူအား၊ စေတနာအား၊မေတ္တာအားအပြည့်ဖြင့်ပြုစုကုသ စောင့်ရှောက်ပေးခဲ့ကြပါသောအမှတ် (၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၏တပ်မှူးများ၊ ကလေးကျန်းမာပညာဌာနမှ ဒုတိယဗိုလ်မှူးကြီး ဒေါ်နီလာလွင် ဦးဆောင်သောကလေးဆေးပညာရှင်များ၊ ဝန်ထမ်းများအားလုံး၏စေတနာအား မိသားစု၏ရင်ထဲတွင် ကျေးဇူးတင်ရှိပါသည်။

**ဒုတိယဗိုလ်မှူးကြီးစိန်သန်း-ဒေါ်အေးအေးချို**
**သမီး-မရွှန်းလဲ့ဦး**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/2168 ZAR THA PYIN,TRUCK (2)TON ယာဉ်လက်ဝယ်ရှိသူ ဦးအီဆွတ် ၁၀/မလမ(နိုင်)၁၈၄၄၈၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ကြော်ငြာ

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်ဦး (နတ်တလင်း)

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

**အသက်(၉၃)နှစ်**

သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း-ဒေါ်အမာတို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးတင်ဦးသည် ၂၂-၁၁-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်**
**အရာထမ်း၊ အမှုထမ်းများ**
**သမ္မတရုံးဝန်ကြီးဌာန(၁)**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ သာသနာ့ ဒါယကာကြီး**

## ဦးစိန်းမောင်

**(ဆန်းနုယဉ် ဆေးဆိုးပန်းရိုက်လုပ်ငန်း)**

**အသက်(၉၀)**

မုံရွာမြို့နယ်၊ဦးသန်းရွာနေ(ဦးဘိုးတာ-ဒေါ်မမကြီး)တို့၏သား၊ အရာတော်မြို့နယ်၊ ဆူးလေကုန်းရွာနေ(ဦးသက်လု-ဒေါ်ချစ်ညွန့်)တို့၏သားသမက်၊ မုံရွာမြို့ အောင်မင်္ဂလာရပ်၊ မြိုင်ဝေဆာလမ်းနှင့် အမှတ်(၁)လမ်းနေ(ဒေါ်သန်းစိန်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဉာဏဓဇ၊ ဦးထွန်းအောင်(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ သမဦးစီးဌာန)-ဒေါ်မာမာသင်း(ကထိက၊ ငြိမ်း၊ သမဝါယမကောလိပ်)၊ ဦးတင်လှိုင်-ဒေါ်တင်မာကြည်(ပန်းချယ်ရီ ပိုးထည်ဆိုင်)၊ ဒေါ်မြင့်မြင့်ကြည်(ဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ)၊ ဒေါ်ဝင်းဝင်းကြည်(စာရင်းကိုင်၊ စစ်ကိုင်းတိုင်း ဆည်မြောင်း)၊ ဦးသန်းဇော်မောင်-ဒေါ်လဲ့လဲ့ဝင်း(ပန်းချယ်ရီစတိုး)၊ ဦးဇော်မင်းထွန်း-ဒေါ်မော်မော်မြင့်(ဂန္ဓမာစတိုး၊ နေပြည်တော်)၊ ဒေါက်တာထွန်းအောင်ကျော် (သမားတော်ကြီး၊ အထွေထွေအထူးကု)၊ ဒေါက်တာမိုမိုကြည်(ကထိက၊ မန္တလေးဆေးတက္ကသိုလ်)၊ ဒေါ်နန်းအုန်းမြင့်(အထပြ)တို့၏ချစ်လှစွာသောဖခင်ကြီးသည် ၂၅-၁၁-၂၀၁၄ရက်(အင်္ဂါနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် မုံရွာမြို့ မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးစိန်းမောင်(မုံရွာမြို့) အသက်(၉၀)

**(ဆန်းနုယဉ်ဆေးဆိုးပန်းရိုက်လုပ်ငန်း)**

မုံရွာမြို့နယ်၊ခိုးသန်းရွာနေ(ဦးဘိုးသာ-ဒေါ်မမကြီး)တို့၏သား၊ အရာတော်မြို့နယ်၊ ဆူးလေကုန်းရွာနေ (ဦးသက်လု-ဒေါ်ချစ်ညွန့်)တို့၏သားသမက်၊ မုံရွာမြို့၊ အောင်မင်္ဂလာရပ်၊ မြိုင်ဝေဆာလမ်းနှင့် အမှတ်(၁)လမ်းနေ (ဒေါ်သန်းစိန်)၏ခင်ပွန်း၊ ဦးဉာဏဓဇ၊ ဦးထွဏ်းအောင်(ညွှန်ကြားရေးမှူး၊ငြိမ်း၊ သ/မဦးစီးဌာန)-ဒေါ်မာမာသင်း (ကထိက၊ ငြိမ်း၊ သမဝါယမကောလိပ်)၊ ဦးတင်လှိုင်-ဒေါ်တင်မာကြည်(ပန်းချယ်ရီ ပိုးထည်ဆိုင်)-ဒေါ်မြင့်မြင့်ကြည်(ဌာနမှူး၊ ဒုညွှန်/ချုပ်၊ နေပြည်တော်စည်ပင်)၊ ဒေါ်ဝင်းဝင်းကြည်(စာရင်းကိုင်၊ စစ်ကိုင်းတိုင်း၊ ဆည်မြောင်း)၊ (ဦးသန်းဇော်မောင်)-ဒေါ်လဲ့လဲ့ဝင်း(အလပြ၊ ငြိမ်း)၊ ဦးဇော်မင်းထွန်း-ဒေါ်မော်မော်မြင့်(ဂန္ဓာမာစတိုး)၊ နေပြည်တော်နေ ဒေါက်တာထွန်းအောင်ကျော် (အထွေထွေအထူးကုသမားတော်ကြီး)-ဒေါက်တာမိုမိုကြည် (ကထိက၊ မန္တလေးဆေးတက္ကသိုလ်)၊ ဒေါ်နန်းအုန်းမြင့်(အလပြ၊ဆူးလေကုန်းကျောင်း၊ မုံရွာမြို့)တို့၏ဖခင်ကြီး၊ ဒေါ်ဝေနွယ်ထွဏ်း(East Hotel၊ ရန်ကုန်)၊ ဦးသန်းမင်းထွန်း-ဒေါ်ကေသွယ်ထွဏ်း(EPG ကုမ္ပဏီ)-ဒေါ်မျိုးမြတ်မြတ်ထွန်း(ချမ်းသာရွှေမြေကုမ္ပဏီ)၊ ဦးဘုန်းဇော်အောင်(အင်ဂျင်နီယာမှူး၊ ရွှေဘိုစည်ပင်)-ဒေါ်အိအိချင်း(အေနိုင်းဆောက်လုပ်ရေးကုမ္ပဏီ)၊ ဗိုလ်ကြီးဒေါက်တာဝေဖြိုးအောင်-ဒေါ်ပွင့်သဥ္ဇာဦး(အောင်သီဟဆောက်လုပ်ရေးပစ္စည်းဆိုင်)၊ ဗိုလ်ကြီးဟိဏ်းထက်အောင်၊ ဦးတိုးထက်လှိုင်(လ/ထဦးစီးမှူး၊ မုံရွာဆည်မြောင်း)၊ ဦးမိုးဝင်းအောင်၊ မောင်ဟန်ဝင်းအောင်၊ မောင်ဝေယံထက်လှိုင်၊ မအင်ကြင်းဇော်၊ မဖြူစင်မောင်တို့၏အဘိုး၊ မောင်ဉာဏ်မင်းထွန်း၊ မောင်ဈာန်ဘုန်းနိုင်တို့၏ ဘိုးဘိုးကြီးသည် ၂၅-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် မုံရွာမြို့၊ မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း

## ဦးစိန်းမောင် အသက်(၉၀)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ညှိနှိုင်းဆောင်ရွက်ရေးဌာနမှ ဒေါ်မြင့်မြင့်ကြည်(ဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)၏ဖခင် ဦးစိန်းမောင်သည် ၂၅-၁၁-၂၀၁၄ရက် နံနက် ၇နာရီတွင် မန္တလေးမြို့ နန်းတော်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြို့တော်ဝန်နှင့်ဇနီး**
**ကော်မတီဝင်များနှင့် ဝန်ထမ်းမိသားစုများ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ဦးနိုင်မင်းဦး(ခ)ကိုနိုင်ဦး

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာမွန် ၅လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ အမှတ် ၆နေ ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း(အငြိမ်းစား)-ဒေါ်ခင်သန်းမြင့်တို့၏ချစ်လှစွာသောသားကြီး၊ (ဦးသန်းဌေးအုန်း)-ဒေါ်ခင်သဇင်တို့၏သားသမက်၊ ဒေါ်မီမီသန်းဌေး(ခ)မီဂျီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်စွာ-ဒေါ်မေစီမင်း၊ ဒေါ်ကေသီမင်း၊ ဗိုလ်မှူးဇော်လွင်ထွန်း-ဒေါ်သီတာမင်း၊ ဦးဝေမင်းဦးတို့၏အစ်ကိုကြီး၊ မခင်စံမှီနိုင်(ခ)ကစ်ကစ် (Victoria University College)၏ချစ်လှစွာသောဖခင်သည် ၂၆-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးနိုင်မင်းဦး(ခ)ကိုနိုင်ဦး

**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာမွန် ၅လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ အမှတ် ၆နေ ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း(အငြိမ်းစား)-ဒေါ်ခင်သန်းမြင့်တို့၏ချစ်လှစွာသောသားကြီး၊ (ဦးသန်းဌေးအုန်း)-ဒေါ်ခင်သဇင်တို့၏သားသမက်၊ ဒေါ်မီမီသန်းဌေး(ခ)မီဂျီ၏ ချစ်လှစွာသောခင်ပွန်း၊ မခင်စံမှီနိုင်(ခ) ကစ်ကစ်(Victoria University College)၏ချစ်လှစွာသောဖခင်၊ မအေးသင်ဇာသန်းဌေး၊ ကိုနိုင်လင်းသန်းဌေး(Family Entertainment)-မနှင်းသီတာဦး (Family Entertainment) တို့၏အစ်ကိုကြီး၊ ခင်အမရာနိုင်၏ဘကြီးသည် ၂၆-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၃၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းရင် (စစ်တွေ၊ ဖျာပုံ)

**ကုန်သွယ်ရေး(၈/၁၀) (ငြိမ်း)**

**အသက်(၉၂)နှစ်**

ဖျာပုံမြို့နေ (ဦးရွှေထွန်း-ဒေါ်စိန်)တို့၏သမီးထွေး၊ (ဦးတာ-ဒေါ်သီလှ) တို့၏သမီးချွေးမ၊ (ဦးမြင့်မောင်၊ ကုန်သွယ်ရေး၊ ငြိမ်း)၏ဇနီး၊ ဦးစိုးမောင် (မြန်မာ့လေကြောင်း၊ ငြိမ်း)-(ဒေါ်စိုးစိုးမြင့်)၊ ဦးညီညီမြင့်-ဒေါ်စိုးစိုးမြင့်(ပုပ္ပားမွေးမြူရေး၊ ငြိမ်း)တို့၏ချစ်လှစွာသောမိခင်၊ ကိုသူရအောင်၊ ကိုဥက္ကာကျော် (ပို့ဆောင်ရေးဝန်ကြီးဌာန)၊ ကိုနန္ဒအောင်(စီးပွားရေးဌာန၊ မြန်မာ့လေကြောင်း)-မခင်မိုးလှိုင်ဝေ၊ မစန်းမြသော်တာ (လ/ထညွှန်မှူး၊ ကျန်းမာရေးဝန်ကြီးဌာန)၊ မငွေကြယ်စင်သာ (Y.A.G၊ မင်္ဂလာဒုံလေဆိပ်)၊ ကိုရဲကျော်သူ(စက်မှုဌာန၊ မြန်မာ့လေကြောင်း)တို့၏အဘောင်ရင်၊ မဝန်းကဗျာအိမ်(အမက-၇၊ တာမွေ) တို့၏အဖီးရင်သည် ၂၆-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၂၈-၁၁-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၃၁၊ ၉၈ လမ်း၊လွတ်လပ်ရေးရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်နုနုရင်(ခ)ဒေါ်အမာ

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊လေးထောင့်ကန်လမ်း၊ TOSTA Plaza၊ အခန်း ၁၀၀၃နေ(ဦးလှအောင်-ဒေါ်စိန်မြ)တို့၏သမီး၊ (ဦးဘိုသီး)၏ဇနီး၊ ဦးမြင့်အောင်(ဒု-မန်နေဂျင်းဒါရိုက်တာ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်နုနုရီ၊ ဦးမောင်မောင်သီ၊ ဒေါ်နုနုမာ၊ ဦးသက်ထွန်းစံ(မြို့နယ်စည်ပင်၊ ဘုတ်ပြင်း)-ဒေါ်မေပုလဲ၊ ကိုဇေယျာလင်း(SNATUR)-မယဉ်မင်းထွေးတို့၏ချစ်လှစွာသောမိခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၆-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့ ) ညနေ ၃နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းဟန် (လပွတ္တာ)

**အသက်(၇၂)နှစ်**

လပွတ္တာမြို့နေ (ဦးမောင်အေး-ဒေါ်ညွန့်စိန်)တို့၏သမီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဇော်ဂျီ ၄လမ်း၊ အမှတ် ၁၃၇၃နေ ဦးလှဝင်း၏ဇနီး၊ (ဦးပြေသက်)၊ ဦးထင်ကျော်-ဒေါ်ကြည်သောင်း၊ ဦးတင့်ရင်-ဒေါ်ခင်စိန်တို့၏ညီမ၊ ဦးအေးသိမ်းကျော်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်အုန်းဌေး၊ (ဦးမြင့်သိန်း)-ဒေါ်မြင့်မြင့်စိုး၊ ဦးလှိုင်တင်-ဒေါ်ခင်ငြိမ်းဆွေ၊ ဗိုလ်မှူးတင်ဝေ (ငြိမ်း) (ရန်ကုန်မြို့တော်စည်ပင် ဒုတိယဌာနမှူး၊ ငြိမ်း) - ဒေါ်စမ်းသွင်၊ ဒေါက်တာညွှန့်ညွှန့်အေး(ပါမောက္ခ၊ သင်္ချာဌာန၊ မြိတ်တက္ကသိုလ်)၊ ဦးဌေးဝင်း(စိန်မြို့တော်ကွန်ကရစ်လုပ်ငန်း)-ဒေါ်နွယ်နွယ်ထွန်းတို့၏အစ်မသည် ၂၅-၁၁-၂၀၁၄ရက်(အင်္ဂါနေ့)ညနေ ၄း၀၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်ကြည်တင်(ပုလောမြို့) အသင်းဝင်အမှတ်-၁၁၃၇

**အသက်(၇၀)**

တနင်္သာရီတိုင်းဒေသကြီး၊ပုလောမြို့၊(၁)ရပ်ကွက်၊ခရုပင်လမ်းနေ(ဦးရှောဇီ)၏ဇနီးသည် ၂၄-၁၁-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## U Sing Khan Cin

**ဦးစီးအရာရှိ၊ ထွေ/အုပ်(ငြိမ်း)**
**ချင်းနှစ်ခြင်းအရစ်ယာန်အသင်းတော် ရန်ကုန်၏အသင်းသား**

**အသက်(၆၂)နှစ်**

ချင်းပြည်နယ်၊ ဘွန်မ်ရွာနေ U Lam Pum - Daw Tuang Ko Cing တို့၏ သားကြီး၊U Khaung Nok-Daw Nun Tho တို့၏သားသမက်၊ U Ngo Za Cin, U Cin Ko Nang, Daw Dim Man Vung, Daw Dim Ko Niang, U Thang Suan Pau, Daw Cingh Ko Neam, U On Za Mang, U Khai Do Tual, U Khawm Pau တို့၏ အစ်ကို၊ Daw Cing Khawm Dim, Dr.Nun Kim-Khai Lian Cin Thang, Ma Niang Dal@ ရဒ်စိန်၊ Ma Bawi Sing, Mg Pum Khan Khai တို့၏ဖခင်၊မြေးနှစ်ယောက်တို့၏ အဘိုး၊ Daw Za Nuam ၏ချစ်လှစွာသောခင်ပွန်းသည် ၂၅-၁၁-၂၀၁၄ရက် (အင်္ဂါနေ့)ည ၁၀း၃၀နာရီတွင် ကလေးမြို့ ချမ်းမြေ့ဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့်၂၇-၁၁-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီ တွင် ဝတ်ပြုဆုတောင်းပြီး ဘွန်မ်ရွာ သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ချင်းနှစ်ခြင်းခရစ်ယာန် အသင်းတော်၊ ရန်ကုန်

---

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**

## ဒေါ်ထွေးကြည်(ခ) ဒေါ်ကွန်ဘို့

**အသက်(၈၅)နှစ်**

ပေါင်မြို့၊ ကဒါရပ်နေ (ဦးကျော်သိန်း - ဒေါ်သိန်းတင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီလမ်း၊ အမှတ် ၈၂ (မြေညီထပ်)နေ ဦးဟုတ်ကြိုင်၏ ဇနီး၊ (ဒေါက်တာဒေါ်မြသန်း)-ဦးမြင့်ဦး၊ ဒေါ်ခင်ဝင်းကြည်-(ဦးအောင်စိုးလှ)၊ ဒေါ်ခင်သန်းကြည် - ဦးတင်အောင်၊ (မောင်မြမိုး)-မဆွေဆွေဝင်း တို့၏မိခင်၊ ကိုဟန်ဝင်းအောင်-မမိုးသီတာ၊ ဒေါက်တာဇေယျာဦး၊ ကိုတင်ထွဋ်-မဇာအိဖြူ၊ ကိုစိုင်းဝန်းဆီ-မင့ဝါရွှေ၊ မမေဇွန်မိုးတို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားသည် ၂၅-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၁၁-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးနွယ်အေး အသက်(၆၀)

ကျောက်ပန်းတောင်းမြို့၊ငွေးတောက်ကုန်းရွာနေ (ဦးအောင်သိန်း-ဒေါ်အေးသင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးကျော်)-ဒေါ်ယဉ်ကျေးတို့၏သားသမက်၊ ကျောက်ပန်းတောင်းမြို့နယ်နေ ဦးထွန်းခ-(ဒေါ်ကြည်ကြည်ဝင်း)တို့၏မောင်၊ အမှတ် ၇၅၃၊ ဝေဇယန္တာ ၁၈လမ်း၊၆/အနောက်ရပ်ကွက်၊သာကေတမြို့နယ်နေ ဒေါ်သင်းစပယ်(DWIR)၏ခင်ပွန်း၊ မောင်ဇင်လင်းဦး (3TC-TU သန်လျင်)၏ဖခင်သည် ၂၆-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၈-၁၁-၂၀၁၄ ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဇေထွန်း

**B.E, (Chemical)**

**(ဂို့တီ)**

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၈၁၊ ရေကျော်လမ်း၊ကျိုက်ဝိုင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးလှထွန်း-ဒေါ်သန်းနုတို့၏သား၊ ဦးမြင့်လွင်-ဒေါ်တင်တင်လှ၊ ဦးဇော်မြင့်-ဒေါက်တာတင်တင်အေး၊ ဒေါက်တာနေဝင်း-ဒေါက်တာခင်သန်းဝင်း၊ ဒေါက်တာနေလင်း-ဒေါက် တာမြင့်မြင့်သိန်း၊ ဦးနေထွန်း၊ ဒေါက်တာသီတာထွန်းတို့၏ညီ/မောင်၊ တူ၊ တူမ ၁၀ယောက်တို့၏ ဦးလေးသည် ၂၅-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) ည ၆း၅၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇-၁၁-၂၀၁၄ ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီ တွင် ရေဝေးအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီ တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ခင်တင့်

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့နေ(ဦးမောင်မောင်ကြီး-ဒေါ်သန်းတင်)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုလက်မှု(၄)လမ်း၊ အမှတ်၄၅/ကနေ ဦးစိုးမြင့်(ခ)ဦးတယ်တီ-ဒေါ်ခင်မော်တို့၏မိခင်၊ ဦးအောင်ကျော်မိုး (A.E) - ဒေါ်သီသီဝင်း (အမှတ်-၁၊ သံမဏိစက်ရုံ၊ အောင်လံမြို့)၊ မခင်စိုးစိုး၊ တပ်ကြပ်မင်းမင်း-မခင်စိုးမိုး၊ မောင်ကျော်လင်းထက်တို့၏အဘွား၊ မရွှေစင်လင်းထက်၏ဘွားဘွားကြီး၊ ဦးတင်အုန်း၏ချစ်လှစွာသောဇနီးသည် ၂၆-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၄ရက် (သောကြာနေ့)ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ [အမှတ် ၄၅/က၊ စက်မှုလက်မှု(၄)လမ်း၊ မေတ္တာညွန့်နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစောထွန်း

**အသက်(၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း ၁လမ်း၊ အမှတ်၁၂၊မြေညီထပ်နေ ဦးအေးညွန့်-ဒေါ်ကြည်တို့၏သား၊ ဒေါ်အုံးစိန်၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်သိန်း (ကနေဒါ) - ဒေါ်ဝါဝါမောင်(ကနေဒါ) တို့၏ဖခင်၊ ဦးစောအေး၊ ဦးစောလှတင်၊ ဒေါ်ခင်စန်းရီ-(ဦးရဲမြင့်)တို့၏ အစ်ကိုကြီးသည် ၂၅-၁၁-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၄ရက်(စနေနေ့)ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်သန်း

**(မိုးကုတ်ဝိပဿနာယောဂီ)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်းနေ[ဆရာကြီး ဦးလှဖေ (ယခင် မိုးကုတ်ဝိပဿနာ ဓမ္မကထိက)-ဒေါ်ကျင်ဌေး]တို့၏သမီး၊ ပြင်ဦးလွင်မြို့၊ တပ်မတော်နည်းပညာ တက္ကသိုလ်၊စွယ်တော်ရပ်ကွက်၊ အရာရှိရိပ်သာနေ ဆရာမဒေါ်နုနုရီ(ကထိက၊ ဓာတုဗေဒဌာန)၏ချစ်လှစွာသောမိခင်သည် ၂၅-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁း၁၀နာရီတွင်တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၌ ကွယ်လွန်သွားပါ၍ ၂၇-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် တပ်မတော်ဆေးရုံ(၁/၇၀၀)မှ ရှစ်မိုင် ကန်းဘောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ထွန်းလှလှမင်း(ခ) ဒေါ်သီတာမင်း

**(B.Sc-Zoology)**

**အသက်(၅၅)နှစ်**

ပြင်ဦးလွင်မြို့နေ ဦးလှမင်း(ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း) - (ဒေါ်ကြည်ကြည်)တို့၏ သမီး၊ ပေါက်ခေါင်းမြို့နေ (ဦးမောင်စိန်-ဒေါ်ပုလေး)တို့၏ချွေးမ၊ ပြင်ဦးလွင်မြို့နေ ဦးလှစိန်(ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်နီလာမင်း၊ ဦးပိုင်စိုးမင်း-ဒေါ်မေနှင်း၊ ဒေါက်တာမောင်မောင်လွင် (လမင်းတရာ သွားနှင့်ခံတွင်း ဆေးကုခန်း)-ဒေါ်ခင်ကျော့မင်း၊ ဒေါ်နယ်ဉ်မင်း(လက်ထောက်အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၊ ဦးစိုးမိုးမင်းတို့၏အစ်မကြီး၊ ဒေါက်တာကျော်ကျော်ဆွေ (ဒုတိယညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မန္တလေးခရိုင်)၏ဇနီး၊ ဒေါက်တာသက်နွယ်မင်းနှင့် ဒေါက်တာသက်မြတ်မင်းတို့၏ ချစ်လှစွာသော မိခင်သည် ၂၅-၁၁-၂၀၁၄ရက် ည ၈း၄၀နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရုံးဝင်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇-၁၁-၂၀၁၄ ရက် မွန်းတည့် ၁၂နာရီတွင် မန္တလေးမြို့ တောင်အင်း မြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၁-၂၀၁၄ရက် နံနက်၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တသောဘိတ မဟာထေရ် (ညောင်တုန်း)

**(သာသနဓဇသိရီပဝရဓမ္မာစရိယ)**

**(ရွှေတောင်ကျောင်းဓမ္မရိပ်သာ ပဓာနနာယကဆရာတော်ကြီး)**

**သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်းရွှေတောင်ကျောင်းဓမ္မရိပ်သာ၏ ပဓာနနာယကဆရာတော် ဖြစ်တော်မူသော ဘဒ္ဒန္တသောဘိတ မဟာထေရ်(သာသနဓဇသိရီပဝရဓမ္မာစရိယ)သည် (၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၄ရက်)၂၅-၁၁-၂၀၁၄ရက်(အင်္ဂါနေ့)နံနက် ၉း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၈ရက်) ၂၉-၁၁-၂၀၁၄ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီနှင့်
တပည့်များ

---

## ဦးစန်းလွင်(ခ)ဦးစိန်မောင် (ကျိုက်လတ်၊ မိချောင်းခြံ)

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့နေ (ဦးအောင်ညွန့်-ဒေါ်အေးရင်)တို့၏သားကြီး၊ လှည်းကူးမြို့နေ(ဦးစံဦး-ဒေါ်ငွေအောင်)တို့၏သားသမက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဒေါ်ထွေးထွေး)၏ခင်ပွန်း၊ (ဒေါ်စန်းရီ)၏မောင်၊ (ဦးချာလီ-ဒေါ်ခင်လှ)၊ (ဦးကျင်ရှိန်)-ဒေါ်လှတင့်၊ ဦးထင်လတ်-ဒေါ်ရီရီမြင့်တို့၏အစ်ကို၊ ဒေါ်ခင်ဝင်းလွင်(ရုံးအုပ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ နေပြည်တော်)၊ ဦးညီဝင်း-ဒေါ်ခင်အေးသွင်၊ (ဒေါ်ကြည်လေးမုန့်တိုက်၊ နန္ဒဝန်ဈေး)၊ ဦးအောင်မျိုးလင်း၊ ဒေါ်ခင်မမ(New Strange Co.,Ltd.)၊ ကိုဝင်းကျော်သူ(Bexgen Marine & Offshooe Pte Co.,Ltd.)တို့၏ဖခင်၊ မဆုမြင့်မြတ်နိုး(2nd Year Eco)၊ မဆုပြည့်ပြည့်ဖြိုး(ဆဋ္ဌမတန်း-A၊ အထက-၂၊တ/ဥ)တို့၏အဘိုးသည်၂၅-၁၁-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၁၁-၂၀၁၄ရက် ညနေ ၄နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဆရာကြီး ဦးတင်ထွန်း B.A.Ed., B.Ed

**လ/ထတိုင်းပညာရေးမှူး(စစ်ဆေးရေး/ရန်ကုန်တိုင်း၊ ငြိမ်း)**

**အသက်(၈၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ ရွှေဂုဏ်သူကွန်ဒို၊ တိုက်(A-1)၊ အခန်း(1108)နေ (ဦးကြင်ရှိန်-ဒေါ်မြခင်)တို့၏သားကြီး၊ (ဒေါ်သန်းမြင့်)၏ခင်ပွန်း၊ ဦးထွန်းမြင့်ဦး(ဒိတ်ဒိတ်ကြဲ၊ ကြက်သွန်ကြော်၊ လက်ဖက်၊ Htun Minn Aung Trading Co.,Ltd.)၊ ဒေါက်တာထွန်းမြင့်လတ်-ဒေါက်တာဌေးဌေးဟန်(USA)၊ ဦးမျိုးမြင့်ထွန်း-ဒေါ်နုနုလွင်၊ ဦးအောင်မြင့်ထွန်း (GE-Singapore)-ဒေါ်မြင့်မြင့်သန်း၊ ဦးအောင်သန်းထွန်း(USA)၊ ဦးသိန်းမြင့်ထွန်း(ခ)ကိုရွှေသွေး(USA)-ဒေါ်သူဇာထွန်းတို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၆-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၂၂နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၄ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၁၄ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးတင်အေး(ခ)ဦးကျော်မြင့် (ကျီးသဲ)

**မြန်မာ့မီးရထား(ငြိမ်း)-၁၅၈၁ (ပြည်အသင်း ၇၁/၉၈၁)**

**အသက်(၇၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် (၃၈/B)နေ (ဦးစိုးမောင်-ဒေါ်သိန်းတင်)တို့၏သား၊ (ဦးအေးမောင်-ဒေါ်မြသီတာ)တို့၏သားသမက်၊ (ဒေါ်အုန်းမြင့်)၏ခင်ပွန်း၊ ဦးခင်မောင်သန်း(YOMA Express)-ဒေါ်သင်းသင်းအေး (အမက-၃၈လမ်း၊ ပေါင်းတည်)၊ ဦးစောသာဆန်းလွင် (Myanmar V-pile)-ဒေါ်နှင်းနှင်းအေး(C.H.D Bank)၊ ဦးဇော်ဝင်းနိုင်(Win & Win Company)-ဒေါ်ဆွေဆွေအေး(C.H.D Bank)၊ ဒေါက်တာမီမီအေး (မအူပင်တက္ကသိုလ်)တို့၏ဖခင်၊ ဗိုလ်ကြီးကျော်ဇေယျာထွန်း (အမှတ်-၂ တပ်မတော်ဆေးရုံ၊ ခုတင်-၅၀၀)၊ ဗိုလ်ကြီးကျော်ဇေယျာနိုင်၊ မစုအိအိထွေး(M.C.B Bank)၊ မထူးပပအောင်(အထက-၂၊လှိုင်)၊ မောင်စောအဲကျော်ကျော်(အထက-၂၊ လှိုင်)၊ မသီရိရတနာထွဋ်(အမက-၄၊ လှိုင်)တို့၏အဘိုးသည် ၂၅-၁၁-၂၀၁၄ ရက်(အင်္ဂါနေ့)မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရီရီမြင့် (ကျိုက်လတ်)

**အသက်(၇၂)နှစ်**

ကျိုက်လတ်မြို့၊ အမှတ် ၃၆၊ ၃×၄ ဦးပြုံးချိုလမ်းနေ (ဦးရန်ဆိုင်-ဒေါ်သောင်းမေ)တို့၏သမီး၊ [ဦးဌေးတင် (သ/မဦးစီး၊ ငြိမ်း)]၏ဇနီး၊ ဒေါ်စိန်စိန်လွင်၏အစ်မ၊ ဦးကိုကိုနိုင်-ဒေါ်ဆွေဆွေအောင်၊ ဦးခင်ဇော်-ဒေါ်မေသုခတို့၏မိခင်၊ မောင်ဘုန်းလင်းနိုင်၏အဘွားသည် ၂၅-၁၁-၂၀၁၄ရက်(အင်္ဂါနေ့)နံနက် ၀၀း၃၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုက်လတ်မြို့ ပိတောက်မြိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအေးချမ်း

**အထက(၃)မရမ်းကုန်း၊ ရေကူးကျောင်းသားဟောင်း**

**အသက်(၆၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ၄၉လမ်း၊ B-Block၊ တိုက် ၂၈၊ အခန်း ၂၀၁နေ (ဦးမောင်ကျင်-ဒေါ်မြအေး)တို့၏သား၊ (ဦးတင်အေး-ဒေါ်ထွေးစိန်)တို့၏သားသမက်၊ ဒေါ်ဟန်ငြိမ်း၏ခင်ပွန်း၊ (ဦးတင်စိုး)-ဒေါ်သန်းသန်းအေး၊ ဦးအောင်ဝေ-ဒေါ်မြင့်စိန်သီတို့၏မောင်၊ ဦးသန်းရွှေ-ဒေါ်မြင့်မြင့်သန်း၊ ဦးဝင်းမောင်-ဒေါ်သန်းသန်းနွဲ့၊ ဒေါ်မြင့်စိန်ကြည်၊ ဦးအေးကြူ-ဒေါ်စန္ဒာခိုင်၊ (ဦးလှဝင်း)-ဒေါ်သန်းသန်းဝင်း၊ ဦးဇော်လွင်-ဒေါ်မူမူလွင်၊ ဦးဇော်မင်းရှိန်-ဒေါ်ကြည်ကြည်စိန်တို့၏အစ်ကို၊ ဦးအောင်လှတင်-ဒေါ်ကြည်ကြည်မြင့်၊ ဦးကျော်ခိုင်ဦး-ဒေါ်လှမြင့်၊ ဦးညွန့်အောင်-ဒေါ်စန်းဌေးတို့၏ခဲအို၊ ဦးအောင်မျိုးကျော် (ဂုဏ်ထူးအောင်)-ဒေါ်အေးမင်းသန့်၊ အုပ်ခွဲတပ်ကြပ်ကြီး ချစ်ကိုကို(မော်ဘီ)-ဒေါ်သင်းသင်းဆွေ၊ မမြင့်မြင့်အေး (ထွေ/အုပ်)၊ မောင်ဝေလမင်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၅-၁၁-၂၀၁၄ရက်(အင်္ဂါနေ့)ညနေ ၅း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၇-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၁၂-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေး



**နေပြည်တော်　နိုဝင်ဘာ　၂၆**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာမိုဟာမက်ဆူဖီအူရ်ရာဟ်မာန်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀နာရီက နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးအောင်ထူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး သီလဝါဆိပ်ကမ်းသို့ ရောက်ရှိ

**ရန်ကုန်　နိုဝင်ဘာ　၂၆**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ကူညီမှု၊ Myanmar Voyages International Tourism Co., Ltd. ၏စီစဉ်ဆောင်ရွက်မှုဖြင့် Star Cruises (HK)Limited မှ Ms. Super Star Libra အပျော်စီးသင်္ဘောကြီး ယနေ့ နံနက် ၅ နာရီခွဲတွင် ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှတစ်ဆင့် ဆိုက်ရောက်လာသည်။

မလေးရှား(တရုတ်) လူမျိုးများ အများဆုံးပါရှိသော ကမ္ဘာလှည့်ခရီးသည် ၁၂၉၄ ဦးနှင့် သင်္ဘောဝန်ထမ်းပေါင်း ၉၁၉ ဦးခန့် လိုက်ပါလာသည်။ အဆိုပါ ခရီးသည်များသည် ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့တွင်းခရီးစဉ်များ၊ ပဲခူးနှင့်သန်လျင်၊ ကျောက်တန်း ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ကြသည်။

အဆိုပါ သင်္ဘောကြီးနှင့် လိုက်ပါလာခဲ့သည့် MBS Alumini အဖွဲ့ဝင် ၁၃၀ တို့သည် ရန်ကုန်မြို့ရှိ မေရီချက်ပ်မင်း ဆွံ့အနားမကြားကျောင်းသို့သွားရောက်ကြပြီး ကျောင်း၌အသုံးပြုရန် ဘတ်စ်ကားတစ်စီးနှင့် အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းပြီး နေ့လယ်စာကျွေးမွေးခဲ့သည်။ လှူဒါန်းငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ သုံးသောင်းခွဲခန့်ရှိသည်။

"Ms. Super Star Libra အပျော်စီးသင်္ဘောက မြန်မာနိုင်ငံကို ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်တယ်။ ယခုနှစ် ခရီးသွားရာသီတွင် အပျော်စီးသင်္ဘော ခုနစ်စင်း လာရောက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဇင်ဘာလမှာ လေးစင်းထပ်မံလာရောက်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်" ဟု Myanmar Voyages ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာက ပြောကြားခဲ့သည်။

အဆိုပါ ကမ္ဘာလှည့်သင်္ဘောကြီးသည် နိုဝင်ဘာ ၂၇ ရက် ညနေ ၄ နာရီခွဲတွင် မလေးရှားနိုင်ငံ ပီနန်ဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း၊ ယခု အပျော်စီးသင်္ဘောပေါ်တွင် ခရီးသည် ၁၃၀၀ ခန့် လိုက်ပါလာခြင်းသည် ရန်ကုန်ဆိပ်ကမ်းသမိုင်းတွင် ခရီးသည်အများဆုံး တင်ဆောင်လာသည့် သင်္ဘောဖြစ်ကြောင်း သိရသည်။

**ခင်ချိုဝင်း**

# မြန်မာအသင်း အိမ်ရှင်စင်ကာပူကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး ထိုင်းအသင်းဆီမီးတက်

**ဖိုးသော်ဇင်**

**စင်ကာပူ　နိုဝင်ဘာ　၂၆**

အာဆီယံ ဆူဇူကီးဖလား ဘောလုံးပြိုင်ပွဲအုပ်စု(ခ)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက စင်ကာပူနိုင်ငံ၌ ကျင်းပရာ မြန်မာအသင်းသည် စင်ကာပူအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

| | | |
|---|---|---|
| **စင်ကာပူ** | - | **လေးဂိုး** |
| **မြန်မာ** | - | **နှစ်ဂိုး** |

မြန်မာအသင်းသည် စင်ကာပူနှင့် ခြေစွမ်းပိုင်းအရ မကွာသော်လည်း ခံစစ်ပိုင်းအားနည်းမှုကြောင့် ဂိုးများပေးခဲ့ရပြီး ရှုံးသွားရခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် ကစားခဲ့သလိုမျိုး တိုက်စစ်ပိုင်းက ပွဲချိန်ပြည့်ကစားနိုင်လျှင် မြန်မာအသင်းအခြေအနေ ကောင်းနိုင်သော်လည်း ယခုရှုံးပွဲကြောင့် နောက်တစ်ဆင့်တက်ရန်အတွက် အခွင့်အရေးနည်းသွားပြီဖြစ်သည်။

မြန်မာအသင်းသည်မလေးရှားအသင်းနှင့် ပွဲထွက်ကစားခဲ့သည့် လူစာရင်းမှ ကြည်လင်းနေရာတွင် ကျော်ဇေယျာဝင်းကို အသုံးပြုသည်မှလွဲ၍ အပြောင်းအလဲမလုပ်ဘဲ ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲအစတစ်မိနစ်တွင် ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးရရှိခဲ့သော်လည်း နန္ဒလင်းကျော်ချစ် အသုံးမချနိုင်ခဲ့ပေ။

*စာမျက်နှာ ၅ ကော်လံ ၁* ✻



## ထူးခြားသည့် ညအပူချိန်များ　၂၆-၁၁-၂၀၁၄

| | |
|---|---|
| ဟားခါးမြို့ | ၀ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၄ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | ၄ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်မြို့ | ၄ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၅ ဒီဂရီစင်တီဂရိတ် |
| မိုးကုတ်မြို့ | ၇ ဒီဂရီစင်တီဂရိတ် |




နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။
Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

## Driver အလိုရှိသည်

- English စကားအနည်းငယ်ပြောတတ်ရမည်။
- လစာ ၂၀၀၀၀၀ + OT + Bonus

**ဆက်သွယ်ရန်** - တိုက်အမှတ် ၉/၄၊ အခန်း ၀၃၊ ရန်ငြိမ်းအိမ်ရာ၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်
**ဖုန်း** - ၀၉-၄၀၀၄၆၆၄၉၄၊ ၀၉-၅၀၅၈၂၈၉

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လုပ်ငန်းသုံးစက်ကိရိယာများ၊ ရုံးသုံးစက်ကိရိယာများ၊ Driving Licence Online Service ဆောင်ရွက်ရန် Hardware များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လုပ်ငန်းသုံးစက်ကိရိယာများ (၆)မျိုး
(ခ) ရုံးသုံးစက်ကိရိယာများ (၉)မျိုး
(ဂ) Driving Licence Online Service ဆောင်ရွက်ရန် Hardware များ (၄)မျိုး

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၈-၁၂-၂၀၁၄ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနများတွင် သတင်းစာကြော်ငြာထည့်သည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ်(၂၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၁၆၅**

## ဒလမြို့
## အထက(၁)၊ (၁၉၆၀-၁၉၇၅)ခုနှစ်
## မြတ်ဆရာပူဇော်ပွဲ

(၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၁) ယုဇနခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အောက်ဖော်ပြပါ အငြိမ်းစား ဆရာကြီး/ဆရာမကြီးများကို ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ဒေါ်အေးခင် | ဦးသိန်းသန်း | ဒေါ်ယဉ်ယဉ်မြင့် |
| (ကြည့်မြင်တိုင်) | (မ/ဒဂုံ) | (မရမ်းကုန်း) |
| ဦးညို | ဦးခင်မောင်ကြည် | ဒေါ်မြင့်လှိုင် |
| (ဒလ) | (စမ်းချောင်း) | (ကျောက်တံတား) |
| ဒေါ်အေးမြ(ဒလ) | ဦးဝင်းမောင်(ဒလ) | ဒေါ်ကြူကြူမြ(မင်္ဂလာတောင်ညွန့်) |
| ဒေါ်တင်မြိုင်(အလုံ) | ဦးလှမြင့်(ပန်းဘဲတန်း) | ဒေါ်ထားကြည်(သင်္ဃန်းကျွန်း) |
| ဒေါ်ခင်ဌေး(ဒလ) | ဦးတင်လှ(ဒလ) | ဒေါ်နှင်းနှင်းရီ(ပုသိမ်) |
| ဒေါ်အေးနု(ဗိုလ်တထောင်) | ဒေါ်သန်းနွဲ့(ရန်ကင်း) | ဦးသိန်းဆွေမြင့်(တာမွေ) |
| ဒေါ်ခင်ရီ(ဒလ) | ဒေါ်နှင်းဝိုင်း(တ/ဥက္ကလာ) | ဦးမြင့်လွင်(ပဲခူး) |
| ဒေါ်တင်ရီ(ဒလ) | ဒေါ်ဒေါရစ်(ကန်တော်လေး) | ဦးတင်အောင်(ဟသ်ာတ) |
| ဦးတင်ထွန်း(ဒဂုံဆိပ်ကမ်း) | ဒေါ်ခင်မေဝင်း(စမ်းချောင်း) | ဒေါ်တင်တင်(USA) |
| ဦးဌေးဝင်း(အောင်လံ) | ဒေါ်လှလှ(မင်းလှ) | |

ဖော်ပြပါအပူဇော်ခံဆရာကြီး/ဆရာမကြီးများ၏ အမည်စာရင်းမပါဝင်သော်လည်း အထက(၁) ဒလတွင် ၁၉၆၀-၁၉၇၅ ခုနှစ်အတွင်း သင်ကြားခဲ့သော ဆရာကြီး/ဆရာမကြီးများ ကျန်ရှိနေပါက အောက်ဖော်ပြပါ အကျိုးဆောင်များသို့ ဆက်သွယ်ပေးပါရန် ရိုသေစွာပန်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်-**
ဦးသန်းဆွေ ဖုန်း-၀၉-၅၀၃၉၃၄၄၊ ဦးစိုးလှ ဖုန်း-၀၉-၅၁၈၈၇၅၄၊
ဦးတင်မြင့် ဖုန်း-၀၉-၅၀၀၉၂၆၄၊
ဦးဝင်းသိန်း ဖုန်း-၀၉-၅၁၂၈၃၉၄၊ ဦးမျိုးလွင် ဖုန်း-၀၁-၂၆၉၀၀၂၊
ဦးတိုးတိုးမြင့် ဖုန်း-၀၉-၄၃၁၆၈၉၈၁
ဒေါ်သန်းသန်းစိုး ဖုန်း-၀၉-၄၂၀၁၁၄၃၆၉၊ ဒေါ်လှလှသန်း ဖုန်း-၀၉-၂၅၀၀၆၉၀၄၅၊
ဒေါ်မြင့်ဆွေ ဖုန်း-၀၉-၇၉၅၃၃၂၄၂၉၊ ဦးလှဘော် ဖုန်း-၀၉-၄၂၁၁၂၆၃၃၂၊
မမြင့်မြင့်အေး ဖုန်း-၀၉-၅၁၄၉၃၇၂၇

Professional Dirver အဖြစ် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ချင်သောသူများအား ဖိတ်ခေါ်ပါသည်။ လစာ ၁၅၀၀၀၀ မှ ၂၅၀၀၀၀ အထက်ရရှိမည်။ အခြေခံလိုအပ်ချက်များမှာ ကျား/မ အခြေခံပညာအရည်အချင်း (၁၀)တန်း။ ယာဉ်မောင်းကျွမ်းကျင်ရမည်။ လိုင်စင်ရှိရမည်။ နယ်ခရီးဝေးမောင်းနိုင်ရမည်။ စိတ်ပါဝင်စားသူများလျှောက်ထားနိုင်သည်။

**ဖုန်း-၀၉-၄၂၀၁၆၅၉၆၆၊ ၀၉-၄၂၁၀၆၁၀၂၁၊ ၀၉-၄၂၀၁၈၃၇၆၆**

## ငွေချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၃၉၄**

ဦးစောရွှေမောင် **နှင့်** ၁။ ဒေါ်မြင့်မြင့်ရီ
၂။ ဦးထွန်းရေး ၃။ ဦးကြည်ဝင်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ လေမှတ်စက်ဝင်း၊ တိုက်(၁)၊ အခန်း(၁၀)နေ (၁)တရားပြိုင် ဒေါ်မြင့်မြင့်ရီ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်ပေါ်တရားလိုက ကျူးကျော်နေထိုင်သူများအား ဖယ်ရှားပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ် တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်(၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၁၇ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ထို့ပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မာဆွေ)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ခရမ်းမြို့နယ်အသင်း(ရန်ကုန်)
## ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)သည် ပညာရည်ချွန်ဆုပေးပွဲကို ခရမ်းမြို့တွင် ပြုလုပ်မည်ဖြစ်သည်။ သို့ပါ၍ ခရမ်းဇာတိဖွားမိသားစုများထဲမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်းက တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသူကျောင်းသားများသည် ဂုဏ်ထူးရဘာသာ-ခုံအမှတ်နှင့် ကျောင်းကိုဖော်ပြ၍ ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ဖုန်း-၀၁-၅၄၉၃၃၉၊ ၀၉-၂၅၀၀၃၄၆၂ တို့သို့ ဒီဇင်ဘာ ၇ရက်နောက်ဆုံးထား၍ စာရင်းပေးပို့ကြပါရန် ပန်ကြားအပ်ပါသည်။

ပညာရည်ချွန်ဆုပေးပွဲသို့ တက်ရောက်ကြမည့် ကျောင်းသူ ကျောင်းသားများ မိဘများ၊ အသင်းသူ အသင်းသားများနှင့် အမှုဆောင်များအားလုံး ဒီဇင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၇:၀၀ နာရီတွင် အသင်းရုံးတည်ရှိရာ တိုက်အမှတ် (၀၀၁) အခန်းအမှတ် (၁၄/အေ)၊ ရန်ကြီးအောင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်သို့ လာရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ခရမ်းမြို့နယ်အသင်း(ရန်ကုန်)**

## မာန်အောင်မြို့နယ်လုံးဆိုင်ရာ ကျန်းမာရေးကူညီစောင့်ရှောက်မှု
## အခမဲ့တည်းခိုဆောင် နှစ်ပတ်လည်အခမ်းအနားမှဖိတ်ကြားခြင်း

မာန်အောင်မြို့နယ်လုံးဆိုင်ရာ ကျန်းမာရေးကူညီစောင့်ရှောက်မှု အခမဲ့တည်းခိုဆောင်၏ ၃ နှစ်မြောက်နှစ်ပတ်လည် အခမ်းအနားသို့ မာန်အောင်မြို့နယ်သူမြို့နယ်သားများနှင့် စိတ်ဝင်စားသူများအနေဖြင့် (ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ) တက်ရောက်အားပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အကျိုးဆောင်အဖွဲ့**

**အစီအစဉ်**

| | |
|---|---|
| နေ့ရက်။ | ။ ၁၃၇၆ ခု၊ နတ်တော်လဆန်း (၉) ရက် (၃၀-၁၁-၂၀၁၄ တနင်္ဂနွေနေ့) |
| အချိန်။ | ။ နံနက် ၈း၃၀ နာရီမှ နေ့လည် ၁၂း၀၀ နာရီ |
| နေရာ။ | ။ အောင်သပြေတောရ ပရိယတ္တိစာသင်တိုက်၊ ၁၃ ဂိတ်မှတ်တိုင်၊ ရွှေခင်းသာလမ်းမကြီး၊ သာကေတမြို့နယ်။ |
| မှတ်ချက်။ | ။ နံနက်စာထမင်းဖြင့်ဧည့်ခံပါမည်။ |

## သထုံမြို့နယ်အသင်း(ရန်ကုန်)
## ပညာသင်ထောက်ပံ့ကြေးလျှောက်လွှာခေါ်ယူခြင်း

သထုံမြို့နယ်အသင်း(ရန်ကုန်)၂၀၁၄-၂၀၁၅ပညာသင်နှစ် ထူးချွန်ထက်မြက်ပြီး ပညာသင်စရိတ် အခက်အခဲရှိသော သထုံအသင်းဝင်အသင်းသား/သူများ၏ သားသမီးများကို သက်ဆိုင်ရာတက္ကသိုလ်တက်ရောက် ပညာသင်ကြားနိုင်ရန်အတွက် ပညာသင်ထောက်ပံ့ကြေးများကို ထောက်ပံ့ပေးမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၁၃-၁၂-၂၀၁၄ရက် မှ ၁၅-၁၂-၂၀၁၄ ရက်ထိနံနက် ၁၀း၀၀နာရီမှ ၁၂း၀၀ နာရီအတွင်း မဟာဝိဇယစေတီဓမ္မရက္ခိတကုန်းတော်ရှိ သထုံမြို့နယ်အသင်း ဓမ္မာရုံတွင် လျှောက်လွှာများကို လာရောက်ထုတ်ယူနိုင်ပါသည်။

အသင်းမဝင်ရသေးပါက ၄င်းရက်အတွင်း အသင်းဝင်နိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| ၁။ ဦးတင်ထွန်း | ဖုန်း-၀၉-၅၁၆၆၇၅၈ |
| ၂။ ဗိုလ်ကြီးတင်ထွန်း(ငြိမ်း) | ဖုန်း-၀၉-၅၀၂၅၃၃၈ |
| ၃။ ဒေါ်ချိုချို | ဖုန်း-၀၁-၅၁၀၁၇၅ |
| ၄။ ဦးခင်မောင်အေး | ဖုန်း-၀၉-၇၃၁၅၀၈၄၃ |
| ၅။ ဦးမြင့်စိုး | ဖုန်း-၀၉-၅၀၄၀၁၅၉ |

## ငွေချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅ )**
**ပခုက္ကူခရိုင်နယ်တရားမရုံး၌**
**၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ်-၂၂**

ဦးမြင့်အောင် (ပါ-၂) **နှင့်** ဦးမြသိန်း (ပါ-၅)

**တရားလို** **တရားပြိုင်များ**

ပခုက္ကူမြို့၊ အမှတ်(၁၁)ရပ်ကွက်၊ ၉လမ်း၊ ရွှေလမ်းအနောက်ဘက်ကပ်လျက် ကိုဖိုးတိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ဦးမြအောင်နှင့် ဒေါ်မာမာအေးတို့က အခမဲ့ထားရှိသည့်မြေကွက်ပေါ်လူနေအိမ်ကိုဖျက်သိမ်းဖယ်ရှား၍ ထွက်ခွာသွားစေရန်နှင့်လိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၈ရက် (၁၃၇၆ ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်တင်ဦး)**
**ဒုတိယခရိုင်တရားသူကြီး**
**ပခုက္ကူခရိုင်တရားရုံး**

## တရားတော်နာကြွရောက်ကြပါရန်
## ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဇမ္ဗူသီရိဗိမာန်တော်ကြီး၌ အောက်ပါအတိုင်း တရားပွဲများကို ညစဉ် (၇း၃၀)နာရီတွင် ကျင်းပသွားမည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| **(၂၉-၁၁-၂၀၁၄)(စနေနေ့)** | - | (ဓမ္မဒူတ)ဒေါက်တာအရှင်ပညိဿရာဘိဝံသ သာသနဇောတမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိကဗဟုဇနဟိတဓရ B.A., M.A.(Ph.D) |
| **(၃၀-၁၁-၂၀၁၄)(တနင်္ဂနွေနေ့)** | - | အရှင်ဝိစ္ဆာနန္ဒ ဓမ္မာစရိယ မဟာဝိဟာရကျောင်းတိုက်၊ မှော်ဘီ။ |
| **(၁-၁၂-၂၀၁၄)(တနင်္လာနေ့)** | - | ဒေါက်တာအရှင်ပညောဘာသ ပန်းပျိုးလက်ဆရာတော် ဆယ်မိုင်ကုန်းကျောက်တန်းကျောင်းတိုက်။ |
| **(၂-၁၂-၂၀၁၄)(အင်္ဂါနေ့)** | - | အရှင်ပုညဝံသ သာသနဇောတမ္မာစရိယ၊ မဟာဂန္ထာရာမိက ဓမ္မာစရိယဂဏဝါစက စာချဝန်ဆောင် မဟာဂန္ဓာရုံကျောင်းတိုက်၊ တောင်မြို့၊ အမရပူရ။ |
| **(၃-၁၂-၂၀၁၄)(ဗုဒ္ဓဟူးနေ့)** | - | (ဓမ္မဒူတ)ဒေါက်တာအရှင်ပညိဿရာဘိဝံသ သာသနဇောတမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိကဗဟုဇနဟိတဓရ B.A., M.A.(Ph.D) |

## ငွေချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဖျာပုံခရိုင်တရားမရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၈**

ဒေါ်စွမ် **နှင့်** ၁။ ဦးတင်အောင်
(၄င်း၏အထွေထွေကိုယ်စားလှယ် ၂။ ဒေါ်နု
လွှဲစာရရှိသူ ဒေါ်မြမြအေး) ၃။ ဦးကြံအောင်
၄။ ဒေါ်သန်းမြင့်(ဦးအရှု၏ဇနီး)

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အုတ်ကျင်း(ခြသေ့်မင်းဆီစက်)၊ အမှတ် ၁၉နေ ဒေါ်နု (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ (၅)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၄၄ နေ ဒေါ်စွမ် (၄င်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မြမြအေး)က သင်တို့အပေါ်၌ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၈ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မေလေးညို**
**ခရိုင်တရားသူကြီး**
**ဖျာပုံခရိုင်တရားရုံး**

## မောင်းမကန် အိမ်၊ ခြံ၊ မြေ

ဒဂုံမြို့သစ်ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ရှိ မြေကွက်များ ဝယ်လိုသည်။

**ဖုန်း-၀၉-၅၀၉၂၈၁၅၊ ၀၉-၄၃၀၂၅၅၃၀**

## ငွေချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြင်ဦးလွင်ခရိုင်တရားရုံး ပြင်ဦးလွင်ခရိုင်တရားသူကြီးရုံး**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၃**

ဒေါ်စန်းစန်းဝေ **နှင့်** ၁။ ဒေါ်နီလာသန်း
၂။ ဦးဆန်နီ
၃။ ဒေါ်ခေါန်နူး
၄။ ဦးသန်းဝင်း
၅။ ဒေါ်ဝင်းဝင်း

**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၃)၊ ဘူတာ ဈေးကပ်လျက်၊ တိုက်ခန်းအနီး၊ ပန်နီလာမိတ္တူဆိုင်နေ ဒေါ်နီလာသန်း(ယခုနေရပ်လိပ်စာမသိ) နှင့် ပြင်ဦးလွင်မြို့၊ ဟော်ကုန်းရပ်၊ အောင်ဇေယျလမ်း၊ အမှတ်(၆၇)နေ ဦးဆန်နီ၊ ဒေါ်ခေါန်နူး(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

တရားလို ဒေါ်စန်းစန်းဝေက ၄င်းပိုင်ဆိုင်သည့် တိုက်ခန်းအတွင်းကျူးကျော်ဝင်ရောက်နေထိုင်သူများအားဖယ်ရှား၍ တိုက်ခန်းလက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအတွင်း အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်အတူ သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေစိုး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

